အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

[Book.141(2268-2282) ကောင်းကင်ကမ္ဘာ

.May Be:

၂၂၆၈

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၆၈ - အမွေအနှစ်ကို

ဆက်ခံလို့မရဘူး

“ငါအရင် လူသတ်လိုက်ဦးမယ်”

ယန်ယဲ့သတ်ချင်နေသူက

အခြားမဟုတ်ပေ။

ပိုင်လိရှန်ကို သတ်ချင်နေတာပါ။

အမှန်တော့ နှင်းပွင့်က

ခန်းမ၏လျှို့ဝှက်ချက်များကို

ထုတ်ဖော်ပြသခဲ့သည့်အပြင် လူတိုင်းအား စစ်မှန်သော ပညာရှင်အဆင့်အကြွင်းအကျန်နယ်မြေကို ဝင်ရောက်ခွင့်ပေးခဲ့၏။

သို့ရာတွင်သူက ထိုအရာအားလုံးကို စိတ်မဝင်စားခဲ့ပေ။ သို့သော်လည်း ဤအချိန်တွင် ပိုင်လိရှန်တို့အဖွဲ့က နှင်းပွင့်အား ရတနာရှာရာတွင် အသုံးချရန် စိတ်ကူးနေခဲ့သည်။

ထိုအခြေအနေက ယန်ယဲ့ကို လုံးဝကို ဒေါသထွက်သွားစေခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ထိုလူများက အရာအားလုံးကို အပိုင်သိမ်းထားချင်သောကြောင့်ပါ။

ဤအချိန်တွင် ယန်ယဲ့တိုက်ခိုက်လာသည်ကို

မြင်သောအခါ ပိုင်လိုရှန်၏အမူအရာက ပြောင်းလဲသွားသည်။

ထိုလူက အမည်မသိကျင့်ကြံသူ ပြောလိုက်သည့်နောက်တွင်ပင်။ ဆက်ပြီးတိုက်ခိုက်နေလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ သို့ရာတွင် ယန်ယဲ့က သူ့ရှေ့တွင် ပေါ်လာသောကြောင့် နောက်ထပ် တွေးနေဖို့ အချိန်မရှိတော့ပေ။

ပိုင်လိုရှန်က သူ၏လက်ဖဝါးနှစ်ခုကို

ပူးကပ်ကာ ရှေ့သို့

တွန်းထုတ်လိုက်သည်။ သို့သော်

လျှို့ဝှက်ဆန်းကြယ်သော စွမ်းအင်

စက်ကွင်းတစ်ခု ရုတ်တရက်

ပေါ်လာသဖြင့် သူ၏မျက်လုံးများက

သိသိသာသာကျဉ်းမြောင်းသွားလေတော့

သည်။

“မင်း...ဒါ ဒါ ဒါက နယ်မြေတစ်ခုပဲ၊
နယ်မြေစက်ကွင်းတစ်ခုပဲ”

ဤအချိန်မှာပဲ ဓားတစ်ချောင်းက
သူ၏ခေါင်းတည့်တည့်သို့
ပိုင်းချလာတော့သည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်ဓား။

ဓားပိုင်းချက်က လုံးဝကို မြန်ဆန်ကာ ပိုင်လိရှန်၏ ခေါင်းတည့်တည့်ကျရောက်လာသည်။

“ဆူး…”

ပိုင်လိရှန်က နောက်အတော် ဝေးဝေးအထိ လွင့်ထွက်သွားခဲ့သည်။ ထိုအပြင် သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့် လက်နှစ်ဖက်စလုံး ကွဲအက်သွားခဲ့သည်။

ထိုခဏလေးမှာပဲ သူ၏လက်နှစ်ဖက်က မြေပြင်ပေါ်သို့ ပြုတ်ကျသွားတော့သည်။

ပိုင်လိုရှန်က လက်နှစ်ဖက်စလုံး ပြတ်တောက်သွားခဲ့ခြင်းဖြစ်သည်။

သို့သော်ယန်ယဲ့က မရပ်တန့်ဘဲ
နောက်တစ်ကြိမ် တိုက်ခိုက်ရန်
ပြင်လိုက်သည်။

သို့သော် ပိုင်လီရှန်၏ကိုယ်ပေါ်ရှိ
ရွှေရောင်အလင်းတန်းက ရုတ်တရက်
လွင့်မျောလာပြီး ယန်ယဲ့ဆီသို့
ပျံသန်းလာခဲ့သည်။
ဤမြင်ကွင်းအားမြင်သောအခါ

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

သူ၏ဓားကို

အဆက်မပြတ်ဝှေ့ယမ်းလိုက်ရာ

ဓားစွမ်းအင် မြောက်မြားစွာ

ဖြာထွက်လာခဲ့သည်။

“ဘုန်း…ဘုန်း…ဘုန်း…”

ထိုခဏလေးမှာပဲ ပေါက်ကွဲသံများ
အဆက်မပြတ် ထွက်ပေါ်လာပြီးသူတို့
ရပ်နေသည့် နေရာက ပြင်းထန်စွာ
တုန်လှုပ်သွားခဲ့သည်။

ဤအတောအတွင်း ယန်ယဲ့၏
အဆက်မပြတ်နောက်ပြန်ဆုတ်နေခဲ့သည်
။ ထိုပြင် သူ၏ ဓားစွမ်းအင်များက
တဖြည်းဖြည်းပျံ့ကြဲနေခဲ့သည်။
ထိုကဲ့သို့ပင် ယန်ယဲ့သည်

သူ၏ဓါးစွမ်းအင်နှင့် ရွှေရောင်
အလင်းတန်းများ ပျောက်ကွယ်မသွားခင်
အချိန်အထိ ၃ ကီလိုမီတာအကွာသို့ပင်
ဆက်တိုက် ပြန်ဆုတ်သွားလိုက်ရသည်။

ထိုနောက်တွင် ပိုင်လီရှန်နှင့် အဖွဲ့က
ပျောက်ကွယ်သွားခဲ့ပါပြီး။
ထိုရွှေရောင်အလင်းတန်းက ပိုင်လီရှန်၏
နောက်ဆုံးဝှက်ဖဲဖြစ်ပုံရသည်။ သူက

ယန်ယဲ့ကို မသတ်နိုင်မှန်းသိသောအခါ
ပြတ်ပြတ်သားသားဆုတ်ခွာသွားခဲ့ပုံပင်။

ပိုင်လိရှန် ထွက်ပြေးသွားသည်ကို
မြင်သောအခါ ယန်ယဲ့က အနည်းငယ်
မျက်မှောင်ကြုတ်သွားသည်။
သို့သော်လည်း သူက
အချိန်မဖြုန်းလိုသောကြောင့်
လိုက်ပြီးမရှာတော့ပေ။

ယန်ယဲ့က သူ၏ဓါးကို

ပြန်ရုတ်သိမ်းလိုက်ပြီး နန်စီယင်ကို

လှမ်းကြည့်ကာ “သွားရအောင်”

ဟုပြောလိုက်သည်။

“နင်ဘယ်လောက်တောင်

သန်မာနေတာလဲ…” နန်စီယင်က

ရုတ်တရက် မေးလိုက်သည်။

ယန်ယဲ့က ခွန်အားအကုန်ထုတ်သုံးပြီးဟု

သူမထင်လိုက်တိုင်း အံ့သြစရာများသာ

ထုတ်ပြနေသောကြောင့်ပင်။

ယန်ယဲ့က နန်စီယင်ကို တစ်ချက်

စိုက်ကြည့်ကာ "မင်းကော

ဘယ်လိုထင်လဲ..."

ဟုပြန်မေးလိုက်သည်။

"ငါလား..." နန်စီယင်က အံ့အားသင့်သွားပြီး "နင်ဘာကို ဆိုလိုတာလဲ"

ယန်ယဲ့က ပြုံးပြီး စကားတစ်ခွန်းမှ ထပ်မပြောတော့ပေ။

ခဏအကြာတွင်နှစ်ယောက်စလုံး တောင်ထိပ်ပေါ်ရှိ ဂူတစ်ခုတည်းသို့ ဝင်သွားကြသည်။

လိုဏ်ဂူ၏ အနီးတဝိုက်မှ
အလင်းဖျော့ဖျော့ ဖြာထွက်လာသည်။

အချိန်တော်တော်ကြာပြီးနောက်တွင်
ယန်ယဲ့နှင့် နန်စီယင်တို့ နှစ်ယောက်စလုံး
ရပ်တန့်သွားကြသည်။ ထိုနေရာတွင်
အဖြူရောင် ဝတ်ရုံဝတ်အဘိုးကြီးတစ်ဦး
တင်ပျဉ်ခွေထိုင်နေခဲ့လိုပါ။

ဤအချိန်တွင် အဘိုးအိုက ရုတ်တရက်
မျက်လုံးဖွင့်ကာ ယန်ယဲ့နှင့်
နန်စီယင်တို့ကို စိုက်ကြည့်နေသည်။
အဆုံးတွင် သူ၏အကြည့်များက
ယန်ယဲ့ပေါ်သို့ ကျဆင်းသွားသည်။

ထိုနောက်သူက
"သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၊ ဓားစိတ်ဆန္ဒ၊
ဓားနယ်မြေနဲ့ ကံကြွေးစွမ်းအင်တွေ

အများကြီးချည်နှောင်ထားတယ်"ဟု
ပြောခဲ့သည်။

ယန်ယဲ့က အဖြူရောင်ဝတ်ရုံအဘိုးအိုကို
တစ်ချက် စိုက်ကြည့်လိုက်သည်။
သေချာသည်မှာ ထိုအဖိုးကြီးက
ဤနေရာ၏ပိုင်ရှင် တစ်နည်းအားဖြင့်
ပညာရှင်တစ်ပါးပင်။

အဘယ်ကြောင့်ဆိုသော် သူ့ကို

ထွင်းဖောက်မြင်နိုင်သူ မရှိသလောက်

နည်းပါးလို့ပါ။

ခဏအကြာတွင် အဘိုးအိုက

ခေါင်းခါယမ်းလိုက်ပြီး

“မင်းရဲ့အဖြူရောင် အကောင်လေးကို

တွေ့ခွင့်ရမလား…”

“သူက နှင်းပွင့်ကို
ပြောနေတာထင်တယ်”ယန်ယဲ့က ခဏမျှ
တုံ့ဆိုင်းသွားပြီးနောက် နှင်းပွင့်ကို
အပြင်ကိုခေါ်ထုတ်လိုက်သည်။

နှင်းပွင့်က မူလစေတီထဲမှ ထွက်လာပြီး
ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်နေကာ
ခဏအကြာတွင် အဘိုးအိုဆီသို့
အကြည့်ရောက်သွားသည်။
ထိုနောက်သူမက

အပြုံရောင်ဝတ်ရုံဝတ်အဘိုးအို၏
ပခုံးပေါ်သို့ ပြန်တက်သွားပြီး
အသာအယာ ပုတ်လိုက်လေသည်။

“အမ် နှင်းပွင့်ကအတော်လေး
သဘောကောင်းနေတာလား...”ယန်ယဲ့က
အနည်းငယ် အံ့သြသွားသည်။

နှင်းပွင့်က
အပြုံရောင်ဝတ်ရုံဝတ်အဘိုးအိုနှင့်

ရင်းနှီးဖော်ရွေစွာ ပြောဆိုနေသည်

မဟုတ်ပါလား…။ ဤအချိန်တွင်

အဖြူရောင်ဝတ်ရုံဝတ်အဘိုးအိုကပြုံးပြီး

“ဒဏ္ဍာရီလာဝိညဉ်အင်ပါယာ။

မင်းဒီအထဲကို ဝင်လာနိုင်တာ

အံ့သြစရာမရှိပါဘူး။

ဒါကသူမကြောင့်ပဲ”

ယန်ယဲ့က “အကြီးအကဲ ဒါဆိုရင် မင်းက

ဘယ်သူကိုမှ ဝင်ခွင့်မပေးဘူးလား…”

အဘိုးအိုက ခေါင်းခါပြီးရင်း
ခေါင်းခါလိုက်လေသည်။

"ဟုတ်တယ်။ ဒါပေမဲ့ သန်မာတဲ့
ရိုးသားတဲ့သူနဲ့ တွေ့ချင်ခဲ့တာ"

နန်စီယင်က မရယ်မောဘဲမနေနိုင်
သူမ၏မျက်လုံးများ ရယ်မောလိုသော

အမှုအရာများဖြင့် ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်သည်။

ကြင်နာသနားတက်သူ၊ ယန်ယဲ့က
ဒီလိုလူလား။

ဤအတောအတွင်း နှင်းပွင့်က ယန်ယဲ့ကို
လက်ညှိုးထိုးပြသည်။

လက်သည်းလေးများကို

ဝှေ့ယမ်းလိုက်တယ်။

သူမပြောနေသည်က ယန်ယဲ့က

လူကောင်းတစ်ယောက်ဟု

ပြောနေတာပါ။

အဖြူရောင်ဝတ်ရုံဝတ်အဘိုးအိုက

ပြုံးပြီး "မင်းဘာလို့သူနဲ့အတူ

ရှိနေတာလဲ..."

နှင်းပွင့်က မျက်တောင်ခတ်လိုက်သည်။

ထိုနောက် ယန်ယဲ့၏ ပခုံးပေါ်ကို ပြန်တက်သွားသည်။ အဘိုးအိုကို လှည့်ကြည့်ကာ လက်သည်းလေးများကို ဝှေ့ယမ်းလိုက်ပါတော့သည်။

သူမအတွက်ကောင်းတယ်။

နှင်းပွင့်အတွက် ယန်ယဲ့က

လူကောင်းတစ်ယောက်ပါ။ ယန်ယဲ့က

နှင်းပွင့်ကို မော့ကြည့်ကာ

ပြုံးပြလိုက်သည်။

အဖြူရောင်ဝတ်ရုံဝတ်အဘိုးအိုက

ပြုံးလိုက်သည်

“မင်းမှန်ပါတယ်

အကောင်းနဲ့အဆိုးဆိုတာ

လူတိုင်းနဲ့မတူပါဘူး။ ဒီကို ခဏလာပါဦး"

နှင်းပွင့်က မျက်တောင်ခတ်နေသည်။

သူမသွားချင်နေသော်လည်း ယန်ယဲ့ကို

အရင်ဆုံးစိုက်ကြည့်နေသည်။ ယန်ယဲ့က

ချက်ချင်းခေါင်းညိတ်ပြလိုက်၏။

ယန်ယဲ့ ခွင့်ပြုသည်ကို မြင်လိုက်သည်နှင့်

တစ်ပြိုင်နက် နှင်းပွင့်က

တုံ့ဆိုင်းမနေတော့ဘဲ

အဖြူရောင်ဝတ်ရုံဝတ်အဘိုးအိုထံ

အမြန်ပြေးသွားကာ စူးစိုက်

ကြည့်နေလေသည်။

ဤအတောအတွင်း

အဖြူရောင်ဝတ်ရုံဝတ်အဘိုးအိုက

သူ၏လက်ကို ရုတ်တရက်

ဆန့်ထုတ်လိုက်ပြီး

နှင်းပွင့်၏ခေါင်းလေးပေါ်

တင်လိုက်သည်။ ခဏအကြာတွင်

သူ၏လက်ဝါးမှ

အဖြူရောင်စွမ်းအင်စီးကြောင်းတစ်ခုထွက်လာပြီး နှင်းပွင့်လေး၏ခေါင်းထဲသို့ဝင်ရောက်လာသည်။

ယန်ယဲ့က “အဲ့ဒါက ဘာလဲ” ဟုရုတ်တရက် မေးလိုက်သည်။

နန်စီယင်က “ပညာရှင်အော်ရာ”

ယန်ယဲ့က နန်စီယင်ကို စိုက်ကြည့်နေ၏။

နန်စီယင်က မျက်လုံးထဲ၌ အနည်းငယ် အထင်အမြင်သေးလိုသော အမူအရာတစ်ခုနှင့် “ဒါက ဘာလုပ်လို့ရလဲ သိလား…”

ယန်ယဲ့က ခေါင်းယမ်းပြသည်။

နန်စီယင်က “ဒါက အသုံးဝင်တယ်။
ဥပမာအနေနဲ့ သက်တမ်းတိုးနိုင်တယ်။
ပညာရှင်အော်ရာရဲ့
အစိတ်အပိုင်းတစ်ခုကတောင်
သာမန်ကျင့်ကြံသူတစ်ယောက်ကို
ဘဝသက်တမ်းနှစ်တစ်ရာအထိ
မြှင့်တင်ပေးနိုင်တယ်။ ဒါ့အပြင်
လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို
သန့်စင်ပြီးတော့ အရိုးအဆစ်တွေကိုပါ

ပြောင်းလဲပစ်နိုင်တယ်။

နောက်ဆုံးတစ်ခုကတော့

ပညာရှင်အော်ရာကို ပိုင်ဆိုင်ထားတဲ့လူက

ဘယ်လိုမကောင်းဆိုးဝါးတွေကိုမဆို

ခုခံနိုင်တယ်၊ ဖိနှိပ်နိုင်တယ်၊ ဒါကြောင့်

ရှာမန်မျိုးနွယ်ရဲ့ ရှာမန်နည်းစနစ်တွေနဲ့

တစ်ခြားမကောင်းဆိုးရွားနည်းစနစ်တွေ

က ဤအကောင်ငယ်လေးကို ဘယ်လိုမှ

ထိခိုက်စေမှာ မဟုတ်တော့ဘူး။

အဲ့ဒီနည်းစနစ်ကို ပညာရှင်နဲ့ ယှဉ်နိုင်တဲ့
ကျင်ကြံသူတစ်ယောက်ကသုံးတာ
မဟုတ်ဘူးဆိုရင် သူမကို ဘယ်လိုမှ
ထိခိုက်အောင် မလုပ်နိုင်တော့ဘူး”

နန်စီယင်က စကားခဏရပ်ကာ
အသက်ပြင်းပြင်းရှူပြီး
“အရေးအကြီးဆုံးအချက်ကတော့
ပညာရှင်အဆင့် တိုက်ခိုက်မှုကို
ထုတ်ဖော်နိုင်တာပဲ”

ယန်ယဲ့က သူမကို စိုက်ကြည့်ပြီး “ပညာရှိ အကာအကွယ်လား...”

နန်စီယင်က ခေါင်းညိတ်လိုက်သည်

“ပညာရှင်အော်ရာ ပိုင်ဆိုင်ထားတဲ့လူက ပညာရှင်ရဲ့ အကာအကွယ်စွမ်းရည်ကို ရရှိထားတယ်။ ရိုးရိုးရှင်းရှင်းပြောရရင် သူမက ပညာရှင်ရဲ့ တိုက်ခိုက်မှုကို ခုခံနိုင်တယ်။ ဒါ့အပြင် ပညာရှင်ရဲ့

တိုက်ခိုက်မှုကို ထုတ်သုံးနိုင်တယ်။

ဒီတိုက်ခိုက်မှုက ဘယ်လောက်အထိ

ကြောက်စရာကောင်းလဲသိလား...။

ငါဒီလိုပဲ ရှင်းပြပါရစေ။

နင့်ရဲ့အကောင်ငယ်လေးက

ဉာဏ်အလင်းသခင် အထွတ်အထိပ်

အဆင့်ကို ချက်ချင်း သတ်ပစ်နိုင်တယ်။

ဉာဏ်အလင်းသခင်

အထွတ်အထိပ်ကျင့်ကြံသူတွေကတော့

အသက်ရှင်နေရင်တောင်မှ

ကျိုးပဲ့ကန်းသွားလိမ့်မယ်”

ယန်ယဲ့က အံ့အားသင့်သွားပြီး စကားပင်

ပြန်မပြောနိုင်တော့ပေ။

“အို့ ဒါအရမ်းကောင်းတယ်”

ဤအချိန်တွင် မူလစေတီအထဲမှ

ဟိုချင်၏အသံ

ရုတ်တရက်ထွက်ပေါ်လာသည်။

အမှန်တော့ဟိုချင်က

တမင်ဟန်ဆောင်ပြောလိုက်ခြင်းပင်ဖြစ်

သည်။ နှင်းပွင့်တွင် ထိုကဲ့သို့ စွမ်းရည်များ

ရှိလာသည်နှင့်အမျှ သူမကို ရင်ဆိုင်ဖို့

မလွယ်ကူတော့ပေ။

ပို၍ပင်ခက်ခဲလာပေမည်။ သို့မဟုတ်

နှင်းပွင့်ကို ဒေါသထွက်အောင်

မလုပ်နိုင်တော့ဟု ပြောရပေတော့မည်။

ချုန်းချီကလည်း ခေါင်းခါလိုက်သည်။
ဤအခိုက်အတန့်တွင် နှင်းပွင့်က
ထိုကဲ့သို့ အကာအကွယ်စွမ်းရည်
ပိုင်ဆိုင်ထားသဖြင့်
သူတို့နှစ်ယောက်စလုံး
ငြိမ်ကုပ်နေရပေတော့မည်။

ဤအတောအတွင်း ယန်ယဲ့က
အတော်လေးကို စိတ်လှုပ်ရှားနေခဲ့သည်။
သူ့ကိုယ်သူနှင့် ယှဉ်ပါက နှင်းပွင့်လေး

တစ်ခုခုရသွားသောကြောင့် ပိုပြီး
ပျော်ရွှင်နေခဲ့ခြင်းပင်ဖြစ်သည်။

နန်စီယင်က မျက်လုံးထဲ၌
ရှုပ်ထွေးသောအမူအရာဖြင့် နှင်းပွင့်ကို
စိုက်ကြည့်ကာ "ဒီအကောင်ငယ်လေးက
ကံကောင်းလိုက်တာ"

ဤအချိန်တွင် အဘိုးအိုက သူ့လက်ကို
ပြန်ရုတ်လိုက်သည်။ နှင်းပွင့်က

မျက်တောင်

မှိတ်တုတ်မှိတ်တုတ်လုပ်နေသည်။

သူမလေးက

ဘာဖြစ်သွားမှန်းမသိသော်လည်း

အဘိုးအိုကို ပြုံးပြနေလေသည်။

အဖြူရောင်ဝတ်ရုံဝတ်အဘိုးအိုက

ယန်ယဲ့ကို စိုက်ကြည့်ရင်း "သူမ

မင်းနဲ့အတူနေလာတာက မင်းရဲ့

နှလုံးသားထဲမှာ ကြင်နာမှု

ရှိနေသေးတယ်ဆိုတာ
သက်သေပြနေတယ်။ ဒါက
တစ်ကိုယ်ကောင်းဆန်တဲ့
ကြင်နာမှုမျိုးပါ။ ဒါပေမဲ့ မင်းငါ့ရဲ့
အမွေအနှစ်ကို မရနိုင်ဘူး”

ယန်ယဲ့က အံ့သြသွားပြီး “ဘာလို့လဲ
အကြီးအကဲ” ဟုမေးလိုက်သည်။

အဖြူရောင်ဝတ်ရုံဝတ်အဘိုးအိုက

“မင်းက

အခြားသူတစ်ယောက်ရဲ့တာအိုလမ်းကို

အမွေဆက်ခံခဲ့လို့”

ယန်ယဲ့၏အမူအရာက

အနည်းငယ်ပြောင်းသွားသည်။

အဖြူရောင်ဝတ်ရုံဝတ်အဘိုးအိုက သူ၏

တာအိုလမ်းကြောင်းကိုပင်မြင်နေသည်

ဟု မမျှော်လင့်ထားခဲ့ပေ။

ဤအချိန်တွင်

အဖြူရောင်ဝတ်ရုံဝတ်အဘိုးအိုက

ပြုံးပြီးဆက်ပြောလိုက်သည်

“မင်းငါ့ရဲ့တာအိုလမ်းကို

အမွေမဆက်ခံနိုင်ရင်တောင်မှ

ကံကြမ္မာက ငါတို့ကို

ဆုံခွင့်ပေးနေတုန်းပဲ” ဟုပြောခဲ့သည်။

ထိုနောက် သူ၏လက်ကို ရုတ်တရက်

ဆန့်ကာ

အနည်းငယ်လှုပ်ယမ်းလိုက်သည်။

ခဏအကြာတွင် ရှေးဟောင်းမြို့ကို

ထောက်ခံပေးထားသော ဓားက

ပြင်းထန်စွာတုန်ခါသွားသည်။ ထိုနောက်

ကောင်းကင်အထက်သို့ ပျံတက်သွားကာ

အာကာသအထဲသို့ ထိုးဖောက် ဝင်ရောက်

သွားခဲ့သည်။

သို့သော် ထူးဆန်းစွာပင်

အဖြူရောင်ဝတ်ရုံဝတ်အဘိုးအို၏

လက်ထဲ၌ ရုတ်တရက် ပေါ်လာခဲ့သည်။

ထိုပြင် ဓားက ပုံမှန်အရွယ်အစားသို့

ပြန်ရောက်နေခဲ့သည်။

ဤအတောအတွင်း ယန်ယဲ့က

ရှေးဟောင်းမြို့ကို
လှည့်ကြည့်လိုက်သည်။

ဤအချိန်တွင် မြို့ကမြေပေါ်သို့
ပြုတ်ကျသွားသည်။ သို့သော်လည်း
ပျက်စီးသွားခြင်းမရှိခဲ့ပေ။
အဖြူရောင်ဝတ်ရုံဝတ်အဘိုးအိုက
ရှုပ်ထွေးပွေလီသောစိတ်ခံစားမှုများပြည့်
နှက်နေသည့် မျက်လုံးများဖြင့် ဓားကို
တစ်ချက်ကြည့်လိုက်သည်။

“ဒီဓားကို

ငါ့မိတ်ဆွေဟောင်းတစ်ယောက်က

ဖန်တီးထားတာ အဲ့ဒါကို

ဝိညဉ်ဖျက်ဆီးခြင်းဓားလို့ခေါ်တယ်”

ယန်ယဲ့က အံ့သြသွားသည်။

“ဘယ်လို ဝိညဉ်ဖျက်ဆီးခြင်းဓားလား…”

အဘိုးအိုက ပြုံးပြီး “မင်းရဲ့

ခွန်အားအဆင့်မှာ

ကိုင်ဆောင်သင့်တဲ့ရတနာတွေက

အင်ပါယာအဆင့်၊ သူတော်စင်အဆင့်၊

ဒါမှမဟုတ် မူလအဆင့်မှာရှိတယ်။

ဒီဓားက အဲ့ဒီအဆင့်မှာ မရှိဘူး။

အရာရာတိုင်းရဲ့ စိတ်ဝိညာဉ်အသိကို

ချိုးဖျက်ဖို့အတွက် ဖန်တီးထားတာ

ပညာရှင်တစ်ပါးက

ကာကွယ်မပေးသရွေ့တော့ မူလအဆင့်
ဒါမှမဟုတ် မူလအောက်အဆင့်
ရတနာတွေဖြစ်ဖြစ်၊
ဘယ်လိုရတနာမျိုးပဲဖြစ်ဖြစ် ဒီဓားနဲ့
ထိတွေ့ရင် အကုန်လုံး
ပျက်စီးသွားလိမ့်မယ်”

“အရမ်းကောင်းတယ်” ယန်ယဲ့၏
မျက်လုံးများက
အရောင်တောက်ပလာသည်။

နှင်းပွင့်လေး၏မျက်လုံးလေးများလည်း
တဖျပ်ဖျပ်လပ်နေခဲ့သည်။

သူမက ဓားကိုစားပြီး
လေ့ကျင့်ကတည်းက မည်သို့သော
ဓားပင်ဖြစ်စေ။ သဘောကျ
နှစ်သက်ခဲ့သည်။

ယန်ယွဲ့က ရုတ်တရက် မေးလိုက်သည်။

“ဘယ်လိုချိုးဖျက်တာလဲ…”

အဖြူရောင်ဝတ်ရုံဝတ်အဘိုးအိုက ပြုံးပြီး “အရာရာတိုင်းမှာ အသိစိတ်ဆိုတာ ရှိတယ်။ ဒါကြောင့် ဝိညာဉ်ဖျက်ဆီးခြင်းဓားက ဟန်ချက်ညီရာ တစ်နည်းပြောရရင် မျှခြေကို ဖျက်ဆီးပစ်တာပဲ။ ဒါကြောင့် ငါက ဓားအဖျားကို ချိုးလိုက်တာ။ ဒါပေမဲ့

ဓားအဖျားပိုင်း ချိုးလိုက်တာတောင်

ဒီလောက်ကြောက်စရာကောင်းမယ်မထ

င်ထားဘူး။ ဒါတောင်မှ ဧကရာဇ်အဆင့်နဲ့

မူလအဆင့်အောက် ရတနာတွေကို

ဖျက်ဆီးနိုင်သေးတယ်။ တကယ်လို့

သာမန်ပညာရှင်တစ်ပါးက

မြှင့်တင်ထားရင်တောင်မှ အဲ့ဒီရတနာတွေ

လက်နက်တွေကို ဖျက်ဆီးပစ်နိုင်တုန်းပဲ”

“သနားစရာပဲ”

ယန်ယဲ့က ဓားတစ်ပိုင်းသာ

ရလိုက်သောကြောင့် သူ့ကိုယ်သူ

အတော်လေး သနားစရာကောင်းသည်ဟု

ခံစားမိလိုက်သည်။

သို့သော်သူ့အတွက်တော့

ပြဿနာမရှိပေ။ အကြောင်းကတော့

သူက နတ်ရေမီးတောက်(20:53)ကို

အသုံးပြုကာ မူလအားအဖြစ်
ပြန်ပြီးဖန်တီးရန် ဆုံးဖြတ်ထားလို့ပါ။

ဤအချိန်တွင်
အဖြူရောင်ဝတ်ရုံဝတ်အဘိုးအိုက
ရုတ်တရက် ပြောလိုက်သည်။

“ညီငယ် ငါ့မှာတောင်းဆိုစရာရှိတယ်”

ယန်ယဲ့က အဘိုးအိုကို စိုက်ကြည့်ပြီး

"ကျေးဇူးပြုပြီး ဆက်ပြောပါ

အကြီးအကဲ"

အဘိုးအိုက ပြုံးလိုက်ပြီး

နန်စီယင်ကိုစိုက်ကြည့်ရင်း

"ကျေးဇူးပြုပြီး ဒီနေရာကနေ

ထွက်သွားပေးပါ။ သူမကိုတော့

ခဏထားခဲ့။ ငါ့အမွေဆက်ခံပြီးကာမှ

ပြန်လွှတ်ပေးလိုက်မယ်"

ယန်ယဲ့က အံ့အားသင့်သွားသည်။

နန်စီယင်လည်း အလားတူပင်။

အဖြူရောင်ဝတ်ရုံဝတ်အဘိုးအိုက
“ဒီနယ်မြေကို ဖွင့်လိုက်ပြီးကတည်းက
ကောင်းကင်က ငါ့ကို
ဒီလောကသုံးပါးကနေ
ပျောက်ကွယ်သွားဖို့ အချိန်တန်ပြီ

လို့ပြောနေတာပဲ။ ငါဒီလောကကနေ

ပျောက်ကွယ်သွားတာနဲ့

ငါ့အမွေအနှစ်တွေက

ပျက်စီးသွားတော့မှာပဲ။ ငါဒီလိုမျိုး

မဖြစ်စေချင်ဘူး”

ထိုနောက်သူက နန်စီယင်ကို ကြည့်ပြီး

“သမီးငယ်လေး မင်းက

ငါ့အမွေအနှစ်ကိုယူရင် ကောင်းကင်ဘုံကို

ဆန့်ကျင်လို့မရဘူး။ အမှားအမှန်နဲ့

ကွဲလွဲနေရင်တောင် မင်းက

သတ်ဖြတ်လို့မရဘူး။ ဒါဟာ

လူသားမျိုးနွယ်ကို ထိခိုက်စေနိုင်တယ်။

မင်းငါ့အမွေအနှစ်ကို ဆက်ခံဖို့

ဆန္ဒရှိသလား…”

နန်စီယင်က အသက်ပြင်းပြင်းရှူပြီး

တုန်တုန်ယင်ယင်နှင့်

“ငါဆက်ခံချင်ပါတယ်”

ဟုပြန်ပြောခဲ့သည်။

အဘိုးအိုကပြုံးပြီး ယန်ယဲ့ကို
စိုက်ကြည့်ရင်း “ငါဒီမှာ
ရှိနေတဲ့အချိန်အတောအတွင်း လူတိုင်းက
ခပ်ဝေးဝေးမှာနေကြမှာ ဒါပေမဲ့
ငါထွက်သွားပြီးဆိုတာနဲ့ သူမဆီကနေ
ငါ့အမွေအနှစ်ကို လုယူဖို့
လူတိုင်းရောက်လာလိမ့်မယ်။ ညီငယ်
မင်းက သူမကို လုံခြုံတဲ့နေရာ တစ်ခုခုဆီ
ခေါ်သွားပေးပါလား…”

ယန်ယဲ့က သူ့ရှေ့မှ ဓားကို

တစ်ချက်ကြည့်လိုက်သည်။

အဘိုးအိုထံမှဓားကို သူက

လက်ခံယူထားသောကြောင့်

အဘိုးအို၏တောင်းဆိုချက်အား

ငြင်းဆန်ခြင်းမရှိသည်မှာ

သဘာဝပင်ဖြစ်သည်။

ကျေးဇူးကို ကျေးဇူးနှင့် တုံ့ပြန်ရမည်
မဟုတ်ပါလား။

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
“ကောင်းပြီ ငါသူမကို လုံခြုံတဲ့
နေရာတစ်ခုဆီ ခေါ်သွားလိုက်မယ်”

translated by NyiNyiSoe

May Be:

၂၂၆၉

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၆၉ - သူမကို

ငါကာကွယ်ထားတယ်

အဘိုးအိုက နန်စီရင်ကို စိုက်ကြည့်ရင်း

"ဘာလို့ပေးလိုက်တာလဲ

မသိချင်ဘူးဘား"

သူမက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်။ ငါတော်တော်လေး

သိချင်နေတာပါ"

အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုက ပြုံးပြီး

"တကယ်တော့ မင်းတို့နှစ်ယောက်စလုံး

ငါ့အတွက် စံသတ်မှတ်ချက် သိပ်မရှိဘူး။

ဒါပေမဲ့ နှစ်ယောက်စလုံးက ဒီကို

ရောက်လာနိုင်မှတော့ ဒါဟာ

ကောင်းကင်ဘုံက ရွေးချယ်ခဲ့တာလို့

ပြောလို့ရတယ်။ နှစ်ယောက်စလုံးက
အဲ့ဒါကို မယုံရင်တောင်
ငါတော့ဒီလိုအရာတွေကို
ယုံကြည်နေတုန်းပဲ"

သူက ခဏရပ်ပြီး "ဟုတ်တယ်။ မင်းရဲ့
ခန္ဓာကိုယ်က မဆိုးပါဘူး။
အင်မော်တယ်ဝိညာဉ်ခန္ဓာကိုယ်၊
ငါ့ဘဝတစ်လျှောက်လုံးမှာတောင်
နည်းနည်းလောက်ပဲ မြင်ဖူးခဲ့တယ်"

နန်စီယင်က ခေါင်းကို အနည်းငယ်ငုံ့ကာ

"သတိထားမိခဲ့မယ်မထင်ဘူး"

ဟုပြန်ပြောလိုက်သည်။

ယန်ယဲ့က ရုတ်တရက် မေးလိုက်၏။

"ဒါကဘာလဲ"

အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုက

"ထူးခြားတဲ့မွေးရာပါ

ခန္ဓာကိုယ်တစ်ခုပေါ့"

ယန်ယဲ့က ထပ်ပြီးမေးချင်နေသော်လည်း

အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုက

ခေါင်းခါလိုက်သည်။ "ကောင်းပြီ

ငါ့မှာအချိန်သိပ်မကျန်တော့ဘူး၏။

စလိုက်ရအောင်"

ထိုစကားပြောပြီးသည်နှင့်

အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုက

လေထဲသို့ ရုတ်တရက်ပြန်တက်လာပြီး

ထိုခဏလေးမှာပဲ သူက နန်စီယင်၏

အထက်သို့ ရောက်ရှိလာပြီးနောက်

လက်ဖဝါးနှစ်ဖက်ကို ဆန့်ကာ

ခေါင်းပေါ်တင်ထားလိုက်သည်။

"ဘန်း..."

သူ၏ လက်ဝါးမှ

အဖြူရောင်စွမ်းအင်ကြိုးတစ်ချောင်း

ရှေ့ထွက်လာပြီး ဖန်စီယင်၏ ခေါင်းထဲသို့

တိုးဝင်လာသည်။ ယန်ယွဲ့သည်

ဤမြင်ကွင်းကို တိတ်ဆိတ်စွာပင်

စောင့်ကြည့်နေခဲ့သည်။

ဤအချိန်တွင် နန်စီယင်၏

အငွေ့အသက်များ ရုတ်တရက်ကြီး

မြင့်တက်လာသဖြင့်

သူ့စိတ်ထဲအတော်လေးကို
အံ့အားသင့်သွားခဲ့သည်။
သိပ်မကြာလိုက်ပေ။

နန်စီယင်၏ ကျင့်ကြံမှုအဆင့်ဟာ အဆင့်
၁ ညဏ်အလင်းသခင်မှ အဆင့် ၂
ညဏ်အလင်းသခင်အဆင့်သို့ပင်
ရောက်ရှိသွားခဲ့သည်။ ထို့နောက်တွင်
လုံး၀ရပ်တန့်မသွားသေးပါ။

သူမ၏ အော်ရာ တဟုန်ထိုးဆက်ပြီး

မြင့်တက်နေခဲ့ပြန်သည်။

သိပ်မကြာလိုက်ပေ။ နန်စီယင်က အဆင့်

၄

ညဏ်အလင်းသခင်အဆင့်သို့

ရောက်ရှိသွားပြန်သည်။

သို့ရာတွင် သူမ၏ အရှိန်အဝါက

မြင့်တက်နေဆဲပင်။ ဤမြင်ကွင်းအား

မြင်သောအခါ ယန်ယဲ့က

ပါးစပ်ထောင့်များ တုန်လှုပ်သွားသည်။

"ဒါက ဘယ်လိုတောင်

လှည့်စားလိုက်တာလဲ"

ထိုနည်းအတိုင်းပင် နန်စီယင်က

အချိန်ခဏလေး အတွင်းမှာပဲ အဆင့် ၁

ညဏ်အလင်းသခင်မှ အဆင့် ၅

ညဏ်အလင်းသခင်အဆင့်သို့

ရောက်ရှိသွားခဲ့သည်။

"အထွတ်အထိပ်အဆင့်လား။ သူမက ဉာဏ်အလင်းသခင်အထွတ်အထိပ်အဆင့်ကို ရောက်သွားပြီပဲ။ ခဏလေး တကယ့်ကို ခဏလေးနဲ့ပဲ"

ဤအချိန်တွင် နန်စီယင်၏ အော်ရာအဆက်မပြတ်မြင့်တက်နေဆဲပင်ဖြစ်သည်။ အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုက

ရုတ်တရက် ကောက်ပြောလိုက်သည်။

"ကလေး ဖိနှိပ်ထားလိုက်စမ်း"

နန်စီရင်က သူမ၏ လက်နှစ်ဖက်ကို ယှက်ကာ ကျင့်ကြံမှုအဆင့်ကို စပြီးဖိနှိပ်ထားလိုက်သည်။ သူမ၏ ခန္ဓာကိုယ်မှ ထွက်ပေါ်နေသော အော်ဒါက ဆက်ပြီး မြင့်တက်မသွားတော့ပေ။

အကြောင်းကတော့ ကျင့်ကြံမှုအဆင့်က
သူမ၏ အခြေခံအုတ်မြစ်ဖြစ်လို့ပါ။ အ
ခြေခံအုတ်မြစ် အဆမတန်
မြင့်မားလာပါက
မတည်မညိမ်ဖြစ်လာနိုင်သောကြောင့်ပင်
ဖြစ်သည်။

သူမ၏ ကျင့်ကြံမှုအဆင့်က
အဆင့်လိုက်မတည်ဆောက်ရသေးဘဲ
အထပ်တစ်ခုကို

ကျော်ပြီးတည်ဆောက်ထားသော
မျှော်စင်တစ်ခုကဲ့သို့ ဖြစ်သွားပေမည်။
ထို့နောက်တွင် မျှော်စင်က မြေပြင်ပေါ်သို့
ပြိုလဲကျသွားပေမည်။ ခဏအကြာတွင်
နန်စီယင်၏ အရှိန်အဝါက
တဖြည်းဖြည်းညိမ်သက်သွားခဲ့သည်။

နောက်ဆုံးတွင်တော့
အပြည့်အဝညိမ်သက်သွား၏။
သို့သော်လည်း သူမ၏

ကျင့်ကြံမှုအဆင့်ကတော့

အဆင့်ငါးဉာဏ်အလင်းသခင်အဆင့်မှာ

ပင် ရပ်တန့်နေခဲ့သည်။

အဆင့် ၅ ဉာဏ်အလင်းသခင် ။

သို့သော်လည်း

ပညာရှင်အမွေအနှစ်ဆက်ခံသောဖြစ်စဉ်

က ပြီးဆုံးသွားခြင်းမရှိခဲ့ပေ။

ကျင့်ကြံမှုအဆင့်

တိုးတက်လာသည်ကပင်

နန်စီယင်အတွက် ပညာရှင်အမွေအနှစ်ဆက်ခံသည့်တစ်ခုတည်းသောအရာမဟုတ်ခဲ့ပေ။

အဖြူရောင်ဝတ်ရုံဝတ်အဖိုးအို၏
စွမ်းအားနည်းစနစ်နှင့်
ကျင့်ကြံခြင်းနည်းစနစ်မှ
အတွေ့အကြုံများပင် ပါခဲ့သည်။
ထိုအရာများက
ပညာရှင်အမွေအနှစ်ဆက်ခံရာတွင်

အရေးကြီးဆုံးအဓိက

အစိတ်အပိုင်းများပင်။

ဤအတော်အတွင်း နှင်းပွင့်က

အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုနှင့်

နန်းစီရင်ကို

ရုတ်တရက်လက်ညှိုးထိုးပြပြီးနောက်

မျက်လုံးသေးသေးလေးများက

စူးစမ်းလိုစိတ်အပြည့်နှင့်

ယန်ယဲ့အားစိုက်ကြည့်နေသည်။

ယန်ယဲ့က ပြုံးလိုက်ပြီး

"ဒါက ပညာရှင်အမွေအနှစ်ပဲ။ ဟုတ်တယ်။ အဲ့ဒါပြီးရင် သူမက အရမ်းအားကောင်းလာလိမ့်မယ်" ဟု ပြန်ဖြေသည်။

နှင်းပွင်က

မျက်တောင်မှိတ်တုတ်မှိတ်တုတ်လုပ်နေ

သည်။ ဤအချိန်တွင် သူမလေးက ယန်ယွဲ့၏ ခေါင်းပေါ်သို့ ရုတ်တရက်ပြန်တက်သွားသည်။

ထိုနောက် သူမ၏ လက်သေးသေးလေးတစ်ဖက်ကို ဆန့်ကာ ယန်ယွဲ့၏ ခေါင်းပေါ်တင်ထားလိုက်၏။ ထို့နောက်တွင် အဖြူရောင်ဝတ်ရုံဝတ်အဖိုးအို

ပြုလုပ်သကဲ့သို့ သူမ၏

မက်လုံးသေးသေးလေးများကို

မှိတ်ထားပြီးနောက် လက်ဝါးမှ

သန့်စင်သော ဝိညာဉ်စွမ်းအင်များ

စီးထွက်လာကာ ယန်ယဲ့၏ ခေါင်းထဲသို့

တိုးဝင်လာသည်။

ယန်ယဲ့သည် ဤအခြေအနေကြောင့်

ဘာပြောရမှန်းမသိတော့ပေ။

ဤအချိန်တွင် နှင်းပွင့်က မျက်လုံးကို

မကြာခဏဖွင့်ကာ
အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုအား
တစ်ချက်တစ်ချက်ကြည့်နေသည်။

သူမက အဖြူရောင်ဝတ်ရုံဝတ်အဖိုးအို၏
လုပ်ပုံကိုင်ပုံကို စောင့်ကြည့်နေခြင်းပင်
ဖြစ်သည်။ ယန်ယဲ့ကတော့ နှင်းပွင့်ကို
တားဆီးခဲ့ခြင်းမရှိပေ။

သူ့အမြင်အရတော့ နှင်းပွင့်လေး

ပျော်ရွှင်နေသည်ကပင်။

အရေးကြီးဆုံးဖြစ်သည်။ ဤသို့ဖြင့်

အချိန်များ တရွေ့ရွေ့နဲ့ကုန်ဆုံးလာ၏။

ဤအခိုက်အတန့်တွင် နန်စီယင်၏

နဖူးအလယ်မှ အဖြူရောင်

တံဆိပ်ငယ်တစ်ခုပေါ်လာသည်။

တံဆိပ်က

လူသားတစ်ဦးပုံသဏ္ဍာန်ဖြစ်သည်။

အခြားမဟုတ်ပေ။

အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုပါ။

သို့သော် ဤအချိန်တွင် အဖိုးအို၏

ခန္ဓာကိုယ်က လုံးဝကို

ကြည်လင်နေခဲ့သည်။

ယန်ယဲ့က ခေါင်းကို

အနည်းငယ်ညိတ်ပြလိုက်သည်။

ခဏအကြာတွင် သူက ဂူအပြင်ဘက်သို့

တစ်ချက်လှမ်းကြည့်လိုက်ပြီး
တိတ်ဆိတ်နေခဲ့သည်။

အခြားသူများက ဤနေရာကို
ရှာတွေ့သွားပုံရ၏။ အမှန်တော့
ဤအခြေအနေက အဓိပ္ပါယ်ရှိပါသည်။
အဖိုးအို၏ အရှိန်အဝါက
လိုဏ်ဂူအပြင်သို့
ပျံ့လွင့်သွားသောကြောင့်

မရေမတွက်နိုင်သော ကျင့်ကြံသူများက

သချောပေါက်ကို သတိပြုမိပေမည်။

ယန်ယဲ့က နန်စီယင်ကို

တိတ်တဆိတ်စိုက်ကြည့်နေခဲ့ပြီး

ထိုအမျိုးသမီးငယ်က

ကြီးကျယ်ခန်းနားသော

ကံကြမ္မာကိုရရှိခဲ့သည်။ သို့သော်လည်း

ဤအချိန်တွင် သူမအတွက်

ခြေရှင်းရမလွယ်ကူသော

သေခြင်းရှင်ခြင်းအန္တရာယ်နှင့်
ရင်ဆိုင်နေရ၏။

ဤအခိုက်အတန့်တွင်
အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုက
နန်စီယင်အား မည်သည့်ကြောင့်
ကာကွယ်ပေးချင်သနည်းဟူသော
အကြောင်းအရင်းကို
နားလည်သွားခဲ့သည်။
နှစ်နာရီခန့်အကြာတွင်

အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုက
နန်စီယင်ကို
ရုတ်တရက်လွှတ်ပေးလိုက်သည်။

ခဏအကြာတွင် နန်စီယင်က
မျက်လုံးများ ဖွင့်လာခဲ့သည်။ ထို့နောက်
သူမက အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုကို
စိုက်ကြည့်ကာ
ဖြည်းညင်းစွာဒူးထောက်ချလိုက်လေသ
ည်။

"ဆရာ ဆရာ..."

ထိုစကားကို ကြားသောအခါ

အဖြူရောင်ဝတ်ရုံဝတ်အဖိုးအို၏

မျက်လုံးထဲမှ စိတ်ကျေနပ်မှုတစ်ခု

ပေါ်လာခဲ့သည်။ သူက

အနည်းငယ်ခေါင်းညိတ်ပြပြီး

ဆက်ပြောလိုက်သည်။

"ငါငယ်ငယ်တည်းက

တောက်လျှောက်ကျင့်ကြံလာခဲ့တာလေ။

ငါ့တစ်သက်လုံး ငါ့ရဲ့အနားမှာ ဘယ်သူမှ

ဒါမှမဟုတ် ဘယ်လိုတပည့်မှမရှိခဲ့ဘူး။

အသက်ကြီးလာတာနဲ့အမျှ

ငါ့ရဲ့ဘဝသက်တမ်းက

ကုန်ဆုံးခါနီးလာပြီ။ အဲ့ဒီအချိန်မှာ  ငါက

တစ်စုံတစ်ခုကို နားလည်လိုက်တယ်။

သိချင်လား။ လောက

လျှို့ဝှက်ချက်တွေကို

လိုက်လံရှာဖွေတာက

ငါ့ရဲ့ဘဝသက်တမ်းကို တိုးမြင့်စေတယ်။

အကန့်အသတ်မဲ့ ခွန်အားကို

ပေးစွမ်းနိုင်တယ်။ ဒါပေမဲ့ ဒီလောကမှာ

အဲ့ဒီအရာတွေထက်

ပိုပြီးကောင်းတဲ့အရာတွေ

အများကြီးရှိနေတယ်"

ဤအချိန်တွင် သူက ယန်ယဲ့နှင့်
နန်စီယင်ကို တစ်လှည့်စီကြည့်လိုက်ပြီး
ပြုံးကာ "မင်းက ဒီလောက်
အသက်အရွယ်မှာတင်
အကန့်အသတ်မရှိ ပြီးမြောက်အောင်
လုပ်ရမဲ့အရာတွေချည်းပဲ
ရင်ဆိုင်နေရတယ်။ ဒါပေမဲ့ မင်းဟာ
ဘေးနားမှာရှိတဲ့လူတွေကို ဘယ်တော့မှ
မမေ့တတ်ဘူး"

ယန်ယဲ့က ခေါင်းညိတ်ပြီး ညိမ်နေလိုက်သည်။ နန်စီယင်က ရုတ်တရက် ပြောလိုက်၏။ "ဆရာရဲ့ လမ်းညွှန်မှုကို မှတ်မိနေမှာပါ"

အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုက ပြုံးပြီး ယန်ယဲ့ကို စိုက်ကြည့်ရင်း "သူမကို ငါ့အမွေအနှစ်တွေ အပြည့်အဝလွှဲပေးဖို့ဆိုတာ ခဏလေးနဲ့မဖြစ်နိုင်ဘူး။

ဘာကြောင့်လဲဆိုတော့

သူမရဲ့ခန္ဓာကိုယ်က ဒါကို

အကုန်လုံးလက်မခံနိုင်သေးဘူး။

ဒါကြောင့်သူမရဲ့ နဖူးထဲမှာ

အချက်အလက်တွေကို စုစည်းပြီး

ချိတ်ပိတ်ပေးထားတယ်။ ဒါက

အမွေဆက်ခံတဲ့ မျိုးစေ့တစ်ခုလို့

ပြောနိုင်တယ်။ ငါထွက်သွားတာနဲ့

တခြားသူတွေက ဒီအရာကို လုယူဖို့

ရောက်လာကြလိမ့်မယ်။ အဲ့ဒီအချိန်မှာ

မင်းက သူမကို အန္တရာယ်ကင်းအောင်

ကူညီပေးစေချင်တယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး

"ကောင်းပြီ။

ငါအကောင်းဆုံးကြိုးစားပါ့မယ်"

သူနှင့် နှင်းပွင့်လေးက

အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုထံမှ

အကျိုးအမြတ်ရယူထားသောကြောင့်

ထိုကဲ့သို့သော တောင်းဆိုမှုကို

သဘာဝအတိုင်းငြင်းဆန်မည်မဟုတ်ပေ။

မဟုတ်လျှင် သူက

ကျေးဇူးကန်းတတ်သူတစ်ယောက်ဖြစ်နေ

ပါလိမ့်မည်။

အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုက ပြုံးပြီး

ဆက်ပြောခဲ့သည်။ "အခုအချိန်မှာ

သူမက အဆင့် ၅ ဉာဏ်အလင်းသခင်

ဖြစ်နေပြီ။ ဒါပေမဲ့ သူမရဲ့

ကိုယ်ပိုင်ကျင့်ကြံမှုက

ပြီးပြည့်စုံသွားတာမျိုးတော့ မဟုတ်ဘူး။

ဒီတော့ သူမအတွက် အဆင့် ၅

ညာဏ်အလင်းသခင် က အသုံးမဝင်ဘူး။

အပြင်လောကရဲ့ အဆင့် ၅

ညာဏ်အလင်းသခင်

တွေကို တိုက်ခိုက်ဖို့ဆိုတာ

ဘယ်လိုမှမဖြစ်နိုင်သေးဘူး။

ဒီလိုမှမဟုတ်ဘဲ

အတင်းအကျပ်တိုက်ခိုက်မယ်ဆိုရင်

သူမက တန်ပြန်ရိုက်ခတိခံရမှာ

သေချာတယ်။ ကောင်းလေး

တိုတိုပြောရရင်တော့ အားလုံးက

မင်းအပေါ်မှာပဲ မူတည်နေတယ်"

ယန်ယဲ့က

အနည်းငယ်ခေါင်းညိတ်လိုက်ပြီး

"နှုတ်ဆက်ပါတယ် အကြီးအကဲ"

အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုက
ခေါင်းမော့ကာ အပေါ်သို့
ကြည့်နေခဲ့သည်။ သူ၏ အကြည့်က
အာကာသအနက်အရှိုင်းဆုံးအပိုင်းဆီသို့
ရောက်သွားပုံရ၏။ ခဏအကြာတွင်
သူက "ညီငယ် မင်းရဲ့ ပတ်ဝန်းကျင်မှာ
ချည်နှောင်ထားတဲ့ ကံကြွေးတွေက
အရမ်းမြင့်မားနေတယ်။ တစ်ချို့က
ငါတောင် အကူအညီမဲ့သွားသလို

ခံစားလိုက်ရတယ်။ ဒီတော့ ငါက မင်းကို
အကြံညာဏ်တစ်ခုပဲ ပေးနိုင်မယ်။ မင်းရဲ့
မူလေရည်ရွယ်ချက်တွေကို

ဘယ်တော့မှမမေ့ပါနဲ့။ ဒါမှသာ မင်းရဲ့
ဘဝက ပြီးပြည့်စုံတော့မှာ"

ထိုစကားပြောပြီးနောက်
အဖြူရောင်ဝတ်ရုံဝတ်အဖိုးအို၏
ခန္ဓာကိုယ်က

တဖြည်းဖြည်းမှုန်ဝါးသွားပါတော့သည်။
သိပ်မကြာလိုက်ပေ
အဖြူရောင်ဝတ်ရုံဝတ်အဖိုးအိုက
လေထဲမှာပင် ပျောက်ကွယ်သွားခဲ့သည်။

"ဘုန်း..."

ထိုခဏလေးမှာပဲ လိုဏ်ဂူကြီးတစ်ခုလုံး
ပြိုကျသွားတော့သည်။ ယန်ယွဲ့က
အပေါ်ကို မော့ကြည့်လိုက်သည်။ ထိုအခါ

တိမ်ညိုတိမ်မည်းများ ဖုံးလွှမ်းထားသော

ကောင်းကင်ပြင်ကြီးကိုသာ

မြင်လိုက်ရ၏။

အချိန်သိပ်မကြာလိုက်ပေ။ ပဲစေ့အရွယ်

မိုးရေစက်များ

ကျဆင်းလာပါတော့သည်။

ပညာရှင်တစ်ပါးသေဆုံးခြင်း။

ဤအချိန်တွင် နန်စီယင်က

"ဆရာက လူကောင်းပါ" ဟု ဆက်ခနဲပြောလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်ပြသည်။ "ငါဒီလိုမျိုး ခံစားရတယ်။ ဟုတ်တယ် ဒါနဲ့ ပညာရှင်တွေ အားလုံးက လူကောင်းတွေပါ"

နန်စီယင်က ခေါင်းခါလိုက်သည်။

"လူကောင်းဆိုတာ လူတိုင်းမှာမတူညီတဲ့ နားလည်မှုတွေရှိတယ်။ တခြားမျိုးနွယ်ခြားတွေရဲ့ ပညာရှင်တွေက လူသားမျိုးနွယ်ရဲ့ အမြင်မှာ မကောင်းဆိုးဝါးတွေ ဒီလိုပဲ ဖြစ်နေကြပဲလေ"

ယန်ယဲ့က ပြုံးပြီး သူမကို စိုက်ကြည့်ရင်း "ဂုဏ်ယူပါတယ်"

နန်စိယင်က ယန်ရဲ့ထံသို့

လျှောက်လာပြီးနောက်

ကျောက်စိမ်းစာလိပ်တစ်ခုကို

ထုတ်ယူကာ ချေမွလိုက်သည်။

ယန်ယဲ့က

"အဲ့ဒါဘာလဲ" ဟုမေးလိုက်သည်။

နန်စီရင်က

"အရေးပေါ်အကူအညီတောင်းတဲ့

အဆောင်"

ဤအခိုက်အတန့်တွင်

သူတို့နှစ်ယောက်အထက်

ကောင်းကင်ပြင်က ရုတ်တရက်

တုန်ခါသွားသည်။ ထို့နောက်တွင်

အဖိုးကြီးတစ်ဦး၏

ပုံရိပ်ရုတ်တရက်ပေါ်လာခဲ့သည်။

အဖိုးကြီးက နန်စီယင်ကို စိုက်ကြည့်ရင်း

"နန်စီယင်၊ မင်းက

အရေးပေါ်အကူအညီတောင်းတဲ့

သင်္ကေတကို ဘာ့ကြောင့်

ထုတ်သုံးလိုက်တာလဲ"

နန်စီယင်က ထိုအဖိုးကြီးကို

ကြည့်လိုက်သည်။ C"◌ါ◌့အဖေနဲ့

နန်စီကလန်နဲ့ စိတ်ဝိညာဉ်အစောင့် ၁၂

ယောက်ကို ဒီကို

အခုချက်ချင်းရောက်လာဖို့ပြောပါ"

"ဘယ်လိုတောင်လဲ"

အဖိုးကြီးက ဒေါသထွက်သွားပုံရ၏။

"နန်စီယင် မင်းနောက်နေတာလား။

အကျိုးဆက်တွေကို မင်းသိလား"

ဤအချိန်တွင် နန်စီယင်က သူမ၏
လက်ကို ‌ေဝှ့ယမ်းကာ ထိုအဖိုးကြီးကို
စိုက်ကြည့်ရင်း

"ငါက ပညာရှင်အမွေအနှစ်
ကိုဆက်ခံပြီးပြီး"
ဟုပြောလိုက်လေသည်။

"ပညာရှင်အမွေအနှစ်လား"

အဖိုးကြီးက

ခဏာမျှအံ့အားသင့်သွားသည်။ ထို့နောက်

နန်စီယင်၏ နဖူးကို စိုက်ကြည့်နေသည်။

ခဏအကြာတွင် အဖိုးကြီး၏ မျက်နှာက

ဝမ်းသာအားရပြီး စိတ်လှုပ်ရှားနေသော

အမူအရာများဖြင့်

ပြည့်နှက်သွားခဲ့လေသည်။

ထို့နောက် သူက

တုန်လှုပ်နေသောအသံဖြင့်

စိတ်လှုပ်ရှားစွာ ပြောပါသည်။

ကောင်းပြီ။ ေကာင်းပြီ။

ငါအခုချက်ချင်း သူတို့ကို

လွှတ်လိုက်မယ်

ထိုစကားပြောပြီးနောက် အဖိုးကြီး၏

ပုံရိပ်က ပျောက်ကွယ်သွားပြီး

သက်လတ်ပိုင်း အမျိုးသားတစ်ဦး

ပေါ်လာခဲ့သည်။

သက်လတ်ပိုင်းအမျိုးသား၏

မျက်နှာသွင်ပြင်က နန်စီယင်နှင့်
အတော်လေး ဆင်တူနေသည်။

ဤအချိန်တွင်
သက်လတ်ပိုင်းအမျိုးသားက
နန်စီယင်၏ နဖူးကို စိုက်ကြည့်ကာ
အဖြူရောင်တံဆိပ်ကို မြင်လိုက်သည်နှင့်
မျက်လုံးထဲ၌ ေကျနပ်ပျော်ရွှင်နေသော
အရိပ်အရောင်များ တောက်ပလာသည်။
သို့သော် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ရုံဖြင့်

ချက်ချင်းမျက်မှောင်ကြုတ်သွားခဲ့သည်။

"နန်စီယင်က"

ဘယ်လောက်ကြာမလဲ

လို့ရုတ်တရက်မေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

ခဏမျှတိတ်ဆိတ်သွားပြီးနောက်

"၆ နာရီလောက်တော့

ကြာမယ်ထင်တယ်" ဟုပြန်ဖြေသည်။

နန်စီကလန်က

တောင်ပိုင်းယူနီကွန်းစီရင်စု၏

တောင်ဘက်အစွန်းပိုင်းတွင်

တည်ရှိခဲ့သည်။ တစ်နည်းအားဖြင့်

နန်စီကလန်က

မြောက်ပိုင်းကောင်းကင်စီရင်စု၏

မြောက်ဘက် နယ်နိမိတ်အစွန်းနှင့်

အထိစပ်နေသော

ရှာမန်ကမ္ဘာနှင့်ကပ်လျက်တည်ရှိသည်ဟု

ပြောရပေမည်။

ထို့ကြောင့် အလွန်ဝေးသည်ဟု

ပြောနိုင်၏။ "၆

နာရီလောက်ကြာမှာလား"

နန်းစီရင်က ယန်ယဲ့ကို

စိုက်ကြည့်လိုက်သည်။ ယန်ယဲ့က

"ကောင်းပြီ။

ငါအကောင်းဆုံးကြိုးစားကြည့်မယ်"

နန်စီယင်က "ဒီလိုဆို

ကျေးဇူးတင်ပါတယ်"

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို

စိုက်ကြည့်ရင်း "မင်းငါ့သမီးကို

ကာကွယ်ထားနိုင်ရင် ငါနန်စီမျိုးနွယ်က

မင်းကို တစ်ကြိမ်အကူအညီပေးမယ်"

ယန်ယဲ့က ပြုံးပြီး ဘာမှပြန်မပြောခဲ့ပေ။

နောက်ဆုံးတွင် ထိုစကားက ပါးစပ်ဖြင့်

သာ ပြောထားသည့် ကတိတစ်ခုပင်

မဟုတ်ပါလား။

သက်လတ်ပိုင်းအမျိုးသားက

ဘာမှဆက်မပြောတော့ပေ။

သူ၏ မျက်လုံးထဲမှ စိုးရိမ်နေသော
အရိပ်အယောင်များ ပေါ်လာပြီး
ပတ်ဝန်းကျင်ကို
တစ်ချက်လှည့်ကြည့်လိုက်သည်။
ထို့နောက် ခဏအကြာတွင်တော့ သူ၏
ခန္ဓာကိုယ်က တဖြည်းဖြည်းနှင့်
အသွင်ပြောင်းသွားခဲ့လေသည်။

ခဏအကြာတွင်တော့
လုံးလုံးလျားလျားပျောက်ကွယ်သွားသ

ည်။ ပတ်ဝန်းကျင်သည်
ခဏာမျှတိတ်ဆိတ်သွား၏။ ယန်ယဲ့က
သူ့ရင်ခွင်ထဲမှ နှင်းပွင့်လေးကို
ပွတ်သပ်ပြီး

"ကောင်းပြီ။ မူလစေတီထဲကို
ပြန်ဝင်လိုက်ပြီးကြရင် အထဲမှာ
စိတ်တိုင်းကြ ကိုယ့်ဘာသာကို
လှည့်ပတ်ကစားလို့ရတယ်"
ဟုပြောလိုက်သည်။

နှင်းပွင့်က မျက်တောင်ခတ်ပြီး ယန်ယဲ့၏

နဖူးကို နမ်းရှိုက်လိုက်သည်။ ထို့နောက်

အဖြူရောင်အလင်းတန်းအသွင်

ပြောင်းကာ မူလစေတီထဲသို့

ပြန်ဝင်သွားသည်။ ဤအခိုက်အတန့်တွင်

ယန်ယဲ့က အသက်ပြင်းပြင်းရှူကာ

မျက်လုံးများကို

ဖြည်းညင်းစွာမှိတ်လိုက်ပြီး "လာလို့ရပြီ။

ဘယ်သူအရင်လာမလဲ"

"ဟား ဟား ဟား"

ဤအချိန်တွင် ရယ်မောသံများ

ရုတ်တရက်ထွက်ပေါ်လာပြီးနောက်

သူတို့နှင့် မီတာသုံးရာအကွာ၌ ပုံရိပ်တစ်ခု

ပေါ်လာခဲ့သည်။ အခြားမဟုတ်ပေ။

ပိုင်လိရှန်ပင် ဖြစ်သည်။

ပိုင်လိရှန်က မျက်လုံးထဲ၌

မကျေမနပ်အကြည့်များဖြင့် ယန်ယဲ့ကို

စိုက်ကြည့်နေသည်။ "သူက

ပညာရှင်အမွေအနှစ်ကို ဆက်ခံပြီးတာနဲ့

မင်းတို့က အသက်ရှင်လျက်

ပြန်ထွက်သွားနိုင်မယ်ထင်လို့လား။

နှစ်ယောက်စလုံးက

တခြားတစ်ယောက်ယောက်အတွက်

အကျိုးအမြတ်တွေ စုဆောင်းဖို့
ကူညီပေးရုံလောက်ပဲ။ ဟား ဟား ဟား"

အမှန်တော့ သူက ယန်ယဲ့ကြောင့်
လိုဏ်းဂူထဲကို ဝင်မလာရဲခဲ့ပေ။
ထို့ကြောင့် သူ့အတွက်
ကံကြမ္မာကောင်းတစ်ခု
ဆုံးရှုံးသွားသည်ဟု ပြောရပေမည်။ သူက
ယန်ယဲ့ကို သေလောက်အောင်
မုန်းတီးနေခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့က ရုတ်တရက်

မျက်လုံးပွင့်လာပြီး

သူ့ပတ်ဝန်းကျင်ကနေ

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအားစက်ကွင်းတစ်ခု ပေါ်လာသည်။

ဓားနယ်မြေ။

ဓားနယ်မြေပေါ်လာသည်နှင့်

တစ်ချိန်တည်းမှာပင် အလင်းတန်းတစ်ခု ဖျတ်ခနဲလင်းလတ်လာသည်။

ယန်ယဲ့က မထိန်းထားဘဲ ဒုတိယဓားချက်ကို ဓားနယ်မြေနှင့် ချက်ချင်းပေါင်းစပ်လိုက်ခြင်းပင် ဖြစ်သည်။ အနန္တဓားနယ်မြေနှင့် ဒုတိယဓားချက် ပေါင်းစပ်မှုဟာ ယန်ယဲ့၏ အပြင်းထန်ဆုံး တိုက်ခိုက်မှုဟု ဆိုနိုင်ပါသည်။

ယန်ယဲ့ တိုက်ခိုက်လိုက်သည်နှင့်

ပိုင်လိရှန်၏ အမူအရာများက

သိသိသာသာပြောင်းလဲသွားသည်။

သူ့ထံမှ ရွှေရောင်အလင်းတန်းတစ်ခု

လွင့်မျောလာသည်။

"ဘန်း..."

သို့ေသာ်လည်းရွှေရောင်
အလင်းတန်းက ပြန့်ကျဲသွားကာ
ပိုင်လီရှုန် ကိုယ်တိုင်လည်း နောက်သို့
လွင့်ထွက်သွားခဲ့သည်။ သူ၏ ပုံရိပ်က
လေထဲကို လွင့်တက်သွားကာ ပါးစပ်ထဲမှ
သွေးများပင် အန်ထွက်လာပါတော့သည်။

သို့သော် ဓားနယ်မြေထဲမှ
နောက်ထပ်အလင်းတန်းများ
ဆက်တိုက်လင်းလတ်လာသည်။

ဤအချိန်တွင် ပိုင်လီရှန်၏

မျက်လုံးများက

ပြူးကျယ်သွားပြီးနောက်

"ဆူး..."

သူ၏ ခေါင်းက လေထဲသို့

ပျံတက်သွားခဲ့သည်။ ထို့နောက်

ေခါင်းမဲ့နေသော လည်ပင်းမှ သွေးများ

စမ်းရေကဲ့သို့ တရက်ပော

စီးကျလာပါတော့သည်။ ယန်ယဲ့က

ပိုင်လီရှန်၏ ခေါင်းကို ဆွဲယူလိုက်ပြီး

ဓားကို မြေပြင်ပေါ် ထိုးစိုက်ကာ

နန်စီယင်အနားသို့ရောက်လာသည်။

ထို့နောက် နန်စီယင်ကို ညွှန်ပြပြီး "သူမက

ငါ့ရဲ့ အကာအကွယ်အောက်မှာရှိတယ်။

ဘယ်သူလာရဲသလဲ"

Translated by Nyinyisoe

May Be:

၂၂၇၀

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၇၀ - နင်က

အရမ်းသန်မာတယ်

သူမက ငါ့ရဲ့ အကာအကွယ်အောက်မှာ

ရှိနေတယ်...

ယန်ယဲ့၏အသံက တည်ငြိမ်နေခဲ့သည်။

သို့သော်လည်း မမြင်နိုင်သော

အတားအဆီးတစ်ခုကဲ့သို့

ခံစားရစေသည်။

ယန်ယဲ့အတွက် နန်စီယင်ကို ကာကွယ်ရန်

သဘောတူလိုက်ကတည်းက

ပြဿနာများစွာဖြင့်

ရင်ဆိုင်ရတော့မည်ကို

ကောင်းကောင်းကြီး သိနေခဲ့သည်။

သို့တိုင် သူက သဘောတူခဲ့၏။

သူနှင့် နှင်းပွင့်က

အဖြူရောင်ဝတ်ရုံအဘိုးအို

ထံမှအကျိုးအမြတ်များရခဲ့သည်မဟုတ်

ပါလား။ အဘိုးအို၏ ကြင်နာမှုကို

သဘာဝအတိုင်း

ပြန်ပြီးပေးဆပ်သင့်ပါသည်။ ထို့အပြင်

ယခုလက်ရှိ သူက နန်စီယင်နှင့်

မိတ်ဆွေများ ဖြစ်နေသောကြောင့်
ရပ်ပြီးကြည့်မနေနိုင်တော့ပေ။

ဤအချိန်တွင် နန်စီယင်က ယန်ယဲ့ကို
စိုက်ကြည့်နေသည်။

ယန်ယဲ့က လုံးဝကို
ယုံကြည်မှုအပြည့်ရှိနေတာပါ။

အမှန်တော့

ယုံကြည်မှုအပြည့်ရှိနေသည်ကား

ယန်ယဲ့၏အကျင့်စရိုက်ပင်။

ဓားကျင့်ကြံသူတစ်ယောက်အနေနှင့်

ခွန်အားက

အမြဲတမ်းအရေးပါလှသည်တော့မဟုတ်

ပေ။ အရေးကြီးဆုံးကတော့

တာအိုနှလုံးသားပါ။ နှလုံးသားထဲ၌

ကြောက်ရွံ့စိတ်များ ရှိနေခဲ့လျှင်

သန်မာနေသည့်တိုင်

ရှေ့ဆက်တိုးနိုင်မည်မဟုတ်ပေ။

တခါတရံတွင် ယုံကြည်မှုက

ခွန်အားကနေ လာတာပါ။

သို့သော် တစ်ခါတစ်လေမှာ

ယုံကြည်မှုဟူသည် ခွန်အားနှင့်

မသက်ဆိုင်ပါ။ သန်မာသူများပင်လျှင်

တစ်ခါတစ်ရံ

သူရဲဘောကြောင်တတ်လို့ပါ။

ယန်ယွဲ့အတွက် ဤအချက်ကို

အတော်လေးစိုးရိမ်ခဲ့သည်။

အကြောင်းမှာ စိတ်ဆန္ဒအတိုင်းမဟုတ်ဘဲ

ချည်နှောင်ထားသောဓားတစ်ချောင်းက

လွတ်လွတ်လပ်လပ်ဆွဲထုတ်နိုင်မည်မဟု

တ်ပေ။

သို့သော်လည်း ယန်ယွဲ့က

ထိုကဲ့သို့မဟုတ်ပါ။ သူ့တွင်

ကြီးကျယ်ခမ်းနားသော အရှိန်အဝါ၊ ဓားသမားတစ်ယောက်၏ ပြီးပြည့်စုံသော အငွေ့အသက်များရှိနေခဲ့သည်။

ဤအချိန်တွင် နန်စီယင်က ယန်ယွဲ့ဖက်သို့ လျှောက်လာပြီး "ငါ့အဖေနဲ့ ငါ့မျိုးနွယ်စုရဲ့ အဆင့်မြင့်ကျင့်ကြံသူတွေ ရောက်လာရင် ရှာမန်မျိုးနွယ်ရဲ့ အာဏာပိုင်တွေကို သတိပေးလိုက်သလိုဖြစ်မှာ။ ဒါပေမဲ့

သူတို့က

ကောင်းကောင်းဟန့်တားထားနိုင်မှာပါ။

ဒါဆို ငါတို့က ရှာမန်ကမ္ဘာကနေ

ထွက်သွားလို့ရပြီ”

ယန်ယဲ့က ခေါင်းညိတ်ပြီး "သွားရအောင်"

စကားပြောပြီးသည်နှင့် သူ့လက်ညှိုးကို

ပွတ်ဆွဲလိုက်ရာ နန်စီယင်၏

ခြေဖဝါးအောက်ကနေ ဓားတစ်ချောင်း

ပေါ်လာသည်။ ထို့နောက် ထွက်သွားရန် ပြင်လိုက်ကြသည်။ ဤအချိန်တွင် သူတို့အပေါ်မှ ကြောက်မက်ဖွယ်ကောင်းသော အငွေ့အသက်များ ရုတ်တရက် ကျဆင်းလာသည်။

နောက်တစ်ယောက် ထပ်ရောက်လာတာလား။

ယန်ယဲ့က မော့ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင် သူတို့အပေါ်သို့

ရောမလက်ဝါးကြီးတစ်ဖက်

ဆင်းသက်လာသည်ကို

မြင်လိုက်ရသည်။ လက်ဝါးကြီးက

တိမ်တိုက်များကြားမှ ပေါ်လာကာ

သူတို့အပေါ်ကို ဖိချလာခဲ့သည်။

နှစ်ယောက်စလုံး

အသက်ရှူပင်ကြပ်သွားမတတ်ဖြစ်နေခဲ့သည်။

ယန်ယဲ့က သူ၏မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။ ဤအချိန်တွင် အလင်းတန်းတစ်ခုက ကောင်းကင်ထက်သို့ ဖြာကျလာသည်။

အလင်းတန်းက ကောင်းကင်ကို ထိုးဖောက်နိုင်ပုံရ၏။

ထို့နောက်တွင်တော့ အလင်းတန်းက ရောမလက်ဝါးကြီးကို ထိမှန်သွားခဲ့သည်။ ခဏအကြာတွင် လက်ဝါးကြီးက အပိုင်းပိုင်းကွဲထွက်သွားတော့သည်။

ဤအချိန်တွင် သူတို့နှစ်ယောက်ရှေ့မှ အနက်ရောင်ဝတ်ရုံလူတစ်ဦး ရုတ်တရက်ပေါ်လာခဲ့သည်။

အနက်ရောင်ဝတ်ရုံအမျိုးသားက "အမွေအနှစ်ကို လွှဲပေးရင် ငါအခုချက်ချင်း ထွက်သွားမယ်" ဟု ပြောလိုက်သည်။

ယန်ယဲ့က အပိုစကားပြောမနေတော့ဘဲ ဓားကို ဆွဲထုတ်ကာ ပိုင်းချလိုက်၏။ ဓားအလင်းတန်းတစ်ခု လင်းလက်လာပြီး အနက်ရောင်ဝတ်ရုံအမျိုးသား ဆီသို့ တိုးဝင်သွားသည်။

ဤအချိန်တွင်

အနက်ရောင်ဝတ်ရုံအမျိုးသားက

ညာလက်ကို ဆန့်ထုတ်လိုက်သည်။

သူ၏လက်ထဲ၌ လက်ဝါးအရွယ်

မှန်တစ်ချပ်ရှိနေသည်။

ယန်ယဲ့၏ဓားစွမ်းအင်က မှန်ကို

ထိမှန်သွသည်နှင့်

အနည်းငယ်တုန်ခါသွားသည်။ ထို့နောက်

အလင်းတန်းတစ်ခုက ယန်ယဲ့ရှေ့သို့ ချက်ချင်းရောက်ရှိလာသည်။

အားပြန်လွှဲတာလား...

ယန်ယဲ့၏မျက်လုံးများမှ အံ့အားသင့်မှု ပေါ်လာသည်။ သူက နောက်ထပ် တွေးတောမနေတော့ဘဲ ဓားကို တစ်ချက်လှုပ်လိုက်သည်။ သူ့ရှေ့မှ

ဆားစွမ်းအင်က ချက်ချင်း

ပျောက်ကွယ်သွား၏။

ဤအတောအတွင်း

အနက်ရောင်ဝတ်ရုံအမျိုးသားက

“နန်စီယင်၊ ငါက နန်စီမျိုးနွယ်ကို

ဆန့်ကျင်ဖို့ ရည်ရွယ်ချက် မရှိပါဘူး။

အမွေအနှစ်ကို ချန်ထားခဲ့လိုက်။

မင်းထွက်သွားနိုင်တယ်”

နန်စီယင်က "တကယ်တော့
နင်ဖြစ်နေတာကိုး"

အနက်ရောင်ဝတ်ရုံအမျိုးသားက
ခဏမျှငြိမ်သက်သွားသည်။ ထို့နောက်
ယတ်ယဲ့ကို စူးစိုက်ကြည့်ကာ "မင်းရဲ့
ခွန်အားက ထူးခြားနေတယ်ဆိုတော့
မင်းဟာ သာမန်လူမဟုတ်ဘူးလို့
ငါထင်တယ်။ ဒါပေမဲ့ ဒီအမွေအနှစ်ကို
လူဘယ်နှစ်ယောက်လောက်

လိုချင်တယ်ဆိုတာ မင်းသိလား။

မင်းအသက်အရွယ်မှာ ဒီလိုခွန်အားရှိလို့

နောက်ခံကလည်း

သာမန်မဟုတ်တာတော့သေချာတယ်။

ဒါနဲ့ မင်းအတွက် ဘာ့ကြောင့်များ

ကိုယ့်အသက်ကို စွန့်လွှတ်ချင်ရတာလဲ"

ယန်ယဲ့က ပြုံးပြီး “တကယ်တော့ မင်းဟာ

ဒီလိုစကားတွေ ပြောနေစရာ

မလိုဘူးထင်တယ်။ မင်းလိုချင်ရင်

လာယူပါ"

အနက်ရောင်ဝတ်ရုံက

ခဏတာတိတ်ဆိတ်သွားသည်။

ထို့နောက်

အနက်ရောင်အလင်းတန်းအသွင်ပြောင်း

ကာ ယန်ယဲ့ဆီသို့ လွင့်မျောသွားသည်။

ယန်ယဲ့က တုံ့ဆိုင်းမနေဘဲ

ဓားကိုဆွဲထုတ်ပြီး ခုတ်ပိုင်းလိုက်သည်။

အုန်း....

ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီးနောက်

အနက်ရောင်ဝတ်ရုံအမျိုးသားက

နောက်ပြန် ဆုတ်သွားခဲ့သည်။ ယန်ယဲ့

ကိုယ်တိုင်လည်း ၁

ကီလိုမီတာအကွာအထိပင်
လွင့်ထွက်သွားသည်။

ယန်ယဲ့က သူ့ကိုယ်သူ
ရပ်တန့်လိုက်သည်နှင့်
အနက်ရောင်ဝတ်ရုံအမျိုးသားဟာ
နေရာမှာပင်
ဖျတ်ခနဲပျောက်သွားခဲ့သည်။
ထိုခဏလေးမှာပဲ ယန်ယဲ့၏အထက်မှ
အရိပ်တစ်ခုပေါ်လာသည်။ ထို့အပြင်

အနက်ရောင်လက်ဝါးတစ်ဖက်က

ယန်ယဲ့၏ခေါင်းတည့်တည့်သို့

ရိုက်ချလိုက်သည်။ အနက်ရောင်လက်ဝါး

ဆင်းသက်လာသည်နှင့် ယန်ယဲ့၏

ပတ်လည်ရှိ အာကာသပြင်က

ဖိအားကြောင့် ပြင်းထန်စွာ

ရွေ့လျားလာပါသည်။ တိုက်ခိုက်မှုက

မည်မျှ ပြင်းထန်ကြောင်း သိသာပါသည်။

ယန်ယဲ့၏မျက်လုံးများပင် အနည်းငယ်ကျဉ်းမြောင်းသွားပြီး "ဓား၊ လာစမ်း..."

ထိုခဏလေးမှာပင်သူ၏ခန္ဓာကိုယ်တစ်ဝိုက်မှ ဓား ၁၀ ချောင်း ရုတ်တရက်ပေါ်လာသည်။ ထို့နောက် မြောက်များစွာသော ဓားအလင်းတန်းများ ဖြာထွက်လာကာ နှစ်ယောက်စလုံးကို ဖုံးလွှမ်းသွားခဲ့သည်။

အလင်းတန်းများ

အဆက်မပြတ်လင်းလက်နေ၏။

ဤအချိန်တွင် နန်စီယင်က

တိုက်ပွဲမြင်ကွင်းအား

စိုက်ကြည့်နေသည်။

ဘမ်း....

အလင်းတန်းမျှ

ဖုံးလွှမ်းထားသောနေရာက

ရုတ်တရက်ပေါက်ကွဲထွက်လာပြီး

အနက်ရောင် အရိပ်တစ်ခု

လွင့်ထွက်သွားသည်။

ဤမြင်ကွင်းကြောင့် နန်စီယင်က

သိသိသာသာ စိတ်အေးသွားသည်။

အမှန်တော့

အနက်ရောင်ဝတ်ရုံအမျိုးသားက

ယုံကြည်မှုလွန်ကဲသွားတာပါ။ သူက

ယန်ယွဲ့အား

အထင်အမြင်သေးထားသောကြောင့်

အနီးကပ်တိုက်ခိုက်နေခဲ့သည်။

သို့သော်လည်း

စပြီးတိုက်ခိုက်လိုက်သည်နှင့် ယန်ယွဲ့အား

ပြန်မတိုက်ခိုက်နိုင်တော့ပေ။ သူက
လုံးလုံးလျားလျား ဖိနှိပ်ခံခဲ့ရသည်။

အုန်း...

နောက်တစ်ကြိမ် ကျယ်လောင်သော
ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာပြီး
အနက်ရောင်ဝတ်ရုံအမျိုးသားက
လွင့်ထွက်သွားပြန်သည်။

ဤအချိန်မှာပဲ ယန်ယဲ့က

သူ့လက်ချောင်းကို ရှေ့သို့

ပုတ်လိုက်သည် ။

အနက်ရောင်ဝတ်ရုံအမျိုးသား၏

ပတ်လည်ရှိ အာကာသပြင်က ချက်ချင်း

ကွဲထွက်သွားသည်။ ထို့နောက်

အလင်းတန်းများ ထွက်ပေါ်လာပြီး

အနက်ရောင်ဝတ်ရုံအမျိုးသားကို

ထိမှန်သွားသည်။

ဘုန်း....

အနက်ရောင်ဝတ်ရုံအမျိုးသားက ခုခံနိုင်စွမ်းမရှိခဲ့ပေ။ မြေပြင်ပေါ်သို့ ပြုတ်ကျသွား၏။ သို့သော်လည်း ယန်ယဲ့က အနက်ရောင်ဝတ်ရုံအမျိုးသား ရှေ့တွင် ထပ်ပေါ်လာကာ အလင်းတန်းတစ်ခု လင်းလက်လာသည်။

ဤအချိန်တွင်

အနက်ရောင်ဝတ်ရုံအမျိုးသား၏

အထက်မှ မှန်တစ်ချပ်

ရုတ်တရက်ပေါ်လာသည်။ ထို့နောက်

ရွှေရောင်အလင်းတန်းတစ်ခု

ထွက်ပေါ်လာသည်။

ဘမ်း...

ယန်ယဲ့၏ပုံရိပ်က

နောက်ပြန်လွင့်ထွက်သွားခဲ့သည်။

သို့သော် မီတာ ၃၀၀ အကွာသို့

ဆုတ်သွားပြီးနောက် သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်။ ဒီအချိန်မှာ

သူ့ရင်ဘတ်ပေါ်ရှိ ဝတ်ရုံက

အပိုင်းပိုင်းကွဲထွက်သွားသည်။

သူ၏ခန္ဓာကိုယ် ကတော့

ဘာထိခိုက်မှုမှပင် မရှိခဲ့ပေ။

အနက်ရောင်ဝတ်ရုံအမျိုးသားက

မယုံကြည်နိုင်စွာနဲ့ "မဖြစ်နိုင်ဘူး... မင်း..."

ဓားစွမ်းအင်တစ်စင်း

ရောက်လာသောကြောင့် သူ၏အသံက

ရပ်တန့်သွားရသည်။

သူ၏လက်ထဲမှ မှန်က

ရွှေရောင်တလက်လက်တောက်ပလျက်

လေထဲသို့ လွင့်မျောသွားသည်။

သို့သော်လည်း ယန်ယဲ့က

စားပြောင်းကိုင်လိုက်သည်ကို သူ

သတိမထားမိလိုက်ပေ။

စိတ်ဝိညာဉ်ဖျက်ဆီးခြင်းစား....

ယန်ယဲ့က အနှောင်အဖွဲ့ကင်းမဲ့သူ၏

စားအစား ဝိညာဉ်ဖျက်ဆီးခြင်းစားကို

ပြောင်းကိုင်လိုက်သည်။

ဘမ်း....

မှန်ထဲမှ ရွှေရောင်အလင်းတန်းဟာ
စိတ်ဝိညာဉ်ဖျက်ဆီးခြင်းဓားနှင့်
ထိတွေ့လိုက်သည့်အခိုက်
ဆီပူအိုးထဲကျလာသောနှင်းခဲများအလား
ချက်ချင်းပျောက်ကွယ်သွားခဲ့သည်။
ထို့နောက် ယန်ယဲ့၏ ဓားပိုင်းချက်က
မှန်ပေါ်သို့တည့်တည့်ကျရောက်လာပါ
တော့သည်။

ခွမ်း….

မှန်က အပိုင်းပိုင်းကွဲထွက်ကာ

ကောင်းကင်ထက်မှ

ပြုတ်ကျလာတော့သည်။

သို့သော်လည်း ဓားပိုင်းချက်က

ထိုနေရာတွင် မရပ်တန့်ခဲ့ပေ။

“မဟုတ်ဘူး....” အပေါ်ဖက်မှ

စူးစူးဝါးဝါးနှင့် သနားစရာကောင်းသော

အော်ဟစ်သံတစ်သံ

ထွက်ပေါ်လာသော်လည်း

ခဏအကြာမှာတော့

တိတ်ဆိတ်သွားခဲ့၏။

ဆူး....

အနက်ရောင်ဝတ်ရုံအမျိုးသား၏

ခန္ဓာကိုယ်က နှစ်ခြမ်းကွဲထွက်သွားသည်။

သူ၏ ကိုယ်တွင်းအင်္ဂါများ မြေပြင်အနှံ့

ပြန့်ကျဲကျလာသည်။

ပတ်ဝန်းကျင်က တိတ်ဆိတ်သွားသည်။

ယန်ယွဲ့က သူ့ရှေ့ရှိ လူသေအလောင်းကို

စိုက်ကြည့်နေရင်း မျက်လုံးထဲတွင်

လေးနက်သောအရိပ်အယောင်များရှိခဲ့သ
ည်။

အနက်ရောင်ဝတ်ရုံအမျိုးသားက
အသတ်ခံလိုက်ရသည့်တိုင်
အားနည်းသူမဟုတ်ခဲ့ပါ။
ဆန့်ကျင်ဖက်အားဖြင့်
အနက်ရောင်ဝတ်ရုံအမျိုးသားက
အလွန်သန်မာခဲ့သည်။ ထို့အပြင်

နောက်ထပ် ရောက်လာကြမည့်သူများက

ပို၍ပင်သန်မာပေလိမ့်မည်။

အနက်ရောင်ဝတ်ရုံအမျိုးသားက

အဆုံးမဟုတ်၊ အစပင် ရှိသေး၏။

ယန်ယဲ့က ဓားကို ပြန်သိမ်းကာ

နန်စီယင်ကို ကြည့်ပြီး

"သွားရအောင်"ဟုပြောလိုက်သည်။

နန်စီယင်က ခေါင်းညိတ်ပြပြီး

ယန်ယဲ့၏အနားကို လျှောက်လာခဲ့သည်။

ယန်ယဲ့က ဓားပျံကို မထုတ်တော့ဘဲ

နန်စီယင်နှင့်အတူ ဖြည်းညှင်းစွာ

လျှောက်လာခဲ့သည်။

ဤအချိန်တွင် နန်စီယင်က “ငါတို့တွေ

ရှာမန်ကမ္ဘာက

အသက်ရှင်လျက်ထွက်သွားနိုင်ပါ့မလား”

ဟု ရုတ်တရက် မေးလိုက်ပါသည်။

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး “ငါ သိပ်မသေချာဘူး။ ဒါနဲ့ မင်းအဖေလာရင် သေချာပေါက် ပြန်ထွက်သွားနိုင်မယ်ဆိုတာ သေချာလား"

နန်စီယင်က ခေါင်းညိတ်လိုက်ပြီး “ငါ့နန်စီကလန်ရဲ့ ရှေ့သက်တော်စောင့်တွေ

ပါရောက်လာကြမှာ။ ဒါ့အပြင် ကလန်ရဲ့ အကြီးအကဲဟောင်းတွေတောင် ပါလာလိမ့်မယ်။ အတိုချုပ်ပြောရရင် ရှာမန်မျိုးနွယ်ရဲ့ ရှာမန်ဖန်ဆင်းရှင် ဒါမှမဟုတ် တခြား ပညာရှင်အဆင့်တွေ ထွက်မလာရင် ငါတို့က သေချာပေါက် လွတ်မြောက်နိုင်တယ်”

ယန်ယဲ့က "မင်းအဖေက အရမ်းသန်မာနေပုံပဲ"ဟုပြောလိုက်သည်။

နန်စီယင်က ပြုံးပြီး “သူက အရမ်းသန်မာတယ်။ အရင်ကလို အနက်ရောင်ဝတ်ရုံအမျိုးသားနဲ့ အဆင့်တူ ၁၀ ယောက်ကို တစ်ချက်တည်းနဲ့ သတ်ပစ်နိုင်တယ်"

ယန်ယဲ့၏မျက်နှာက မည်းမှောင်သွားသည်။

ဒီမိန်းမက စကားလှအောင် ဘယ်လို

ပြောကမလဲမသိတာလား။

ဤအချိန်တွင် နန့်စီယင်က ရှက်ရွံ့စွာ

ပြုံးကာ "တကယ်တော့ နင်က

အရမ်းသန်မာတယ်။

နင်အသက်ကြီးလာတဲ့အခါ

ငါ့အဖေထက်တောင်

ပိုသန်မာလာလိမ့်မယ်"

ယန်ယဲ့ကပြုံးလိုက်သည်။
စကားပြောရန်ပြင်လိုက်ပြီးမှ ရှေ့သို့
ရုတ်တရက်မော့ကြည့်လိုက်မိသည်။
ဤအချိန်တွင် သူတို့ရှေ့ မလှမ်းမကမ်းမှ
မြေပြင်က ရုတ်တရက်
အက်ကွဲသွားသည်။ ထို့နောက်တွင်
မြေကြီးထဲမှ လက်မည်းကြီးတစ်ဖက်
ထိုးထွက်လာသည်။

ဒါက ဘာကောင်တုန်း...

ယန်ယွဲ့က မျက်မှောင်ကြုတ်လိုက်သည်။

translated by nyinyisoe.

May Be:

၂၂၇၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၇၁ - ဝမ်ကုန်းယန်

ဤအချိန်တွင် ယန်ယဲ့ နှင့်နန်စီယင်တို့
နှစ်ယောက်စလုံး သတိအပြည့်ဖြင့်
အခြေအနေကို စောင့်ကြည့်နေကြသည်။
ခဏအကြာတွင်တော့ မြေကြီးထဲမှ
ခေါင်းတစ်လုံးထိုးထွက်လာခဲ့သည်။

ယန်ယဲ့က သူ၏ဓားကို လျှပ်တစ်ပြက်
ဆွဲထုတ်ကာ ပိုင်းချလိုက်သည်။

ဓားအူသံတစ်သံထွက်ပေါ်လာပြီး

တလျှပ်လျှပ် တောက်ပနေသော

ဓားစွမ်းအင်တစ်စင်းက ခေါင်းဆီသို့

ပစ်လွှတ်လိုက်သည်။ ဤအချိန်တွင်

ခေါင်းက ရုတ်တရက် မျက်လုံးပွင့်လာပြီး

အနက်ရောင်လက်ဝါးတစ်ဖက်က

ယန်ယွဲ့၏ ဓားစွမ်းအင်ကို

ဖမ်းဆုပ်လိုက်သည်။

လက်ဗလာဖြင့် ဖမ်းဆုပ်လိုက်ခြင်းပင်။

ထိုနောက် ခေါင်းက ယန်ယဲ့ဘက်သို့

လှည့်ကာ အနည်းငယ်အက်ကွဲနေသော

အပြုံးတစ်ခုနှင့်ပြုံးသည်။

တစ်ချိန်တည်းတွင် သူ၏လက်ကို

ဖိညှစ်လိုက်သည်။

“ခွမ်း...”

ယန်ယဲ့၏ ဓားစွမ်းအင်က

အပိုင်းပိုင်းကွဲထွက်သွားသည်။

ခဏအကြာတွင် မြေကြီးထဲမှလူတစ်ဦး

တွားသွားထွက်လာခဲ့သည်။ ပြောစရာပင်

မလိုပေ ထိုလူ၏ရုပ်ရည်က

အတော်လေးကို ဆိုးရွားလှသည်။ ထိုပြင်

သူ၏ခေါင်းက ထူးခြားသော

ပုံစံတစ်ခုရှိနေသည်။

ရိုးရိုးရှင်းရှင်းပြောရလျှင်

သူ၏အသွင်အပြင်က

လူသားတစ်ယောက်ဟု လုံးဝ

ထင်မှတ်စရာမရှိပေ။

သူ၏ခြေလက်များက

ခြောက်ကပ်နေသော

အလောင်းကောင်တစ်ကောင်နှင့်ပင်

တူနေသေးသည်။

ယန်ယဲ့က နန်စီယင်ကို စိုက်ကြည့်ရင်း

“မင်းသူ့ကို မှတ်မိလား...”

နန်စီယင်က ခေါင်းခါပြသည်။

“မင်းတို့မကြာခင် သိလာလိမ့်မယ်”

ဤအချိန်တွင် မြေကြီးထဲမှ

ထွက်လာသောလူက

နန်စီယင်ကိုစိုက်ကြည့်ကာ “ဟီး...ဟီးဟီး

ဘယ်လောက်တောင် လှလိုက်တဲ့ အလှတရားလဲ…။ ခဏနေရင် ငါမင်းနဲ့ပျော်တဲ့အခါ တော်တော်လေး အံ့ဩစရာကောင်းမှာ သေချာတယ်။ ဟားဟား”

နန်စီယင်က ထိုစကားကို ကြားသောအခါ ချက်ချင်း မျက်မှောင်ကြုတ်သွားသည်။ ထိုပြင်သူမ၏မျက်လုံးထဲမှ

လူသတ်လိုစိတ်များပင်
တဖျပ်ဖျပ်လပ်နေခဲ့သည်။

တစ်ချိန်တည်းမှာပင်ထိုလူက
ရယ်မောလိုက်ပြီး "သူတို့ကိုယ် သူတို့
မြင့်မြတ်တယ်လို့
ထင်နေတဲ့အမျိုးသမီးတွေကို
ပျော်ပါရတာကြိုက်တယ်။
မင်းတို့အားလုံး ငါ့အောက်ပိုင်းကိုပဲ
လိုက်ကြည့်နေကြတာပဲ"

ယန်ယဲ့က စကားမပြောသေးဘဲ

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

“ဘယ်လိုတောင် စောက်ရူးတစ်ကောင်နဲ့

ဒီလိုမြင့်မြတ်နဲ့နေရာကို

မလှမပဖြစ်အောင်လုပ်နေတာ

ဘယ်ကအရူးကောင်လဲ…”

“ခစ်ခစ်…ခစ်”

နန်စီယင်က ယန်ယဲ့ပြောသော စကားကို ကြားသောအခါ ရယ်မောလိုက်သည်။ ဤအချိန်တွင် ထိုလူ၏မျက်နှာက ရက်စက်ကြမ်းကြုတ်သောအမူအရာ ချက်ချင်းပေါ်လာသည်။  ယန်ယဲ့ ထိုလူဆီကို ရုတ်တရက် လျှောက်လာခဲ့သည်။

သူက “အမှန်တိုင်းပြောရရင်

ရုပ်ဆိုးတာက မင်းအပြစ်မဟုတ်ဘူး။

ဒါပေမဲ့ ကိုယ့်ကိုယ်ကို

ရွံ့စရာကောင်းအောင်လုပ်နေတာကတော့

မင်းအပြစ်ပဲ”

“ခွေးကောင်လေး ငါမင်းကိုသတ်မယ်”

ထိုလူက

ဒေါသတကြီးအော်ဟစ်လိုက်သည်။

ထိုနောက် သူ၏အနက်ရောင်
လက်တစ်ဖက်ကို ဆန့်ကာ ယန်ယဲ့၏
ရင်ဘက်ကို လှမ်းရိုက်လိုက်သည်။

“ဘမ်း…”

ယန်ယဲ့က ခုခံနိုင်လိုက်ခြင်းမရှိပေ။

မီတာ (၃၀၀) အကွာအထိ
လွင့်ထွက်သွားသည်။ ဤမြင်ကွင်းကို

မြင်သောအခါ နန်စီယင်က

မျက်မှောင်ကြုတ်လိုက်သည်။

ထိုလူ၏အရှိန်က ထိုမျှပင်

မြန်ဆန်နေမည်ဟု မမျှော်လင့်ထားလို့ပါ။

ယန်ယွဲ့ကဲ့သို့ ကြောက်စရာကောင်းသော

အရှိန်ပိုင်ဆိုင်ထားသူပင်

တုံ့ပြန်နိုင်စွမ်းမရှိခဲ့ပေ။

ဤအချိန်တွင် ထိုလူက ပါးစပ်ထောင့်မှ လှောင်ပြောင်သရော်လိုသောအမူအရာဖြင့်

“အမိုက်၊ မင်းက...”

သို့သော်လည်း ယန်ယဲ့ကို မြင်သောအခါ သူ့အသံက ချက်ချင်း ရပ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ယန်ယဲ့၏ ခန္ဓာကိုယ်က ထိခိုက်ဒဏ်ရာ ရဖို့

အသာထား ခြစ်ရာလေးတစ်ခုပင်
ရှိမနေခဲ့ပေ။

ဤအချိန်တွင် ယန်ယဲ့က
သူ၏ရင်ဘက်ကို အသာအယာပုတ်ပြီး
ထိုလူကို မော့ကြည့်လိုက်သည်။
ပြောစရာမလိုအောင် ထိုလူက
အလွန်သန်မာ၏။ ကံမကောင်းစွာဘဲ
သူ၏တိုက်ခိုက်မှုက အနည်းငယ်
အားနည်းလွန်းခဲ့သည်။ ပြောရလျှင်

ထိုလူက အစောပိုင်းကသူသတ်ခဲ့သော

အနက်ရောင် ဝတ်ရုံအမျိုးသားထက်ပင်

အားနည်းနေသေး၏။

သို့သော် သူ၏အရှိန်ကတော့

အနက်ရောင်ဝတ်ရုံအမျိုးသားထက်

သာလွန်ခဲ့သည်။ ယန်ယဲ့က ဆက်ပြီး

အချိန်ဖြုန်းမနေတော့ပေ။

သူ၏ညာခြေကို တစ်ချက်ဆောင့်ကာ

အလင်းတန်းတစ်ခု အဖြစ်ပြောင်းလဲပြီး

ရှေ့သို့ ခုန်ထွက်လိုက်သည်။

တစ်ချိန်တည်းမှာပဲ ထိုလူက နေရာမှာပင်

ဖျတ်ခနဲ ပျောက်ကွယ်သွား၏။

ပတ်ဝန်းကျင်က

ခဏအကြာတိတ်ဆိတ်သွား၏။

ဤအခိုက်အတန့်တွင် ယန်ယွဲ့သည်

ထိုလူရပ်နေသည့် နေရာ၌ ရပ်နေခဲ့သည်။

ထိုလူက အစောပိုင်းက ယန်ယဲ့
ရပ်နေခဲ့သည့် နေရာမှာ ပေါ်လာခဲ့သည်။

နှစ်ယောက်စလုံးက နေရာချင်း
ဖလှယ်ပြီး ရပ်နေသလိုပင်။

ထိုလူက လှောင်ပြောင်ရယ်မောကာ
"ငါ့ကို အရှိန်ချင်း ပြိုင်နေတာလား...။
နောက်ထပ် နှစ်နည်းနည်းလောက်
ကြိုးစားလိုက်ဦး"

ယန်ယဲ့ကစကားပြန်မပြောပေ

နေရာမှာပင် ဖျတ်ခနဲ

ပျောက်ကွယ်သွားသည်။ ထိုလူကလည်း

နောက်တစ်ကြိမ် ပျောက်သွားပြန်သည်။

သို့သော်လည်း ယန်ယဲ့က လှုပ်ရှားနေရင်း

ရုတ်တရက် ရပ်တန့်သွားသဖြင့်

ထိုလူ၏အမူအရာက

သိသိသာသာပြောင်းလဲသွားခဲ့သည်။

အကြောင်းမှာ သူ့အပေါ်
လျှို့ဝှက်ဆန်းကြယ်သော
စွမ်းအားလှိုင်းများ လွှမ်းခြုံလာကြောင်း
သတိပြုမိလိုက်သောကြောင့်ပင်။

၎င်းကသူ၏အရှိန်ကို တစ်နည်းနည်းဖြင့်
ဖိနှိပ်နေခဲ့သည်။

“ငါ့ကို ဖိနှိပ်နေတာလား…”

ထိုလူက အကြီးအကျယ်

တုန်လှုပ်သွားခဲ့သည်။ ယန်ယဲ့က

သူ၏အရှိန်ကို ဖိနှိပ်ထားနိုင်မည်ဟု

မမျှော်လင့်ထားခဲ့ပေ။

ဤအချိန်တွင် ယန်ယဲ့က ထိုလူရှေ့တွင်

ပေါ်လာပြီး ပြိုးကာ ဓားဖြင့်

ပိုင်းချခဲ့သည်။

"အစ်ကိုဝမ် ငါ့ကို ကယ်ပါဦး"

ထိုလူက ရုတ်တရက်

အော်ဟစ်လိုက်သည်။ ထိုခဏလေးမှာပဲ

အဝေးတစ်နေရာမှ

အနက်ရောင်အလင်းတန်းတစ်ခု

လင်းလပ်လာသည်။

ထိုအနက်ရောင်အလင်းတန်းက

အလွန်လျင်မြန်ပြီး

ယန်ယွဲ့၏နောက်ကျောဆီသို့

တိုးဝင်လာသည်။

သို့သော်လည်း ယန်ယဲ့က လျစ်လျူရှုပြီး ထိုလူကိုသာ တိုက်ခိုက်လိုက်သည်။

“ဘမ်း…”

“ဆူး…”

အနက်ရောင်အလင်းတန်းက ယန်ယဲ့ကို ထိမှန်လိုက်သည်နှင့် တစ်ချိန်တည်းမှာပဲ

ယန်ယွဲ့၏ဓားက သူ့ရှေ့မှလူကို

နှစ်ခြမ်းခွဲချလိုက်သည်။ သို့သော်လည်း

ယန်ယွဲ့က

အနက်ရောင်အလင်းတန်းကြောင့်

လွင့်ထွက်သွားခဲ့သည်။

သူက မီတာ (၃၀၀) အကျော်အကွာအထိ

လွင့်ထွက်သွားပြီး နောက်မှသာ

ရပ်တန့်သွား၏။

ဤအချိန်တွင် သူနောက်ကျောမှာ

အနက်ရောင်

လက်ဝါးရာတစ်ခုရှိနေသည်။

ယန်ယဲ့က သူ့နောက်ကို

လှည့်ကြည့်လိုက်သည်။

သူ့နောက် မလှမ်းမကမ်းတွင်

လူတစ်ယောက် ရပ်နေသည်ကို

တွေ့လိုက်၏။ ထိုလူက

ရွှေရောင်တစ်ဝက် အနက်ရောင်တစ်ဝက်
ဝတ်စုံကို ဝတ်ဆင်ထားကာ အသက် (၂၅)
နှစ်ခန့်သာ ရှိသေးပုံရ၏။
ထူးခြားသည်မှာ သူ၏မျက်လုံးများက
ခရမ်းနက်ရောင် ဖြစ်နေခြင်းပင်။

နန်စီယင်က ရုတ်တရက်
ပြောလိုက်သည်။

"သူက နတ်မိစ္ဆာမျိုးနွယ်လား..."

ယန်ယဲ့က ထိုလူကို

ခဏစိုက်ကြည့်လိုက်သည်။ သူ့အနေဖြင့်

လောကသုံးပါးကို ရောက်ပြီးနောက်

နတ်မိစ္ဆာမျိုးနွယ်ဝင် တစ်ယောက်ကို

ပထမဆုံးအကြိမ်တွေ့ဖူးတာပါ။

ဤအချိန်တွင်

ရွှေနက်ရောင်ဝတ်ရုံဝတ်အမျိုးသားက

ယန်ယဲ့ကို စိုက်ကြည့်ပြီး ပြုံးကာ “မင်းက

ငါထင်ထားတာထက် အများကြီး သန့်မာနေပုံပဲ။ ငါ့အသိတွေအရ မင်းဟာ လူသားမျိုးနွယ်ရဲ့ တတိယမျိုးဆက်က ဉာဏ်ကြီးရှင်မဟုတ်ဘူး”

ယန်ယဲ့က ခေါင်းညိတ်ကာ “မကြာခင် ငါဖြစ်လာမှာပါ”

ထိုလူက တဟားဟား ရယ်လိုက်သည်။

“မင်းမှန်တယ်”

ထိုနောက်သူက နန်စီယင်ကို
စိုက်ကြည့်ကာ ဆက်ပြောလိုက်သည်။

“ပညာရှင်ရဲ့ အမွေအနှစ်က နန်စီကလန်ရဲ့
လက်ထဲကို ကျရောက်ဖို့
ငါမမျှော်လင့်ထားဘူး။ ကံမကောင်းစွာဘဲ
နန်စီကလန်က အဲ့ဒါကို ထိန်းထားနိုင်မှာ
မဟုတ်ဘူးထင်တယ်”

နန်စီယင်က “ငါ့အထင် နင်က ဝမ်ကုန်းယန်ဖြစ်သင့်တယ်။ ဟုတ်တယ်မလား...”

ထိုလူက ခေါင်းညိတ်ပြသည်။

“ဟုတ်တယ် မင်းပြောတာမှန်တယ်။ ငါက ဝမ်ကုန်းယန်ပဲ၊ တစ်ခုပြောပါရစေ ငါ့ကို နန်စီကလန်နဲ့ ခြိမ်းခြောက်ဖို့

ရည်ရွယ်ထားတယ်ဆိုရင် ဒါကဘာမှ ထူးခြားလာမှာမဟုတ်ဘူး။ ဒါအပြင် လူသားမျိုးနွယ်ရဲ့ မဟာဂိုဏ်းကြီးဆယ်ဂိုဏ်း၊ နတ်မိစ္ဆာမျိုးနွယ်၊ နတ်ဆိုးမျိုးနွယ် အဲ့ဒါတွေက ငါ့ဝမ်ကုန်းကလန်အတွက် ဘာခြိမ်းခြောက်မှုမှမဟုတ်ဘူး”

ဝမ်ကုန်းယန်က ပြုံးပြီး ဆက်ပြောလိုက်သည်။ “မှန်တယ် ငါ့

ဝမ်ကုန်းကလန်ကအကြောင်းပြချက်

မရှိဘဲနဲ့အခြား ရန်သူတွေ

ထပ်မရှာချင်ဘူး။ ဒါဆို ဘယ်လိုလဲ

မင်းက အမွေအနှစ်ကို ချန်ထားခဲ့လိုက်။

ဒါဆိုရင် အေးအေးဆေးဆေး

ထွက်သွားနိုင်ပြီ။ ဒါဟာ

ငါတို့အားလုံးအတွက်

အနိုင်နဲ့အနိုင်ပဲ။အဆင်ပြေလား…”

ထိုနောက် ဝမ်ကုန်းယန်က ယန်ယဲ့ကို

စိုက်ကြည့်ကာ ”ငါမင်းကို မေ့လုနီးပါးပဲ။

စကားနည်းနည်းတော့

ပြောဖြစ်မယ်ထင်တယ်။ ခဏစောင့်ပါ။

ငါသူနဲ့အရင်ဆုံး ရင်ဆိုင်လိုက်ဦးမယ်”

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့ဆီ

ဖြည်းညင်းစွာ လျှောက်လာခဲ့သည်။

“ငါ့ကို ရင်ဆိုင်မှာလား…” ယန်ယွဲ့က
ရုတ်တရက် ရယ်မောလိုက်သည်။

ဝမ်ကုန်းယန်က “ဘာလဲ…”

ယန်ယွဲ့ကပြုံးလိုက်ပြီး
“ရိုးရိုးသားသားပြောရရင်မင်းလို
အမှိုက်ကောင် (၁၀)
ယောက်လောက်ဆိုရင်တောင် ငါ့အတွက်
ပြဿနာမဟုတ်ဘူး”

“(၁၀) ယောက်လား...” ဝမ်ကုန်းယန် က ရုတ်တရက်ရယ်မောလိုက်သည်။

သူက ခဏကြာသည်အထိ ရယ်မောနေသည်မှ ယန်ယွဲ့ကို ပြန်ကြည့်ကာ “ဒါက ငါကြားဖူးသမျှအထဲမှာ အကြီးမားဆုံးသော ဟာသပဲ။

ငါ့ကိုပြောစမ်း မင်းကို ဒီလောက်

ယုံကြည်မှုရှိစေတာ ဘာတွေလဲ…”

ယန်ယွဲ့က နန်စီယင်ကို စိုက်ကြည့်ရင်း

“ကောင်းပြီ

ငါဘယ်လောက်သန်မာတယ်ဆိုတာ

မင်းမသိချင်ဘူးလား…”

နန်စီယင်က ခေါင်းညိတ်ပြသည်။

ယန်ယဲ့က ပြုံးလိုက်ပြီး
“ကံမကောင်းစွာဘဲ မင်းအခုထိ
မြင်နိုင်ဦးမှာ မဟုတ်ဘူး”

နန်စီယင်က “ဘာဖြစ်လို့လဲ…”

ယန်ယဲ့က ဝမ်ကုန်းယန်ကို ညွှန်ပြပြီး
“ဒီလိုကောင်မျိုးက ငါ့ခွန်အားရဲ့ ၃၀%
လောက် သုံးရုံနဲ့ လုံလောက်တယ်”

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့က

နေရာမှာပင် ဖျတ်ခနဲ

ပျောက်ကွယ်သွားသည်။

ထိုခဏလေးမှာပဲ သူက

ဝမ်ကုန်းယန်ရှေ့တွင် ရောက်နေခဲ့သည်။

ထိုနောက် သူ၏ဓားကို ဆွဲထုတ်ကာ

ပိုင်းချလိုက်သည်။

ဝမ်ကုန်းယန်၏ ပါးစပ်ထောင့်များက

အနည်းငယ် ကွေးညွတ်သွားသည်။ သူက

ပြန်ပြီးတိုက်ခိုက်ရန် ပြင်လိုက်သည်။

သို့သော်လည်း ယန်ယွဲ့ထံမှ

မီးတောက်များ ရုတ်တရက်

ထွက်ပေါ်လာပြီး ဓားကို

လောင်ကျွမ်းသွားသည်။

မီးတောက်ဓား။

မီးတောက်က အခြားမဟုတ်ပေ

နတ်ယင်မီးတောက်ပင် ဖြစ်သည်။

ယန်ယဲ့က နတ်ယင်မီးတောက်ကို

မသုံးသည်မှာ အချိန်အတော်လေး

ကြာနေပါပြီး။ အကြောင်းကတော့

သူ၏ခွန်အားများ

တိုးတက်လာသည်နှင့်အမျှ

ပြင်ပအင်အားများကို

သုံးစရာမလိုတော့သောကြောင့်ပါ။

သူကပြင်ပအကူအညီကို

အမြဲတမ်းအသုံးပြုလိုခြင်းမရှိပေ။

သို့သော်လည်း အသုံးမပြုတော့ဟု

ဆိုလိုခြင်းမဟုတ်ပေ။

နတ်ယင်မီးတောက် ပေါ်လာသည်နှင့်

တစ်ပြိုင်နက်

ဝမ်ကုန်းယန်၏အမူအရာက

သိသိသာသာပြောင်းလဲသွားကာ

သူ၏လက်ထဲ၌
လှံတစ်ချောင်းပေါ်လာသည်။

ခဏကြာသည့်တွင် လှံက အနက်ရောက်
အလင်းများ
တလျှပ်လျှပ်တောက်ပလာပြီး ယန်ယဲ့၏
ဓားပိုင်းချက်ကို တန်ပြန်
ထိုးချလိုက်သည်။ သို့သော်
နတ်ယင်မီးတောက်ကို ထိလိုက်သည်နှင့်

အနက်ရောင်အလင်းတန်းက
ပျံ့ကြဲသွားသည်။

ဤအချိန်တွင် မီးတောက်ဓားက
ပိုင်းချလာခဲ့သည်။

“ဘမ်း…”

တိုက်ခိုက်နေသည့် နေရာမှ
ကြောက်မက်ဖွယ်ရာ

စွမ်းအင်လှိုင်းလုံးများ ထွက်ပေါ်လာကာ
ပတ်ဝန်းကျင်အာကာသပြင်က
ပြင်းထန်စွာ တုန်ခါသွားသည်။

“ဘုန်း…ဘုန်း…ဘုန်း…”

ပြင်းထန်သော ပေါက်ကွဲသံများ
ဆက်တိုက် ထွက်ပေါ်လာပြီးနောက်
စွမ်းအင်လှိုင်းများ အကြားမှ ပုံရိပ်တစ်ခု
လွင့်ထွက်လာသည်။ ယန်ယဲ့တော့

မဟုတ်ခဲ့ပေ။ ဝမ်ကုန်းယန်ပင်ဖြစ်သည်။

ယန်ယဲ့က ထပ်ပြီး တုံ့ဆိုင်းမနေခဲ့ပေ။

ဝမ်ကုန်းယန်၏ပုံရိပ်

လွင့်ထွက်လာသည်နှင့် တစ်ပြိုင်နက်

နေရာမှာပင်

ဖျတ်ခနဲပျောက်ကွယ်သွားသည်။

“ခုတ်ပိုင်းစမ်း”

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏ အသံထွက်ပေါ်လာသည်။ ထိုနောက် မီးတောက် ဓားစွမ်းအင်က ကောင်းကင်အထက်မှ ကြွေကျလာသည့် ကြယ်တစ်စင်းအလား ဝမ်ကုန်းယန်ဆီသို့ ကျဆင်းသွားသည်။

“ဘုန်း…”

ပေါက်ကွဲသံ တစ်ခု

ထွက်ပေါ်လာပြီးနောက် ဝမ်ကုန်းယန်က

နောက်တစ်ကြိမ်

လွင့်ထွက်သွားပြန်သည်။ ဤအချိန်တွင်

သူ၏တစ်ကိုယ်လုံး ကွဲထွက်သွားပြီး

သူ၏ခေါင်းပင် အက်ကွဲနေကာ

တစ်ခုခုနှင့် ထုရိုက်မိသော

ကြွေပန်းအိုးတစ်လုံးလိုပင် ဖြစ်နေသည်။

မြင်ရသည်မှာ အလွန်ကြောက်စရာ ကောင်းလှ၏။

ဝမ်ကုန်းယန်၏မျက်နှာ တစ်ခုလုံးက ချက်ချင်းပင် သွေးများ ဖုံးလွှမ်းထားသည်။ သို့သော် ယန်ယဲ့က မရပ်တန့်ခဲ့ပေ။ သူက ဝမ်ကုန်းယန်၏အထက် လေထဲတွင် ပေါ်လာခဲ့သည်။

ထိုနောက် ဝမ်ကုန်းယန်ကို ငုံ့ကြည့်ကာ

အနည်ငယ်ပြုံးလိုက်ပြီး

“နတ်မိစ္ဆာမျိုးနွယ်ရဲ့

ညာဏ်ကြီးရှင်လား...။ ငါ့အမြင်အရ

ညာဏ်ကြီးရှင်တွေက ငါ့အတွက်

ခြေနင်းကျောက်တုံးသာသာပဲရှိတယ်”

ထိုစကားပြောပြီးသည်နှင့်

မီးတောက်ဓားကို လက်နှစ်ဖက်နှင့်

ဆုပ်ကိုင်ကာ ဝမ်ကုန်းယန်ကို တည့်တည့် ပိုင်းချလိုက်၏။

ဝမ်ကုန်းယန်၏မျက်လုံးများက ကျဉ်းမြောင်းလာသည်။ သူက သေခြင်းတရား ရောက်လာမည့်အချိန်ကို စောင့်ဆိုင်းနေမည် မဟုတ်ပေ။ ထိုကြောင့်သူထံမှ ကြောက်မက်ဖွယ်ရာကောင်းသော အနက်ရောင် စွမ်းအင်လှိုင်းကြီးတစ်ခု

ရုတ်တရက် ထွက်ပေါ်လာပြီး လေထဲသို့ လွင့်ပျံလာသည်။

သို့ရာတွင် နတ်ယင်မီးတောက်နှင့် ထိတွေ့လိုက်သောအခါ အနက်ရောင်စွမ်းအင်လှိုင်းက ချက်ချင်းပင် လောင်ကျွမ်းခံလိုက်ရလေသည်။

"ဆူး..."

ထိုခဏလေး အတွင်းမှာပဲ

မီးတောက်ဓားက ဝမ်ကုန်းယန်၏

ခေါင်းထက်သို့ ပိုင်းချလိုက်သည်။

သွေးများ ဖြန်းခနဲ ဖြန်းခနဲ

ပန်းထွက်လာပြီး ဤအချိန်တွင်

ဝမ်ကုန်းယန်၏ ခန္ဓာကိုယ်က

တောင့်တင်းလာသည်။ ယန်ယဲ့က

ဝမ်ကုန်းယန်၏

နောက်ကနေပေါ်လာသည်။

ထိုနောက်သူ၏ လက်ကို ဖွဲ့ယမ်း
လိုက်သည်။ မီးတောက်ဓားက
ပျောက်ကွယ်သွားပြီး သူ့လက်ထဲတွင်
သာမန်ဓားတစ်လက်ပေါ်လာသည်။

သူက ခဏမျှ တိတ်ဆိတ်နေပြီးနောက်
ကောင်းကင်ကို မော့ကြည့်လိုက်ပြီး
"ငါက ဘယ်သူ့ကိုမှ ပစ်မှတ်မထားဘူး။
ရိုးရိုးသားသားပြောရရင် မင်းတို့
အားလုံးက အမှိုက်တွေဘဲ။

အချိန်ဖြုန်းနေတာကို ရပ်လိုက်ပါ။

လိုချင်ရင် အကုန်လုံး တစ်ခါတည်း ငါ့ဆီ

လာခဲ့ကြ။ မင်းတို့အားလုံး”

နန်စီယင်က အံ့အားသင့်သွားပြီး

စကားပင် မပြောနိုင်တော့ပေ။

Translated By NyiNyiSoe

May Be:

၂၂၇၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၇၂ - ဉာဏ်အလင်းသခင် ၄

ယောက်၏ပူးပေါင်းတိုက်ခိုက်မှု

“အားလုံး တစ်ခါတည်း တက်လာခဲ့ကြ”

သို့သော် ယန်ယဲ့က အရှူးမဟုတ်ပေ။

သူက လူတိုင်းကို ရည်ရွယ်ချက်ရှိရှိ

ဒေါသထွက်အောင် မလုပ်ခဲ့ပါ။

သို့သော်လည်း သူ့အမြင်အရတော့ ပိုပြီး သန်မာလေလေ ရောက်လာသူတိုင်းက ကြောက်စရာကောင်းလေလေပင်။

မည်သို့ပင်ဖြစ်စေ အမှောင်ရိပ်ထဲမှ ပုန်းအောင်းနေသူများက သေချာပေါက် တိုက်ခိုက်ပါလိမ့်မည်။ ထိုသို့ဖြစ်လေရာ ဒေါ်သထွက်အောင်လုပ်သည်ဖြစ်စေ၊ ငြိမ်နေလိုက်သည်ဖြစ်စေ ဘာကွဲပြားမှုမှ မရှိတော့ပါ။

သို့သော် အကျိုးကျေးဇူးတစ်ခုတော့
ရှိခဲ့သည်။ ၎င်းသည် ထိုလူများကို
သတိပေးလိုက်ခြင်းပင်။
သူကပိုသန်မာလေလေ ထိုလူများက
ပိုကြောက်လေလေပင် မဟုတ်ပါလား...။

ပတ်ဝန်းကျင်က
ရုတ်တရက်တိတ်ဆိတ်သွား၏။
ဤအချိန်တွင်အားလုံးက ယန်ယွဲ့ကို

ကြည့်နေကြသည်။

အဘယ်ကြောင့်ဆိုသော် ထိုလူက သူတို့

ထင်ထားသည့်ထက်ပင်

အများကြီးပိုသန်မာနေသောကြောင့်ပါ။

ယန်ယဲ့က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

ဘယ်သူမှမတိုက်ခိုက်သည်ကို

မြင်သောအခါ

နန်းစီယင်ကိုကြည့်ကာ“သွားရအောင်” ဟုပြောလိုက်သည်။

နန်းစီယင်က အနည်းငယ် ခေါင်းညိတ်ပြပြီး ယန်ယဲ့ဘေးနားသို့ လျှောက်လာသည်။ သူတို့နှစ်ယောက်က မြောက်ပိုင်းကောင်းကင်မြို့တော်ဘက်သို့ ထွက်ခွာသွားကြသည်။ သို့သော် ဤအချိန်တွင် နှစ်ယောက်စလုံးက

အနည်းငယ်မြန်မြန်လျှောက်လာကြသည်

။

သို့သော်လည်း ခဏအကြာတွင်

ရုတ်တရက် ရပ်သွားခဲ့သည်။

သူတို့ရှေ့တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ရုတ်တရက် ပေါ်လာလို့ပါ။

သက်လတ်ပိုင်းအဘိုးအို၏အကြည့်က

နန်စီယင်၏ နဖူးအလယ်သို့
ခဏမျှကြာအောင် စိုက်ကြည့်နေသည်။

ထိုနောက် ယန်ယဲ့ကို စူးစိုက်ကြည့်ကာ
“ငါအချိန်မဖြုန်းချင်ဘူးဆိုပေမဲ့
စကားနည်းနည်းတော့
ပြောချင်သေးတယ်။ မင်းပိုင်ဆိုင်တဲ့
သဘာဝစွမ်းရည်ကို အခြေခံရင်
အနာဂတ်က အကန့်အသတ်
မရှိတာသေချာတယ်။ ဒါဆို ဘာလို့များ

ဒီမှာရှိတဲ့ လူအများကြီးကို သေတဲ့အထိ တိုက်ခိုက်ပြီး စော်ကားနေတာလဲ…”

ယန်ယဲ့က အနည်းငယ်ပြုံးပြီး “မင်းရဲ့ လက်ရှိ ကျင့်ကြံမှုအဆင့်ကိုရဖို့လည်း ခက်လိမ့်မယ်။ ဒါဆိုဘာလို့ အမွေအနှစ်တစ်ခုအတွက် မင်းရဲ့ ခေါင်းကို အဆုံးအရှုံးခံမှာလဲ…”

သက်လတ်ပိုင်းအမျိုးသားက ခေါင်းကို
အနည်းငယ် ခါယမ်းလိုက်ပြီး
“ငါ့အသက်ကို စတေးလို့ အောင်မြင်ခဲ့ရင်
ငါ့ကံကြမ္မာက ပြောင်းလဲသွားလိမ့်မယ်”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

“မင်းမှန်ပါတယ် ဒါဆို လာခဲ့ပါ”

သက်လတ်ပိုင်းအမျိုးသားက

ကောင်းကင်ကို ရုတ်တရက်

မော့ကြည့်ရင်း “လူတိုင်း

သူ့အသက်ရှင်နေသေးရင်

ပညာရှင်အမွေအနှစ်ကို လုယူဖို့ဆိုတာ

အိမ်မက်ပဲ မက်နိုင်တော့မယ်။ ဒါကြောင့်

အချင်းချင်း သတိထားပြီး

ကြောက်ရွံ့နေမဲ့အစား

လောလောဆယ်မှာ ငါတို့က ဘာကြောင့်

မပူပေါင်းတာလဲ…။

သူ့ကိုဖယ်ရှားပြီးတာနဲ့

ပညာရှင်အမွေအနှစ်ကို ငါတို့က

ဆွေးနွေးနိုင်တယ်။ အားလုံး

ဘယ်လိုထင်ကြလဲ…”

သို့သော် ကောင်းကင်ပြင်အထက်က

တိတ်ဆိတ်မှုသာ ပြည့်နေသည်။

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားက

ဆက်ပြောရန် ပြင်လိုက်၏။ သို့ရာတွင်

ယန်ယဲ့က နေရာမှာတင် ဆတ်ခနဲ

ပျောက်ကွယ်သွားသည်။

တစ်ချိန်တည်းမှာပဲ

မီးတောက်ဓားစွမ်းအင်

အလင်းတန်းတစ်ခု လင်းလပ်လာပြီး

ဓားစွမ်းအင် ဖြတ်သွားသည့်

အာကာသပြင်တစ်လျှောက်

သာမန်နေရာတစ်ခုအဖြစ်ပြောင်းလဲသွား

သည်အထိ လောင်ကျွမ်းခံလိုက်ရသည်။

ယန်ယဲ့ ရုတ်တရက်

တိုက်ခိုက်လိုက်သည်ကို မြင်သောအခါ

သက်လတ်ပိုင်း

အမျိုးသား၏အမူအရာက

ပြောင်းသွားသည်။ သူက

ယန်ယဲ့၏ခွန်အားကို

လက်တွေ့မြင်ဖူးထားလို့ပါ။

ပေါ့ပေါ့ဆဆ ပြုမူဝံ့ခြင်းမရှိပေ။

သူ့လက်ထဲတွင်

အနက်ရောင်ဒိုင်းကာတစ်ခု ရုတ်တရက်

ပေါ်လာပြီး

အေးစက်စက်အလင်းတန်းတစ်ခု

လင်းလက်လာခဲ့သည်။

ထိုနောက် သူ၏ညာခြေကိုနင်းကာ

ဒိုင်းကာကို သူ့ရှေ့တည့်တည့်မှာ

ကာထားလိုက်ပြီး ယန်ယဲ့၏ မီးတောက်

ဓားစွမ်းအင်ကို ရိုက်ချလိုက်သည်။

“ဘမ်း…”

ယန်ယဲ့၏မီးစွမ်းအင်က

အပိုင်းပိုင်းကွဲထွက်သွားသည်။

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသား၏ပုံရိပ်က

ယန်ယဲ့ဆီသို့ ခုန်ဝင်လာခဲ့သည်။

ဖိအား။

ယန်ယဲ့က သူ့အပေါ်ကျရောက်လုနီးပါး ဖိအားများကို ခံစားလိုက်ရသည်။ ရောမတောင်ကြီးတစ်လုံး သူ့အပေါ် ဖိချလာသလိုပင်။ သို့သော် ယန်ယဲ့က သတိလက်လွှတ် ဖြစ်သွားခြင်းမရှိချေ။

သက်လတ်ပိုင်းအမျိုးသားက

တစ်ယောက်တည်းဖြင့်

တိုက်ခိုက်ရဲသည်ဖြစ်ရာ သေချာပေါက်

အားနည်းမည်မဟုတ်ပေ။ ယန်ယွဲ့က

သူ၏အတွေးများကိုထိန်းကာ

သက်လတ်ပိုင်းအမျိုးသားကို

ခနစိုက်ကြည့်နေသည်။

သက်လတ်ပိုင်းအမျိုးသားက

သူ့ရှေ့ရောက်လာသည်နှင့် မီးစားကို

ဆတ်ခနဲ လိမ်ကာ

ရှေ့လှမ်းထိုးလိုက်သည်။

သူကအနက်ရောင် ဒိုင်းကာကို

လှမ်းထိုးလိုက်ခြင်းပင်။

“ခွမ်း...”

ပတ်ဝန်းကျင်တွင် ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာ၏။ ယန်ယွဲ့နှင့်

သက်လတ်ပိုင်း အမျိုးသား၏အနီးနားရှိ

အာကာသပြင်က ပြင်းထန်စွာ
တုန်ခါသွားပြီးနောက် နှစ်ယောက်စလုံး
နောက်ပြန်ဆုတ်သွားကြသည်။

နှစ်ယောက်စလုံးက ၁ ကီလိုမီတာ
အကွာအကျော်အထိ ဆုတ်သွားပြီးမှ
ရပ်တန့်သွားကြသည်။ သို့သော်
သက်လတ်ပိုင်းအမျိုးသား၏ လက်ထဲမှ
အနက်ရောင်ဒိုင်းကာဟာ
ကွဲအက်သွားသည်။

စိတ်ဝိညဉ်ဖျက်ဆီးခြင်းဓား။

အရာခပ်သိမ်း၏အသိစိတ်ကို

ဖျက်ဆီးခြင်း။

အနက်ရောင် ဒိုင်းကာပေါ်မှ

အက်ရာများကို မြင်လိုက်သောအခါ

သက်လတ်ပိုင်းအမျိုးသားက

မျက်နှာပျက်သွားသည်။ သူ၏ဒိုင်းကာက

အဆင့်မြင့် ကေရာဇ်အဆင့်

အကာအကွယ်ရတနာဖြစ်သည်။
သို့သော်လည်း ဓားတစ်ချက်တည်းဖြင့်
ကွဲထွက်သွားခဲ့ရသည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို
မော့ကြည့်လိုက်သည်။ သို့မဟုတ်
အတိအကျ ပြောရလျှင်
ယန်ယဲ့၏လက်ထဲမှ ဓားကို
စိုက်ကြည့်နေခြင်းဖြစ်သည်။

ဤအချိန်တွင် ယန်ယဲ့မှာ နေရာမှာပင်
ဖျတ်ခနဲ ပျောက်ကွယ်သွားသည်။

ထိုနောက်သက်လတ်ပိုင်းအမျိုးသား၏မျ
က်လုံးထဲမှ အလင်းတန်းများ
တလျှပ်လျှပ်ထွက်ပေါ်လာသည်။
သူ၏မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားကာ
ရက်စက်ကြမ်းကြုတ်မှုများ
တဖျတ်ဖျတ်ပေါ်လာပါတော့သည်။

သက်လတ်ပိုင်း အမျိုးသားက

သူ၏လက်သီးများကို

ဖြည်းညင်းစွာဆုပ်ထားလိုက်သည်။

“ဘမ်း…”

သူ၏ခန္ဓာကိုယ်မှ အပြာရောင်

စွမ်းအင်လှိုင်းများ ဖြာထွက်လာပြီး

လက်သီးနှစ်ဖက်ကို ရှေ့သို့
ပြိုင်တူလှမ်းထိုးလိုက်သည်။

"ဘုန်း..."

ရောမပေါက်ကွဲသံကြီး
ထွက်ပေါ်လာသည်။ သက်လတ်ပိုင်း
အမျိုးသား၏ လက်သီးချက်က
မီးဓားစွမ်းအင်ကို ချေဖျက်သွားခဲ့သည်။
သို့သော်လည်း ယန်ယဲ့က သက်လတ်ပိုင်း

အမျိုးသားရှေ့တွင်
ဖျတ်ခနဲပေါ်လာသည်။

ထိုနောက်တွင်တော့ မီးဓားစွမ်းအင်
မြောက်များစွာ ဖြာထွက်လာပြီး
သက်လတ်ပိုင်း အမျိုးသားကို
လွှမ်းခြုံသွားတော့သည်။

“ဘမ်း…ဘမ်း…ဘမ်း”

ဓားအူသံများ အဆက်မပြတ်

ပဲ့တင်ထပ်နေခဲ့သည်။

အသက်ရှူ (၁၀)ရှိုက်လောက် အကြာတွင်

ထိုနေရာမှ ပုံရိပ်တစ်ခု

လွင့်ထွက်လာခဲ့သည်။ နန်စီယင်က

ထိုမြင်ကွင်းကို မြင်သောအခါ

သက်ပြင်းတစ်ချက် ချလိုက်သည်။

လွင့်ထွက်လာသူက ယန်ယဲ့ မဟုတ်ဘဲ သက်လတ်ပိုင်းအမျိုးသားဖြစ်နေလို့ပါ။

ဤအချိန်တွင် ယန်ယဲ့က မရပ်တန့်ဘဲ သက်လတ်ပိုင်း အမျိုးသားဆီသို့ ခုနဝင်သွားသည်။ သို့သော်လည်း ကောင်းကင်အထက်မှ အနက်ရောင် အရိပ်တစ်ခု ရုတ်တရက်ဆင်းသက်လာသောကြောင့် ယန်ယဲ့က တိခနဲ ရပ်တန့်လိုက်သည်။

ရပ်တန့်လိုက်သည်နှင့်
လက်ကိုမြှောက်ကာ မီးဓားကို လေထဲသို့
ပစ်လွှတ်လိုက်သည်။

“ဘုန်း…”

အနက်ရောင် အရိပ်က
ချက်ချင်းလွင့်ထွက်သွားခဲ့သည်။
ဤအချိန်တွင် ကောင်းကင်ယံ အထက်၌
အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးတစ်

ဦး ပေါ်လာခဲ့သည်။ သူမအပြင်
ဟန်ရိုးရာဝတ်စုံဝတ်လူငယ်တစ်ဦးနှင့်
အနက်ရောင်ဝတ်ရုံဝတ်အမျိုးသားတစ်
ဦးလည်း ရှိနေခဲ့သည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက
ယန်ယဲ့ကို ငုံ့ကြည့်ပြီးနောက်
အောက်ဘက်ရှိ
သက်လတ်ပိုင်းအမျိုးသားကို

စိုက်ကြည့်ရင်း “သူ့ကိုအရင် သတ်လိုက်ကြရအောင်”

ထိုစကားပြောပြီးသည်နှင့် သူမ၏လက်ထဲတွင် အနက်ရောင် ကြာပွတ်တစ်ချောင်းပေါ်လာသည်။ ထိုနောက် သူမ၏ လက်ကို အနည်းငယ် လှုပ်လိုက်ရာ ကြာပွတ်ရှည်က အနက်ရောင် လျှပ်စီးအလား ကောင်းကင်ကနေ ပိုင်းချလာခဲ့သည်။

ယန်ယဲ့က သူ၏ဓားကို

ပိုင်းချလိုက်သည်။ ဤအချိန်တွင်

ကြာပွတ်က အရှည် ၁ ကီလိုမီတာနီးပါး

ရှည်လျားသော ရောမ

စပါးအုံးမြွေကြီးတစ်ကောင်အဖြစ်

ပြောင်းလဲသွားသည်။ ထိုရောမ

စပါးအုံးကြီးက ပါးစပ်ကို ဖွင့်ဟလျက်

ယန်ယဲ့ဆီသို့ ကိုက်ချလိုက်သည်။

သို့သော် ယန်ယဲ့က ရှောင်ဖို့

မကြိုးစားပေ။ သူ့အပေါ်ကို ဆင်းလာခွင့်ပြုလိုက်သည်။

ရောမ စပါးအုံးကြီးက သူ့အား မျိုးချခါနီးတွင် ယန်ယဲ့၏ ခန္ဓာကိုယ်ထဲမှ မီးတောက်များ ရုတ်တရက် ထွက်ပေါ်လာသည်။

“ဘုန်း...”

ခဏအကြာတွင် ရောမ စပါးအုံးကြီးက

မီးလောင်ကျွမ်းသွားပြီး

ပြာအဖြစ်ပြောင်းလဲ သွားခဲ့သည်။

ဤမြင်ကွင်းကြောင့်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက

မျက်မှောင်ကြုတ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့က

အမျိုးသမီးရှေ့သို့ ရောက်လာသည်။

သို့သော်လည်း ယန်ယဲ့၏နောက်ကွယ်မှ

ဟန်ရိုးရာဝတ်စုံဝတ် လူငယ်တစ်ဦး

ရုတ်တရက်ပေါ်လာသဖြင့် သူက

အမျိုးသမီးကို တိုက်ခိုက်နိုင်ခြင်း မရှိပေ။

ထိုနောက်တွင်နွားအမွေးကဲ့သို့

ပါးလွှာသော အေးစက်စက်

အလင်းတန်းများက ယန်ယွဲ့ အပေါ်သို့

အဆက်မပြတ် ဆင်းသက်လာပြီး

ဖုံးအုပ်သွားခဲ့သည်။

“ဖယ်စမ်း”

ယန်ယဲ့၏ အေးစက်စက်အသံ
ပဲ့တင်ထပ်လာပြီးနောက်  စူးရှသော
ဓားစွမ်းအင် တစ်စင်းက
ထိုအလင်းတန်းများကို
ခွဲထုတ်ပစ်လိုက်ပြီး  တစ်ချိန်တည်းမှာပင်
ဓားစွမ်းအင်က ပျံ့ကြဲမသွားဘဲ
ဟန်ရိုးရာဝတ်စုံဝတ် လူငယ်ဆီသို့
တိုးဝင်သွားခဲ့သည်။

"ဘုန်း..."

လူငယ်က ခုခံနိုင်လိုက်ခြင်း မရှိပေ။ (၃)

ကီလိုမီတာ အကွာသို့

လွင့်ထွက်သွားခဲ့သည်။ သို့သော်

လူငယ်လွင့်ထွက်သွားသည့်အချိန်တွင်

ယန်ယဲ့၏အရှေ့မှအမျိုးသမီးက

လေထဲသို့ ရုတ်တရက်လွင့်မျောသွားပြီး

လက်နှစ်ဖက်ကို ရှေ့တန်းကာ

ထူးဆန်းသော တံဆိပ်တစ်ခု

ဖန်တီးလိုက်၏။

ထိုခဏလေးမှာပဲ ယန်ယွဲ့၏

ပတ်ဝန်းကျင်ရှိ အာကာသပြင်က

တုန်လှုပ်လာသည်။

ထိုအမျိုးသမီးက ရုတ်တရက်

“အာကာသ ချုပ်နှောင်ခြင်း”

ထိုနောက်တွင်တော့ ယန်ယဲ့၏

အနီးအနားရှိ အာကာသပြင်က

ရုတ်တရက် ပွင့်ထွက်သွားသည်။

အာကာသ အက်ကြောင်းထဲမှ

မရေမတွက်နိုင်သော အလင်းတန်းများ

ရုတ်တရက် ထွက်ပေါ်လာပြီး ယန်ယဲ့ကို

ချက်ချင်းဖုံးလွှမ်းသွားသည်။

“ဖြန်း…ဖြန်း…ဖြန်း…ဖျစ်…ဖျစ်…ဖျစ်…”

အသားလှီးဖြတ်လိုက်သော အသံက
အဆက်မပြတ် ပဲ့တင်ထပ်နေခဲ့သည်။

ဤအချိန်တွင် နန်စီယင်က
လက်သီးများကို
တင်းတင်းဆုပ်ထားသည်။
အချိန်အနည်းငယ် ကြာပြီးနောက်တွင်
အလင်းတန်းများ
တဖြည်းဖြည်းပျောက်ကွယ်သွားခဲ့သည်။
သို့သော်လည်း

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးကချ
က်ချင်း မျက်မှောင်ကြုတ်သွားသည်။

ယန်ယဲ့

အသက်ရှင်နေသေးသောကြောင့်ပါ။

သို့သော် သူ၏ဝတ်ရုံကတော့

မရေမတွက်နိုင်အောင်

အပိုင်းပိုင်းဖြစ်နေခဲ့သည်။

သူ၏တစ်ကိုယ်လုံး သွေးဒဏ်ရာများ

ရှိနေသော်လည်း သွေးထွက်မနေခဲ့ပေ။

အမှန်တော့ ယန်ယဲ့၏ ရုပ်ခန္ဓာက

ထိုအသေသတ်တိုက်ကွက်ကိုကောင်း

ကောင်းကြီး ခုခံနိုင်ခဲ့သည်။

ဤမြင်ကွင်းကြောင့်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးနှင့်အ

ခြား လူတိုင်း၏အမူအရာများက

အတော်လေးကို ဆိုးရွားသွားခဲ့သည်။

ယန်ယဲ့၏ရုပ်ခန္ဓာက

ကြောက်စရာကောင်းသော်လည်း

ထိုမျှအတိုင်းအတာအထိ

ရောက်နေလိမ့်မည်ဟု မည်သူမျှ

မမျှော်လင့်ထားခဲ့ကြပေ။ လုံးဝကို

ကြောက်စရာကောင်းလှသည်။

ယန်ယဲ့က နောက်ထပ်

ဝတ်ရုံအသစ်တစ်ခုကို

ပြောင်းလဲဝတ်ဆင်လိုက်သည်။

ထိုနောက်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးကို

လှမ်းကြည့်ကာ

အလင်းတန်းတစ်ခုအဖြစ်

ပြောင်းလဲသွားသည်။ ဒီအချိန်မှာ သူက

ဓားနယ်မြေနဲ့ ဒုတိယ ဓားချက်ကိုပါ

တစ်ခါတည်း ပေါင်းစပ်ထားလိုက်သည်။

ထိုကြောင့် သူ၏အရှိန်က

အလင်းထက်ပင် မြန်ဆန်နေခဲ့သည်။

သို့သော်လည်း

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက

သတိအပြည့်ထားနေသည်ဖြစ်ရာ ယန်ယွဲ့

ခုန်ဝင်လာသည်နှင့် သူမရှေ့ရှိ

အာကာသပြင်က အလွှာလိုက်

ထပ်လာသည်။

တစ်ချိန်တည်းမှာပင်

သူမ၏ရှေ့တည့်တည့်

အာကာသပြင်ထဲမှ

အေးစက်စက်အလင်းတန်းများ

အဆက်မပြတ်ထွက်လာသည်။

“ဘုန်း…”

ကျယ်လောင်သော ပေါက်ကွဲသံကြီးက

လေထဲသို့ ပျံ့လွင့်သွားသည်။

အမျိုးသမီးရှေ့တွင် အနက်ရောင်

အာကာသ

အက်ကြောင်းတစ်ခုပေါ်လာသည်။

၎င်းက ယန်ယဲ့၏ ဓားစွမ်းအင်နှင့်

ပိုင်းဖြတ်ခံလိုက်ရခြင်းပင်။

သို့သော်လည်း အမျိုးသမီးက (၁၀)

ကီလိုမီတာ အကွာသို့

ခုန်ထွက်သွားသောကြောင့်

ထိခိုက်မှုမရှိခဲ့ပေ။

သူမက ယန်ယဲ့၏ အစွမ်းထက်ဆုံး

တိုက်ခိုက်မှုကို တားဆီးနိုင်လိုက်၏။

ယန်ယဲ့က

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးကို

ခဏစိုက်ကြည့်ကာ

"စိတ်ဝင်စားဖို့ကောင်းတယ်။ လာပါ

ဆက်တိုက်ကြရအောင်"

စကားပြောပြီးသည်နှင့် သူ့လက်ကို

မြှောက်ကာ ဓားကိုပိုင်းချလိုက်သည်။

ဒုတိယ ဓားချက်ကိုသာ

ထပ်သုံးလိုက်ခြင်းပင်။

အလင်းတန်းတစ်ခု လင်းလပ်လာပြီး

အမျိုးသမီးအရှေ့ကို ရောက်လာသည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီး၏မျ

က်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားကာ

သူမ၏ပတ်ဝန်းကျင် အာကာသပြင်က

နောက်တစ်ကြိမ် ထပ်ခါထပ်ခါ

ကျုံ့သွားတော့သည်။ အသက်ရှူ

နှစ်ရှိုက်စာခန့် အကြာတွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက

(၁၀) ကီလိုမီတာအကွာမှာ

ပေါ်လာခဲ့သည်။

သို့သော် ရပ်တန့်လိုက်သည်နှင့်

တစ်ပြိုင်နက် သူမ၏ပါးစပ်ထောင့်မှ

သွေးများစီးကျလာသည်။

သူမယန်ယဲ့၏တိုက်ခိုက်မှုကို

ကာကွယ်တားဆီးနိုင်လိုက်သော်လည်း

တန်ပြန်အားက သူမကို ဒဏ်ရာ

အပြင်းအထန် ရသွားစေခဲ့ပုံပါ။

ယန်ယဲ့၏ပါးစပ်ထောင့်မှ

အပြုံးတစ်ခုပေါ်လာသည်

“ဆက်တိုက်ခိုက်ရအောင်”

စကားပြောနေရင်း ဆက်တိုက်ရန်ပြင်လိုက်သည်ဟု ဤအချိန်တွင် အမျိုးသမီးက ရုတ်တရက် အော်ပြောလိုက်သည်။

“အတူတူတိုက်ခိုက်ကြ”

ထိုနောက်တွင်တော့

ဟန်ရှိုးရာဝတ်လူငယ်၊

အနက်ရောင်ဝတ်ရုံဝတ်အမျိုးသားနှင့်
သက်လတ်ပိုင်းအမျိုးသားက ဖျတ်ခနဲ
ပျောက်ကွယ်သွားကြသည်။ အားလုံးက
ယန်ယွဲ့ဆီသို့ ခုန်ဝင်လာကြ၏။

တစ်ယောက်ချင်းတိုက်ပွဲမှ
အုပ်စုလိုက်တိုက်ခိုက်ဖို့သာ
ဆုံးဖြတ်ထားကြသည်။

သို့သော် ယန်ယဲ့က

တုန်လှုပ်သွားခြင်းမရှိပေ။ ၄

ယောက်ပေါင်းပြီး

တိုက်လိုက်လာသည်ကို မြင်သောအခါ

သူ၏ပါးစပ်ထောင့်မှ ပြင်းထန်သော

အပြုံးတစ်ခုပေါ်လာပြီးညာခြေကို

တစ်ချက် ဆောင့်လိုက်သည်။

ထိုခဏလေးမှာပဲ

အထက်ကောင်းကင်ယံတစ်ခုလုံး

မှိန်ဖျော့သွားခဲ့သည်။

Translated by NyiNyiSoe

May Be:

…၂၂၇၃

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၂၇၃ - သွေးထိန်းနည်းစနစ်

ဤအခိုက်အတန့်တွင်

ကောင်းကင်ကြီးက ရုတ်တရက်

အရောင်မှိန်ကျသွားခဲ့သည်။

မှိန်ဖျော့သွားရသည့်အကြောင်းအရင်းမှာ

အထက်အာကာသပြင်အထဲမှ

မရေမတွက်နိုင်သောကြယ်အလင်းတန်း

များ ဆင်းသက်လာပြီး ယန်ယဲ့

အထက်သို့ ရောက်ရှိလာသောကြောင့်
ဖြစ်သည်။

ကြယ်တာရာ စွမ်းအင် စားနယ်မြေ။

ယန်ယွဲ့က အနန္တစားနယ်မြေကို
အသုံးမပြုခဲ့ပေ။ ၎င်းက
သူ၏နောက်ဆုံးဝှက်ဖဲဖြစ်နေသောကြော
င့်ပင်။

အခြားသူများမသိသောအရာကဝှက်ဖဲတ
စ်ခုပင် မဟုတ်ပါလား...။

ဤနေရာတွင်
ချက်ချင်းထုတ်ဖော်လိုက်ပါက
အနာဂတ်တွင် သူ၏ရန်သူများကကြိုပြီး
သတိထားမိပေမည်။
ထိုရန်သူများအထဲ၌
လူသားအင်ပါယာအရှင်လည်းပါဝင်ခဲ့သ
ည်။ ထိုပြင်လက်ရှိ

လူလေးယောက်ပေါင်းထားသည့်တိုင်

သူ၏ဝှက်ဖဲကို

ထုတ်ဖော်လောက်သည်အထိ

မဟုတ်သေးပေ။ ယန်ယွဲ့က သူ၏

ခန္ဓာကိုယ်ကို နည်းလမ်းသုံးမျိုးဖြင့်

သန့်စင်ထားခဲ့သည်။

ရှာမန်မျိုးနွယ်၏

အင်မော်တယ်ဟာဂျီမွန်ခန္ဓာကိုယ်

နည်းစနစ်၊

ကြယ်တာရာစစ်နတ်ဘုရားခန္ဓာကိုယ်။

ကြယ်တာရာစစ်နတ်ဘုရားခန္ဓာကိုယ်က

အင်မော်တယ်ဟာဂျီမွန်နည်းစနစ်ထက်

ကျော်လွန်သည်ဟုမပြောနိုင်သော်လည်း

၎င်းက အားနည်းသည်တော့မဟုတ်ပေ။

အရေးအကြီးဆုံးကတော့

နည်းစနစ်နှစ်ခုစလုံးကို

ပေါင်းစပ်အသုံးပြုနိုင်လို့ပါ။

အင်မော်တယ်ဟာဂျီမွန် ခန္ဓာကိုယ်အပြင်

ကြယ်တာရာစစ်နတ်ဘုရားခန္ဓာကိုယ်ကို

အသက်သွင်းလိုက်သည်နှင့်

သူ၏ခန္ဓာကိုယ်ကအတိတ်ကထက်ပင်

ပို၍ကြောက်စရာကောင်းလာခဲ့သည်။

နောက်ဆုံးတစ်ခုက

ဗုဒ္ဓရွှေခန္ဓာကိုယ်ပင်ဖြစ်သည်။

၎င်းက သူ၏ဝှက်ဖဲများထဲမှ

တစ်ခုဖြစ်သည်။ သူက

ဗုဒ္ဓရှေ့ခန္ဓာကိုယ်ကို အလျင်စလို

အသက်သွင်းဝံ့မည်မဟုတ်ပါ။

ဤအချိန်တွင်

အာကာသအနက်ရှိုင်းဆုံးအပိုင်းမှ

မရေမတွက်နိုင်သော

ကြယ်အလင်းတန်းများ

ဆင်းသက်လာပြီး ယန်ယဲ့၏

ခန္ဓာကိုယ်ထဲတိုးဝင်လာသည်။

ထိုခဏလေးမှာပဲ သူ၏ခန္ဓာကိုယ်

အရေပြားတစ်လျှောက်

သလင်းကျောက်ကဲ့သို့

တလျှပ်လျှပ်တောက်ပနေသော

ကြေးခွံအမြောက်အမြားပေါ်လာသည်။

ဒီအချိန်မှာ သူ၏မျက်လုံးများက

အပြာနုရောင် သန်းနေခဲ့သည်။

တစ်ချိန်တည်းတွင်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးက

အာကာသပြင်ကို ထိုးဖောက်ကာ

ယန်ယွဲ့ရှေ့သို့ ရောက်လာခဲ့သည်။

ယန်ယွဲ့က ရှောင်တိမ်းခြင်းမပြုဘဲ သူ့

ခန္ဓာကိုယ်အပေါ် ရိုက်ချခွင့်

ပြုလိုက်သည်။

“ဘမ်း...”

ကြာပွတ်ရှည်က

ကျယ်လောင်သောပေါက်ကွဲသံ တစ်ချက်

ထွက်ပေါ်လာပြီး ကြာပွတ်ရှည်က

အမျိုးသမီးဆီသို့

ပြန်ကန်ထွက်သွားသည်။ ယန်ယွဲ့၏

ခန္ဓာကိုယ်အပေါ်တွင် မည်သည့်

ခြစ်ရာတစ်ခုမှ ရှိမနေခဲ့ပေ။

ဤမြင်ကွင်းကြောင့်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးနှင့်အ

ခြားလူတိုင်း၏မျက်နှာပေါ်တွင်

လေးနက်သော အမူအရာများ

ရှိနေခဲ့သည်။

“ကြောက်စကာကောင်းလိုက်တဲ့

ရုပ်ခန္ဓာကိုယ်ပါလား...”

အားလုံးက အံ့ဩတုန်လှုပ်သွားခဲ့သည်။ ထိုအပြင်ဤအချိန်မှာ သူတို့၏မျက်လုံးထဲ၌ ကြောက်ရွံ့မှုများ ထင်ရှားစွာပေါ်လာခဲ့သည်။ ယန်ယဲ့က အသက်ပြင်းပြင်းရှူလိုက်ပြီးနောက် အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးဆီသို့ ခုန်ဝင်လိုက်သည်။

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးနှင့်
ဤအချိန်တွင် နောက်ပြန်ဆုတ်လို့
မရတော့ကြောင်း သိလိုက်ကြသည်။
ထိုကြောင့် လေး ယောက်ပေါင်းကာ
ယန်ယဲ့ကို တိုက်ခိုက်လိုက်ကြသည်။

လေး ယောက်နဲ့ တစ် ယောက် တိုက်ပွဲ
ယန်ယဲ့၏ကျင့်ကြံမှု
အဆင့်ကမူလနတ်ဘုရား အဆင့်(၆)
သာရှိခဲ့သည်။ သို့သော် တစ်ဖက်တွင်မူ

ထိုလေးယောက်စလုံးက အနည်းဆုံး

အဆင့် (၁)

ညကျော်အလင်းသခင်များဖြစ်ကြသည်။

ချွင်းချက်အနေဖြင့်

အနက်ရောင်ဝတ်စုံဝတ်အမျိုးသမီးနှင့်

သက်လတ်ပိုင်းအမျိုးသားက အဆင့် (၂)

ညကျော်အလင်းသခင်များပင်ဖြစ်သည်။

သို့သော်လည်း ယန်ယဲ့က
လေးယောက်စလုံးကို
တစ်ဖက်သတ်ဖိနှိပ်ထားခဲ့သည်။

ထိုပြင်သူက တိုက်ခိုက်ရာတွင်
သူ၏ခန္ဓာကိုယ်ကို
ကာကွယ်ထားခြင်းမရှိချေ။ လေး
ယောက်စလုံးတက်ခိုက်သည့်အတိုင်း
ထိုလူများ၏တိုက်လိုက်မှုက

သူ၏ခန္ဓာကိုယ်အား ထိခိုက်နိုင်ခြင်း

မရှိလို့ပါ။

ဆန့်ကျင်ဘက်အနေဖြင့်

သူ၏ဓားတစ်ချက်ပိုင်းချလိုက်တိုင်း

အနည်းဆုံးတော့ လေး ယောက်စလုံး

ဒဏ်ရာခဏ်ချက် အနည်းငယ်စီ

ရသွားကြသည်။

ဤအခိုက်အတန့်တွင်

ညဏ်အလင်းသခင် ၄ ယောက်က

အကူအညီမဲ့သလို ဖြစ်နေကြသည်။

အချိန်အတော်ကြာ

တိုက်ခိုက်လာလေလေ

ခွန်အားမရှိလာလေဟု ခံစားလာရသည်။

တစ်ချိန်တည်းတွင် လေးယောက်သား

နောက်ပြန်ဆုတ်လိုစိတ်များပင်

ပေါ်လာကြသည်။

အဘယ်ကြောင့်ဆိုသော် ဤအတိုင်းသာ

ဆက်သွားနေမည်ဆိုပါက ယန်ယဲ့က

သူတို့ လေးယောက်စလုံးအား

သတ်ဖြတ်ပစ်မည်မှာ သေချာနေလို့ပါ။

ဤအတောအတွင်း

သက်လတ်ပိုင်းအမျိုးသားက

အရင်အဦးဆုံး ထွက်ပြေးသွားသည်။

သူကယန်ယဲ့၏ ခွန်အားကို

မြင်တွေ့ပြီးနောက် ဆုတ်ခွာဖို့သာ

ပြတ်ပြတ်သားသား

ဆုံးဖြတ်လိုက်ပုံရ၏။

ပညာရှင်အမွေအနှစ်က

အလွန်သွေးဆောင်နေသော်လည်း

မျှော်လင့်ချက် မရှိသည့်အတွက်

အတင်းအကျပ်သိမ်းပိုက်ဖို့

ကြိုးစားခြင်းက

ကိုယ့်သေတွင်းကိုယ်တူးသည်နှင့်

မခြားပေ။ ယန်ယဲ့၏ခွန်အားက

သူ့ကိုယ်ပိုင်ထက်

များစွာကျော်လွန်နေသောကြောင့်ထွက်

ပြေးဖို့သာ

ပြတ်ပြတ်သားသားရွေးချယ်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသားထွက်ပြေး

သွားသည်နှင့်

အခြားသူများက၏မျက်နှာက

ချက်ချင်းပင် မည်းမှောင်သွားကြသည်။

“နောက်ပြန်ဆုတ်ကြမယ်”

သုံးယောက်စလုံး

ဆုံးဖြတ်လိုက်ကြသည်။

အသက်ရှူ (၄) ရှိုက်စာခန့်

အကြာလောက်တွင်တော့ ယန်ယဲ့က

ရပ်တန့်သွားသည်။ ဤအချိန်တွင်

နန်စီယင်နှင့် သူသာ ကျန်ရှိတော့သည်။

သူ၏တာဝန်က
နန်စီယင်ကိုကာကွယ်ပေးရမည်ဖြစ်ရာ
ညာဏ်အလင်းသခင် ၄ယောက်နောက်ကို
ဆက်ပြီးမလိုက်တော့ပေ။

အကယ်၍ သူသာ လိုက်ပါသွားပါက
အမှောင်ရိပ်ထဲတွင် ပုန်းအောင်းနေသော
လူများနှင့်ပါ ထိပ်တိုက်တွေ့နိုင်သည်။

ဤအချိန်တွင် နန်စီယင်က ယန်ယဲ့ဆီသို့ လျှောက်လာခဲ့ပြီး "အဆင်ပြေရဲ့လား..." ဟုမေးလိုက်သည်။

ယန်ယဲ့က ခေါင်းကို အနည်းငယ်

ခါယမ်းကာ

အင်မော်တယ်သလင်းကျောက် နှစ်လုံးကို ထုတ်ယူပြီး မျိုချလိုက်၏။ အမှန်တော့ သူက အဆင်မပြေခဲ့ပေ။

ညာဏ်အလင်းသခင် ၄ ယောက်က သူ၏

ရုပ်ခန္ဓာကို ချိုးဖျက်နိုင်ခြင်း
မရှိသော်လည်း အနည်းနှင့်အများတော့
ထိခိုက်စေခဲ့သည်။

သို့သော် သူ၏ခန္ဓာကိုယ်က တိုက်ခိုက်မှု
အားလုံးကို ခုခံထားနိုင်၏။
ဒဏ်ရာကြီးကြီးမားမားမရှိသော်လည်း
အနည်းနှင့် အများတော့ ဒဏ်ရာ
ရခဲ့သည်။ အဓိကကတော့

ကြယ်တာရာစစ်နတ်ဘုရားခန္ဓာကိုယ်ကို အသက်သွင်းထားသောကြောင့်ပင်။

ဤအချိန်တွင် နန်စီယင်က လေးနက်စွာပြောလိုက်သည်  “ငါ့အဖေနဲ့ နန်စီကလန်ရဲ့ ရွှေအစောင့် (၁၂) ယောက်က ဒီကို နောက် ၂ နာရီအတွင်း ရောက်လာတော့မယ်”

ယန်ယဲ့က ခေါင်းညိတ်သည်။

“လာ ငါမင်းကို ဒီကနေ

ခေါ်ထုတ်ပေးမယ်”

ထိုနောက် သူ့လက်ကို အနည်းငယ်

ပွတ်ဆွဲလိုက်ရာ နန်စီယင်၏

ခြေထောက်အောက်မှ

စွမ်းအင်ဓားတစ်လက် ဖျတ်ခနဲ

ပေါ်လာပြီးနောက်

နှစ်ယောက်စလုံးနေရာမှာပင်
ပျောက်ကွယ်သွားကြသည်။

ဤတစ်ကြိမ်တွင်တော့ မည်သူမှ
မလာကြပေ။ ယန်ယဲ့နှင့် နန်စီယင်က
စွမ်းအင်ဓားပျံကို စီးနင်းရင်း
ရှေးဟောင်းမြို့အထက်သို့
ရောက်ရှိလာကြသည်။ ဤအချိန်တွင်
မြို့က မြေပေါ်မှာ တည်ရှိနေခဲ့သည်။

မြို့ကိုထောက်ပင့်ထားသော ဓားကျိုးက ပျောက်ကွယ်သွားခဲ့သည်။

နန်စီယင်က ရှေးဟောင်းမြို့ကို ငုံ့ကြည့်ရင်း "ဒီမြို့က သာမန်မဟုတ်ဘူး" ဟု ရုတ်တရက် ပြောလိုက်သည်။

ယန်ယွဲ့က သူမကို စိုက်ကြည့်ရင်း "မင်းငါ့ကို ဒီစကားပြောဖို့ ဒီနေရာ လာခိုင်းတာ မဟုတ်ဘူး မဟုတ်လား..."

နန်စီယင်က “ငါ့ဆရာက မင်းကို ပေးထားတဲ့ ဓားကို မြို့အောက်ကနေ ဘာလို့ ပင့်ဆောက်ထားတယ်ဆိုတာ သိလား…”

ယန်ယွဲ့က ခေါင်းယမ်းလိုက်သည်။

နန်စီယင်က “မြို့ထဲမှာနတ်ဘုရားအဆင့် ရတနာတစ်ခုရှိတယ်။ အဲ့ဒါက

အရမ်းကြောက်စရာ ကောင်းတဲ့

မကောင်းဆိုးဝါးလက်နက်ပဲ။ ငါ့ဆရာက

အပြင်ကမ္ဘာမှာရှိတဲ့အပြစ်မဲ့တဲ့သူတွေကို

မထိခိုက်အောင် မြို့အထဲမှာ

ဖိနှိပ်ထားခဲ့တယ်။

နင့်လက်ထဲမှာရှိတဲ့ဓားက အစီအရင်ရဲ့

အဓိက ဗဟိုချက်ပဲ”

ယန်ယဲ့က သူ့ရှေ့ရှိ ရှေးဟောင်းမြို့ကို

ကြည့်လိုက်သည်။ မြို့က

တိတ်ဆိတ်နေသည်။ ၎င်းနှင့်
ပတ်သက်၍ ထူးထူးခြားခြား
ဘာကိုမှသတိမထားမိနိုင်ပေ။

နန်စီယင်က ယန်ယဲ့ကို စိုက်ကြည့်ရင်း
"ဒီလက်နက်မှာ လက်နက်
ဝိညာဉ်ရှိနေတော့ ငါ့ဆရာကို
ဒေါသထွက်နေမှာ သေချာတယ်။ ဒါပေမဲ့
ဆရာက သေပြီ။ ဒါကြောင့်

ငါတို့နှစ်ယောက်ကို လက်စားချေဖို့

အလားအလာအရမ်းများတယ်”

ယန်ယဲ့က “ငါတို့က အခုချက်ချင်း ဒါကို

ဖိနှိပ်လို့ရပါ့မလား…”

နန်စီယင်က ခေါင်းခါလိုက်သည်။

“ငါတို့တားလို့မရဘူး”

ယန်ယဲ့က ပခုံးတွန့်လိုက်၏။

သူကမကောင်းဆိုးရွားလက်နက်ကို

မကြောက်ခဲ့ပေ။ မည်သို့ပင်ဆိုသော

မူလစေတီအထဲသို့ ပစ်ထည့်လိုက်ပါက

ပြဿနာအားလုံး ပြီးဆုံးသွားပေမည်။

မည်သည့်အရာပင်ဖြစ်စေ

မူလစေတီအထဲ ရောက်သည်နှင့် အားလုံး

ငြိမ်သက်သွားရသည်ချည်းသာဖြစ်၏။

ယန်ယဲ့က "သွားရအောင်"

နန်စီယင်က ခေါင်းညိတ်လိုက်သည်။

သူတို့ ထွက်သွားပြီးနောက်
ရှေးဟောင်းမြို့က အနည်းငယ်
တုန်လှုပ်သွားသည်။ မြို့ထဲမှ အနီရောင်
အလင်းတန်းများ တဖြည်းဖြည်း
လွင့်ပျံ့လာပြီး ကောင်းကင်အထက်သို့
ပျောက်ကွယ်သွားခဲ့သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့နှင့်

နန်စီယင်က

ကျိုးပျက်ခြင်းချောက်နက်သို့

ပြန်ရောက်လာခဲ့သည်။ ထိုနောက်တွင်

နှစ်ယောင်သား ရှာမန်ကမ္ဘာမှ

ထွက်လာပြီး

ကျိုးပျက်ခြင်းတောင်တန်းသို့

ဦးတည်လိုက်ကြသည်။

သို့သော် သူတို့အရှေ့တွင်

အမျိုးသမီးငယ်တစ်ဦး ရုတ်တရက်

ပေါ်လာသဖြင့် နှစ်ယောက်စလုံး

ရပ်တန့်သွားကြသည်။ ၎င်းက

ဝါးတောထဲမှ ဆုံတွေ့ဖူးသော

ရှာမန်မျိုးနွယ်၏အမျိုးသမီး

ကျင့်ကြံသူပင် ဖြစ်သည်။

ယန်ယဲ့က အမျိုးသမီးငယ်ကို

တစ်ချက်ကြည့်လိုက်ပြီး

“မင်းဘာလိုသေးလဲ…”ဟုမေးလိုက်သည်

။

အမျိုးသမီးက နန်စီယင်ကို

စိုက်ကြည့်နေသည်။

အမျိုးသမီး၏အကြည့်ကို

သတိပြုသွားကာ

နန်စီယင်၏အမူအရာက သိသိသာသာ

ပြောင်းလဲသွားသည်။ ရုတ်တရက်

သူမ၏မျက်လုံးအစုံမှ သွေးများစတင်

စီးထွက်လာသည်။ တစ်ချိန်တည်းမှာပင်

သူမ၏အရေပြားအောက်ရှိ

သွေးကြောများ

ပွင့်ထွက်လုနီးပါးဖြစ်ဟန်တူသည်။

တစ်ကိုယ်လုံးတုန်လှုပ်နေခဲ့သည်။

“ဒါက သွေးထိန်းချုပ်ခြင်း နည်းစနစ်ပဲ”

ဟိုချင်၏အသံက ယန်ယွဲ့၏စိတ်ထဲတွင်

ထွက်ပေါ်လာခဲ့သည်။

“မြန်မြန် သူမရဲ့ နဖူးအလယ်နဲ့
ချပ်အောက် သုံးလက်မ အကွာကို
နှိပ်လိုက် မြန်မြန်လေးလုပ်”

ယန်ယွဲ့က တုံ့ဆိုင်းမနေရဲပေ။
သူ၏လက်ကိုဆန့်ကာ
နန်စီယင်၏နဖူးအလယ်သို့
တစ်ချက်ပုတ်လိုက်သည်။
သို့သော်လည်း နောက်တစ်နေရာကို

ထိကိုင်ရန် ပြင်လိုက်စဉ်အနည်းငယ်
ချီတုံချတုံဖြစ်နေခဲ့သည်။
နောက်တစ်နေရာက အနည်းငယ်
ရှက်စရာကောင်းနေလို့ပါ။

ဤအချိန်တွင် ဟိုချင်၏အသံက
နောက်တစ်ကြိမ်ထွက်ပေါ်လာသည်။

“မြန်မြန် ဒါမှမဟုတ်ရင် သူမက မသေရင်တောင် ဒုက္ခိတဖြစ်သွားလိမ့်မယ်”

ယန်ယဲ့က တွေဝေမနေတော့ပေ။ နန်စီယင်၏ ဗိုက်အောက်ကို ပုတ်လိုက်သည်။ ခဏအကြာတွင် နန်စီယင်၏ ခန္ဓာကိုယ်က တဖြည်းဖြည်းငြိမ်သက်လာသည်။ ဤမြင်ကွင်းကို မြင်သောအခါ ယန်ယဲ့က

သိသိသာသာ စိတ်သက်သာရာ

ရသွား၏။

သူ့မျက်လုံးထဲ၌ အနည်းငယ်

လေးနက်သော အမူအရာဖြင့်

အမျိုးသမီးငယ်ကို

လှည့်ကြည့်လိုက်သည်။

ရှာမန်မျိုးနွယ်၏နည်းစနစ်များက

အမှန်ပင် ထူးခြားဆန်းကြယ်ကြောင်း

ခံစားမိလို့ပင်။

ဤအတောအတွင်း အမျိုးသမီးငယ်က ယန်ယဲ့ကို စိုက်ကြည့်ကာ “နင်ဘယ်လို လုပ်လိုက်တာလဲ…။ သွေးထိန်းချုပ်ခြင်း နည်းစနစ်ကို နင်က ဘယ်လိုလုပ်ချေဖျက်နိုင်တာလဲ…”

ယန်ယဲ့က ပြန်မဖြေဘဲ သူ့လက်ထဲက ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်၏။

ဤအချိန်တွင် အမျိုးသမီးငယ်က

တိုက်ခိုက်ရန် ပြင်နေသည်။ သို့သော်

ယန်ယွဲ့၏ လက်ထဲမှ အနက်ရောင်

တံဆိပ်ပြားတစ်ခုပေါ်လာသည်။

၎င်းတံဆိပ်ပြားက

လက်ဖဝါးအရွယ်ခန့်ရှိသည်။

တံဆိပ်ပြားပေါ်တွင် ထူးဆန်းသော

စက်ဝိုင်းတစ်ခု ရေးထိုးထားသည်။

ဟိုချင်က သူ့ကို ပေးလိုက်ခြင်းပင်။

ဤအချိန်တွင် ဟိုချင်က “သူမကို ကြည့်ခွင့်ပြုလိုက်”

ယန်ယဲ့က ခဏမျှတုံ့ဆိုင်းသွားပြီး တံဆိပ်ပြားကို အမျိုးသမီးငယ်ဆီသို့ ပစ်လွှတ်လိုက်သည်။ အမျိုးသမီးငယ်က တံဆိပ်ပြားကို ခဏစိုက်ကြည့်လိုက်ပြီးနောက်

မျက်မှောင်ကြုတ်လိုက်သည်။

အချိန်တော်တော်ကြာမှ ယန်ယဲ့အား

ရုတ်တရက် ဦးညွှတ်ကာ

အမိန့်တံဆိပ်ပြားကို ပြန်အပ်လိုက်သည်။

ယန်ယဲ့က အနည်းငယ်

အံ့အားသင့်သွား၏။ ဤအချိန်တွင်

အမျိုးသမီးငယ်က

စကားတစ်ခွန်းမှမပြောဘဲ

ထွက်သွားခဲ့သည်။

ယန်ယဲ့က သူ့စိတ်ထဲတွင် “ဘာလို့လဲ အကြီးအကဲဟို” ဟုမေးလိုက်သည်။

ဟိုချင်က “ရှာမန်ဘုရင် (၁၂)ပါးအထဲက တစ်ပါးရဲ့ အမိန့်ပေးသကော်တပဲ၊ မင်းမှာ အဲ့ဒီအမိန့်ပေး တံဆိပ်ပြား တစ်ခုရှိနေတယ်။ ဒါကြောင့် မင်းက ရှာမန်မျိုးနွယ်အတွက် သူလျှို ဒါမှမဟုတ် ရှာမန်မျိုးနွယ်အတွက်

တာဝန်တစ်ခု ထမ်းဆောင်နေတယ်လို့ ဆိုလိုတယ်။ ဒါကြောင့် ဒီမိန်းကလေးက မင်းကို မတိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်တာပဲ”

ဟိုချင်က ခဏရပ်ပြီး “ဟုတ်တယ် ငါ့မှာ တစ်ကိုယ်ကောင်းဆန်တဲ့ရည်ရွယ်ချက်တွေရှိတယ်။ အဲ့ဒီ မိန်းကလေးက ဒီလောက်အသက်ငယ်ငယ်လေးနဲ့ ကြောက်စရာကောင်းတဲ့

အောင်မြင်မှုတွေပိုင်ဆိုင်ထားတယ်။

ဒီတော့ သူမက ငါ့ရှာမန်မျိုးနွယ်မှာ

ထူးခြားတဲ့

ညဏ်ကြီးရှင်တစ်ယောက်ဆိုတာ

သေချာတယ်။ ဒါပေမဲ့ အခုမင်းကို

ထိပ်တိုက်ရင်ဆိုင်မယ်ဆိုရင်တော့ မင်းရဲ့

ခွန်အားက သူမကို သတ်ပစ်နိုင်တယ်”

ယန်ယဲ့က ပြုံးပြီး “ဟုတ်တယ်။ သူမ

ထွက်သွားတာ ကောင်းပါတယ်။ ငါက

သူမကို သတ်နိုင်မယ်လို့

ယုံကြည်နေရင်တောင်

ဒီအမျိုးသမီးငယ်က

သာမန်မဟုတ်ဘူးဆိုတာ

သိသာနိုင်တယ်။ တိုတိုပြောရရင် ငါတို့က

၅၀-၅၀% စီပါ။ ဒါကြောင့်

ဒီအမိန့်ပေးတံဆိပ်ပြားကို

ယာယီသိမ်းထားလိုက်မယ်။ ဒါဆို

ရှာမန်ကမ္ဘာမှာ ငါက ပြဿနာတွေကို

အနည်းနဲ့အများ ရှောင်နိုင်မှာပါ”

“မဟုတ်ဘူး” ဟိုချင်က

ဆက်ပြောလိုက်သည်။

“ကလေး ငါက ရှာမန်ဘုရင် (၁၂)ပါးထဲက

တစ်ပါးမဟုတ်တော့ဘူး။ ငါ့ရဲ့အမိန့်

တံဆိပ်ပြားကို မင်းကိုင်ထားမယ်ဆိုရင်

မင်းအသတ်ခံရနိုင်တယ်။ ဒါအပြင်

ရှာမန်မျိုးနွယ်ရဲ့

အာဏာပိုင်တွေကမင်းကို လိုက်ဖမ်းပြီး

ဘယ်သူလဲလို့ မေးရင် ဘာပြန်ပြောမလဲ”

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး “ကောင်းပြီ

ဒါဆို မင်းပြန်ကောင်းလာဖို့

ဘယ်လောက်ကြာမှာလဲ...”

ဟိုချင်က “သိပ်တော့ မကြာတော့ဘူး။

ငါ့ခန္ဓာကိုယ်ကို အခု

ပြန်ပြီးတည်ဆောက်နိုင်ပြီ ဒါပေမဲ့
အချိန်မကျသေးဘူး။ငါ့ ခန္ဓာကိုယ်ကို
မူလအခြေအနေပြန်ရောက်အောင်မလုပ်
ခင် ငါ့ရဲ့ဝိညာဉ်စွမ်းအင်နဲ့ မူလဝိညာဉ်က
လုံးလုံးပြန်ကောင်းလာဖို့ စောင့်နေတာပဲ”

ယန်ယဲ့က ခေါင်းညိတ်ပြပြီး
သူ၏စိတ်အာရုံအသိကို
အပြင်လောကသို့ ပြန်ခေါ်လိုက်သည်။

ထိုနောက် နန်စီယင်ကို စိုက်ကြည့်ရင်း

"သွားရအောင်" ဟုပြောလိုက်သည်။

နှစ်ယောက်သား ထွက်မသွားခင်

အဝေးကို လှမ်းကြည့်လိုက်ကြသည်။

သူတို့၏အကြည့်က

ကျိုးပျက်ခြင်းချောက်ကမ်းပါတောင်တ

န်းကိုပါ။ ဤတောင်တန်းကို

ဖြတ်ကျော်ပြီးသည်နှင့် ရှာမန်ကမ္ဘာမှ

ထွက်သွားနိုင်ပါလိမ့်မည်။

ဤအခိုက်အတန့်တွင် မူလစေတီက ရုတ်တရက် တုန်လှုပ်သွားခဲ့သည်။ ယန်ယွဲ့အတွက် အန္တရာယ်ရှိနေကြောင်း သတိပေးနေခြင်းပင်။

ယန်ယွဲ့၏အမူအရာက သိသိသာသာ ပြောင်းလဲသွားသည်။

“အုန်း...”

ဤအချိန်မှာပဲ နန်စီယင်က မီတာ

(၃၀၀)အကွာအထိလွင့်ထွက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့လည်း

လွင့်ထွက်သွားခဲ့သည်။ သူက

အတော်ဝေးဝေးအထိ

လွင့်ထွက်သွားပြီးနောက်

ကျိုးပျက်ခြင်းချောက်ကမ်းပါးတောင်တ

န်းနှင့် ပြေးဆောင့်သွားခဲ့သည်။

Translated by NyinyiSoe

May Be:

၂၂၇၄

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၇၄ -

“အုန်း…”

ယန်ယဲ့က မြေပြင်ပေါ်သို့

ပြုတ်ကျလာပြီးနောက်

တောင်တန်းတစ်ခုလုံး ပြင်းထန်စွာ တုန်ခါသွားသည်။ ထိုနောက်တွင် သူ၏ခန္ဓာကိုယ်က ကျောက်တုံး ကျောက်ခဲများအကြားတွင် နစ်မြုပ်သွားခဲ့သည်။

နန်စီယင်က ရုတ်တရက် အံ့သြသွားသည်။ ထိုနောက် တစ်ဖက်သို့လှမ်းကြည့်လိုက်သည်။ သူတို့နှင့်သိပ်မဝေးသော နေရာတွင်

အဘိုးကြီးတစ်ယောက် ရုတ်တရက်

ပေါ်လာခဲ့သည်။ အဘိုကြီးက

ဆံပင်အဖြူရောင်နှင့် ရွှေရောင်

တုတ်ကောက်တစ်ချောင်းကို

ကိုင်ထား၏။ သူ့မျက်နှာ အထက်တွင်

ဇရာ၏အရိပ်အယောင်များ

ဖုံးလွှမ်းနေသည်။ အသက်အရွယ်

အလွန်ကြီးရင့်နေပုံရသည်။

၎င်းက သူတို့နှစ်ယောက်ကို
ယခုလေးတင် တိုက်ခိုက်ခဲ့သော
အဘိုးကြီးပင်။

အဆင့် (၃) ဉာဏ်အလင်းသခင်။

အဘိုးကြီးက ကျင့်ကြံမှုအဆင့်ကို
ဖုံးကွယ်ထားခြင်းမရှိသောကြောင့်
နန်စီယင်က ချက်ချင်းမြင်နိုင်ခဲ့သည်။

အဆင့်(၃) ဉာဏ်အလင်းသခင်က

လောကသုံးပါးထဲတွင်

အထွတ်အမြတ်ကျင့်ကြံသူဟု ဆိုနိုင်၏။

ယန်ယဲ့က အဆင့်(၂)

ဉာဏ်အလင်းသခင်များကို

သတ်ပစ်ခဲ့သော်လည်း အဆင့်(၂) နှင့်

အဆင့်(၃) ဉာဏ်အလင်းသခင်အကြား

ကွာဟချက်က ကြီးမားလှသည်။

ရိုးရှင်းစွာပြောရလျှင် အထူးစွမ်းရည်များ သို့မဟုတ် ဝှက်ဖဲများ မရှိပါက အဆင့်(၂) ဉာဏ်အလင်းသခင် (၁၀)ယောက်က အဆင့်(၃)ဉာဏ်အလင်းသခင် (၁)ယောက်ကို အနိုင်ယူနိုင်မည်မဟုတ်ပေ။

ဤအချိန်တွင် အဘိုးအိုက နန်စီယင် ဆီသို့ ဖြည်းညင်းစွာ လျှောက်လာခဲ့သည်။ သူက နန်စီယင်ကို

စိုက်ကြည့်လိုက်ပြီး သူ၏အကြည့်များက နန်စီယင်၏နှုတ်ခမ်းအလယ်တည့်တည့်မှ တံဆိပ်ပေါ်သို့ ကျဆင်းသွားခဲ့သည်။

"ပညာရှင်အမွှေအနှစ်... ဘယ်လောက် ကံကောင်းလိုက်သလဲ..."

နန်စီယင်က "မင်းက ဘယ်သူလဲ..."ဟု လေးနက်စွာ ပြောလိုက်သည်။

အဘိုးအိုက ပြုံးပြီး "ငါဘယ်သူလဲဆိုတာ သိဖို့မကြိုးစားနဲ့။

မင်းဆီကအမွေအနှစ်ကို ငါလုယူပြီးတာနဲ့ ပုန်းအောင်းနေမယ်။

ဘာကြောင့်လဲဆိုတော့ ငါ့ကိုယ်ငါက မင်းရဲ့နန်စီကလန်ကို တိုက်ခိုက်ဖို့ မလုံလောက်ဘူး"

နန်စီယင်က တစ်ခုခုပြောဖို့ ပြင်နေသော်လည်း အဘိုးအိုက

ဂရုမစိုက်ဘဲ

ကျိုးပျက်ခြင်းတောင်တန်းဘက်သို့

လှမ်းကြည့်လိုက်သည်။ သူ၏အကြည့်က

ကျောက်တုံးများ တုန်လှုပ်နေသည်ကို

တွေ့လိုက်ရသည်။ ထိုနောက် အထဲမှ

လူတစ်ယောက်ခုန်တက်လာသည်။

ထိုလူက ယန်ယဲ့ပင်ဖြစ်သည်။

ဤမြင်ကွင်းအားမြင်သောအခါ

နန်စီယင်က သက်ပြင်းချလိုက်သည်။

အဘိုးအိုကတော့ ချက်ချင်း

မျက်မှောင်ကြုတ်သွား၏။ ဤအချိန်တွင်

ယန်ယဲ့က အတော်လေးကို စိတ်မကောင်း

ဖြစ်နေပုံပါ။ သူ၏ဆံပင်များက

ရှုပ်ပွနေကာ ဝတ်ရုံများလည်း

စုတ်ပြဲနေခဲ့သည်။ သူ၏ပုံစံက

သူတောင်းစားတစ်ယောက်နှင့်ပင်

တူနေ၏။ သို့သော် သူ၏အကြည့်များက အလွန် စူးရှနေသည်။ ဒီအချိန်မှာ သူ၏ရင်ဘက်တွင် အနည်းငယ် နက်ရှိုင်းသော ဒဏ်ရာတစ်ခုရှိနေသည်။

အဘိုးအိုက ယန်ယဲ့ကို စိုက်ကြည့်လိုက်ပြီး “ပြောစရာမလိုအောင် မင်းက တကယ် ငါ့ကို အံ့သြသွားစေတာပဲ။ လူတစ်ယောက်က တကယ်ပဲ သူ့ရဲ့

ခန္ဓာကိုယ်ကို အဆင့်တစ်ခုအထိ

ရောက်အောင် ကျင့်ကြံနိုင်တယ်။

မင်းကတကယ်ကို

ဉာဏ်ကြီးရှင်တစ်ယောက်ပဲ”

ယန်ယွဲ့က ရယ်မောလိုက်သည်။

“မင်းလည်းငါ့ကို အံ့သြသွားစေတာပါပဲ။

မင်းလို ကျင့်ကြံသူတစ်ယောက်က

အလစ် အငိုက်ဖမ်းပြီး တိုက်ခိုက်မယ်လို့
ငါမထင်ထားဘူး”

အမှန်တော့ အဘိုးအိုက
ထိပ်တိုက်ရင်ဆိုင်ခြင်းမဟုတ်ပေ။
အလစ်အငိုက်ဖမ်း
တိုက်လိုက်လိုက်တာပါ။

အဘိုးအိုက ပြုံးပြီး “ဟုတ်တယ်၊
ငါလုပ်ခဲ့တယ်။ကြီးကျယ်ခမ်းနားတဲ့ကိစ္စ

ကိုအရေးထားတဲ့လူတွေက
အရေးမကြီးတဲ့အသေးစိတ်အချက်အလ
က်တွေကို ဘယ်တော့မှဂရုမစိုက်ဘူး”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

“မင်းမှန်ပါတယ်”

ထို့နောက် ယန်ယဲ့က
ဖျတ်ခနဲပျောက်ကွယ်သွားသည်။

အဘိုးအိုက သူ၏ရွှေတုတ်ကို ရှေ့သို့ လှမ်းရိုက်လိုက်သည်။ နားကွဲမတက် ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး ယန်ယဲ့က ၁ ကီလိုမီတာအကွာသို့ ဆုတ်သွားခဲ့သည်။

အဘိုးကြီးကတော့ နေရာမှာပင် ၁ လက်မမျှ မလှုပ်ခဲ့ပေ။ သို့သော် သူခြေထောက်အောက်တွင် အက်ကြောင်းအချို့ ပေါ်လာခဲ့သည်။

ထို့ပြင် သူ၏ရွှေတုတ်မှာလည်း
အက်ရာများ အနည်းငယ်ပေါ်လာ၏။

အဘိုးအိုက သူ၏ရွှေတုတ်ကို ငုံ့ကြည့်ရာ
မျက်လုံးအထဲ၌ ရှုပ်ထွေးသော
ခံစားချက်များ ပေါ်လာခဲ့ပါတော့သည်။
ခဏအကြာတွင် သူက ယန်ယွဲ့ကို
စိုက်ကြည့်ကာ စကားပြောရန်
ပြင်လိုက်၏။

သို့သော် ယန်ယဲ့အနားတွင်
ဓားဆယ်ချောင်း ရှုတ်တရက်
ပေါ်လာပြီးနောက် ထိုခဏလေးမှာပဲ
သူ့ပတ်ပတ်လည်သို့ ရောက်လာသည်ကို
မြင်လိုက်ရသည်။ ဓားစွမ်းအင်
အလင်းတန်းများ အဆက်မပြတ်
ဖြာထက်လာကာ အဘိုးအိုကို
ဖုံးလွှမ်းထားတယ်။

“ခွဲထုတ်လိုက်စမ်း”

အဘိုးအို၏အသံ ရုတ်တရက်

ထွက်ပေါ်လာပြီးနောက် ပတ်ဝန်းကျင်က

ခဏတာ အေးခဲသွားပုံရသည်။

ထိုနောက်တွင်တော့ ယန်ယွဲ့၏

ဓားစွမ်းအင်များ ပျံ့ကြဲသွားပြီး

ပျောက်ကွယ်သွားပါတော့သည်။

ယန်ယွဲ့သည် သူ၏မျက်လုံးအထဲ၌

လေးနက်သော အမူအရာတစ်ခု

ပေါ်လာသည်။  အဘိုးအိုက

သူမျှော်လင့်ထားသည်ထက် ပိုမို

သန်မာနေသည် မဟုတ်ပါလား…။

ဤအချိန်တွင် အဘိုးအိုက အနည်းငယ်

လေးနက်သောအမူအရာဖြင့် "မင်းက

မူလနတ်ဘုရားအဆင့် (၆) နဲ့ ဒီလို

ခွန်အားပိုင်ဆိုင်ထားတယ်။ တကယ်လို့

မင်းသား ငါနဲ့အဆင့်တူ ရှိနေရင်

ငါမင်းဆီကနေ ဓားနှစ်ချက်ကို

ခုခံနိုင်မှာမဟုတ်ဘူး။ ကံမကောင်းစွာဘဲ အခုမင်းမှာ ဒီလို အခွင့်အရေးမျိုး ရှိမှာ မဟုတ်တော့ဘူး။

စကားပြောပြီးနောက် အဘိုးအိုက ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

ဤအချိန်တွင် ယန်ယဲ့က သူ့ပတ်ဝန်းကျင်ရှိ မြင်ကွင်းက အရောင်မှိန်ဖျော့သွားသည်ကို

သတိပြုမိလိုက်သည်။ ထိုနောက်တွင် လျှို့ဝှက်ဆန်းကြယ်သောစွမ်းအင်လှိုင်းများက သူ့အား ဖုံးလွှမ်းသွားသည်။ တစ်ချိန်တည်းတွင် သူ၏ခန္ဓာကိုယ်က မြင်းအကောင်ရေ အကောင် တစ်သိန်း တက်နင်းသွားသလို ခံစားလိုက်ရသည်။

တစ်နည်းပြောရလျှင် သူ၏တစ်ကိုယ်လုံးကွဲထွက်သွားမတတ်ဖြစ်နေတာပါ။ ယန်ယဲ့က

အုံ့အားသင့်သွားပြီး ဓားနယ်မြေကို

အမြန်အသက်သွင်းလိုက်သည်။

ဓားနယ်မြေပေါ်လာသည်နှင့်

တစ်ချိန်တည်းမှာပဲ အလင်းတန်းတစ်ခုပေါ

လင်းလက်လာ၏။

“ဆူး…”

တစ်ခုခုကို လှီးဖြတ်လိုက်သလိုပင်။

ခဏအကြာတွင် ယန်ယဲ့သည်

သူ၏ခန္ဓာကိုယ် ပေါ့ပါးသွားသည်ကို ခံစားလိုက်ရသည်။ သူ့ပတ်ပတ်လည်မှ မမြင်နိုင်သော ဖိအားများလည်း ပျောက်ကွယ်သွား၏။

“အဲ့ဒါ... နယ်မြေ”

အဘိုးအိုက မျက်လုံးထဲ၌ မယုံကြည်နိုင်သော အရိပ်အယောင်များရှိနေသည်။

“စောစောက ငါမသေချာပေမဲ့ နယ်မြေ

စွမ်းအားတစ်ခု ဖြစ်နေဖို့တော့

ငါမမျှော်လင့်ထားဘူး။ မင်းက

တကယ်ကို ထူးခြားတဲ့

ညာဏ်ကြီးရှင်တစ်ယောက်ပါ။

ပညာရှင်အမွေအနှစ်ကြောင့်သာမဟုတ်ရ

င် ငါမင်းနဲ့ ရန်သူဖြစ်လာမှာမဟုတ်ဘူး”

ထိုစကားပြောပြီးသည်နှင့် အဘိုးအိုက

ယန်ယွဲ၏အထက်မှာ ပေါ်လာပြီး

သူ့ညာလက်ဝါးကို အောက်သို့

ဖိချလိုက်သည်။

အထက်ကောင်းကင်ပြင်ကြီး

ပြိုကျလာသလိုပင်ဖြစ်သည့်

သူ၏လက်ဝါးမှသယ်ဆောင်လာသော

အရှိန်အဝါကပင် ယန်ယွဲ့အား

အသက်ရှူကြပ်မတ်တတ်ဖြစ်သွားစေသ

ည်။

ယန်ယဲ့၏မျက်လုံးထဲမှ

ရက်စက်ကြမ်းကြုတ်မှုများပေါ်လာသည်

။ သူ၏ညာခြေကို တစ်ချက်စောင့်ပြီး

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

ကောင်းကင်ထက်သို့ ခုန်တက်သွားသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏ ဓားက

အဘိုးအို၏လက်ဝါးတည့်တည့်သို့

ထိုးသွင်းလိုက်သည်။ ထိုနောက်တွင်

ကျယ်လောင်သော ပေါက်ကွဲသံကြီး

ထွက်ပေါ်လာသည်။

ကြောက်မက်ဖွယ်ကောင်းသော

စွမ်းအင်လှိုင်းများ ဖြာထွက်လာသည်။

တစ်ချိန်တည်းမှာပဲ နှစ်ယောက်စလုံး (၃)

ကီလိုမီတာ အကွာသို့

အသီးသီးလွင့်ထွက်သွားခဲ့သည်။

သို့သော်လည်း ယန်ယဲ့က နေရာမှာပင်

ဖျတ်ခနဲပျောက်သွားပြန်သည်။ သူက

အနီးကပ်တိုက်ခိုက်ရန်

ကြံစည်းနေခြင်းဖြစ်သည်။ သို့သော်

အဘိုးအို၏ခွန်အားက လုံးဝကို

အံ့သြစရာပင်။

အနီးကပ်တိုက်ခိုက်လိုက်သည်နှင့်

အဘိုးအိုက သူ့အား နောက်ပြန်

ရိုက်ထုတ်နေခဲ့သည်။ ထိုပြင်
သူ၏ခန္ဓာကိုယ်က
ဒဏ်ရာဒဏ်ချက်တစ်ခုစီရနေခဲ့သည်။

"အဆင့်(၂)ညာဏ်အလင်းသခင်နှင့်
အဆင့်(၃) ညာဏ်အလင်းသခင်အကြား
ကွာခြားချက်က
ပေါ့သေးသေးတော့မဟုတ်ဘူး"
ယန်ယဲ့ကတွေးလိုက်မိသည်။

ဤအချိန်တွင် အဘိုးအိုက ရပ်လိုက်ပြီး

နန်စီယင်နှင့် ယန်ယဲ့ကို စိုက်ကြည့်ကာ

“မင်းတို့နှစ်ယောက်နဲ့ အခုလိုမျိုး

အချိန်ဖြုန်းနေဖို့

ငါစိတ်မဝင်စားတော့ဘူး”

ထိုစကားပြောပြီးသည်နှင့် သူ့လက်ထဲမှ

ရွှေတုတ်က အသက်ဝင်သွားပြီး

သူ့ညာလက်ကို

ဖြည်းညင်းစွာမြှောက်လိုက်သည်။

ထိုခဏလေးမှာပဲ ယန်ယဲ့၏ အပေါ်မှ

တိမ်တိုက်များ ကွဲအက်သွားပြီး

ထိုနေရာမှ အနက်ရောင်

လက်ချောင်းနှစ်ချောင်းထွက်လာသည်။

လက်ချောင်းတစ်ဝိုက်တွင် အနက်ရောင်

လျှပ်စီးကြောင်းများ

တဖျပ်ဖျပ်လပ်နေခဲ့သည်။

ထိုနေရာမှ အနက်ရောင်

လက်ချောင်းကြီးပေါ်လာသည်နှင့်

တစ်ပြိုင်နက် ပတ်ဝန်းကျင်သည်
တဖြည်းဖြည်းတုန်ခါလာသည်။
အထက်အာကာသပြင်က အနက်ရောင်
လက်ချောင်းအထဲမှ စွမ်းအင်ကို
တောင့်ခံမထားနိုင်တော့သလိုပင်
အလွန်ကို ကြောက်စရာကောင်းလှသော
မြင်ကွင်း တစ်ခုပင်ဖြစ်သည်။

ယန်ယဲ့သည် ဤတိုက်ခိုက်မှုကို
မြင်သောအခါ

ပေါ့ပေါ့ဆဆပြုမူခြင်းမရှိချေ။

သူ၏ဓားကို

တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားရင်း

ဆန်းကြယ်ချီစွမ်းအင်များ

အဆက်မပြတ် ပို့လွှတ်လိုက်သည်။

ခဏအကြာတွင် ဓားက

ပြင်းထန်စွာတုန်ခါလာကာ

အဆုံးမရှိသော ဓားအူသံများ

ပဲ့တင်ထပ်လာတော့သည်။

ဤအချိန်တွင်

အနက်ရောင်လက်ချောင်းက ယန်ယွဲ့နှင့်

မီတာ(၃)အကွာသို့ ရောက်လာ၏။

ယန်ယွဲ့က သူ၏ညာခြေကို

တစ်ချက်ဆောင့်လိုက်သည်။

“ဘုန်း…”

ထိုနောက်တန်ပြန်အားယူကာ လေထဲသို့

ခုန်တက်လိုက်သည်။ သူ၏ဓားကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ
အနက်ရောင်လက်ချောင်းဆီသို့
ပင့်ခုတ်လိုက်သည်။

“ဘမ်း…”

အနက်ရောင်လက်ချောင်းက
ပြင်းထန်စွာတုန်ခါသွားပြီး
အက်ကြောင်းများပေါ်လာခဲ့သည်။
သို့သော်လည်း

ယန်ယဲ့၏ပါးစပ်ထောင့်မှသွေးများ

အန်ထွက်လာသည်။ ဤအချိန်တွင်

အဘိုးအိုက နေရာမှာတင်

ပျောက်ကွယ်သွားသည်။

ထိုနောက် ကွဲအက်စပြုနေသော

အနက်ရောင်လက်ချောင်း

အထက်၌ပေါ်လာသည်။ သူ၏ညာခြေကို

လေထဲသို့ အသာပုတ်လိုက်၏။

“အုန်း…”

ရောမ လက်ချောင်းကြီးက

လုံးလုံးပေါက်ကွဲသွားပြီး

တစ်ချိန်တည်းမှာပဲ စွမ်းအင်

ခြေထောက်တစ်ဖက်က

ယန်ယဲ့အားနင်းချလာသည်။

စွမ်းအင်ခြေထောက်က မြေပြင်ကို

နင်းချခါနီးတွင် ဓား (၁၀) ချောင်း

ရုတ်တရက် ပေါ်လာပြီး အလင်းတန်းများ ဖြာထွက်လာကာ ဖုံးလွှမ်းသွားသည်။

“ဆူး...”

ဤအချိန်တွင်  အဘိုးအိုဆီသို့ ဓားအလင်းတန်းတစ်ခုလွင့်ပျံလာသည်။ အဘိုးအို၏မျက်လုံးထဲမှ ပြင်းထန်သော အလင်းရောင်တစ်ခုလင်းလက်လာသည်

။ သူ၏ ညာဘက်လက်ဝါးကို ဖြန့်ကာ ဆတ်ခနဲ ပုတ်လိုက်သည်။

“ဘုန်း...”

ကောင်းကင်ကြီး တစ်ခုလုံး တုန်ခါသွားသည်။ ယန်ယွဲ့၏ ဓားစွမ်းအင်က ချက်ချင်းကွဲထွက်သွားသည်။ ယန်ယွဲ့ကိုယ်တိုင်လည်း မြေပြင်ပေါ်သို့

ပြုတ်ကျသွားသည်။

အဘိုးအိုရဲ့မျက်လုံးထဲမှ ရက်စက်

ကြမ်းကြုတ်မှုတစ်ခု ပေါ်လာသည်။

နန်စီယင်က ရုတ်တရက်

လှမ်းအော်လိုက်၏။

“(၁၅) မိနစ်”

အဘိုးအိုက နန်းစီယင်ကို
စိုက်ကြည့်လိုက်သည်။

သူမက “နောက် (၁၅) မိနစ်ကြာရင်
ငါ့နန်းစီကလန်ရဲ့ အဆင့်မြင့်
အာဏာပိုင်တွေရောက်လာတော့မှာ
နင်ကအခုထွက်ပြေးရင်
အသက်ရှင်နိုင်သေးတယ်”

“နန်းစီကလန်”

အဘိုးအိုက ချီတုံချတုံဖြစ်နေပုံရ၏။

သူက ယန်ယဲ့ကို မော့ကြည့်ကာ

နန်စီယင်ကို ပြန်လှည့်ကြည့်ရင်း

အသက်ပြင်းပြင်းရှူပြီး

ကောင်းကင်အထက်သို့ပျောက်ကွယ်

သွားသည်။

သူက ယန်ယဲ့အားချက်ချင်း

မသတ်နိုင်သောကြောင့်ပင်။

ယန်ယဲကိုမသတ်နိုင်ခဲ့လျှင် နန်စီကလန်မှ

အာဏာပိုင်များရောက်လာသည်အထိ

အချိန်ဆွဲခံရသလိုဖြစ်သည်။

ထိုအချိန်တွင် သူက သေချာပေါက်

အသတ်ခံရပါလိမ့်မည်။ သူတင်မဟုတ်

သူ့နောက်မှ မျိုးနွယ်စုပါ သေချာပေါက်

ဖယ်ရှားခံရပါလိမ့်မည်။ ထို့ကြောင့်

ထွက်ပြေးဖို့သာ ဆုံးဖြတ်လိုက်၏။

အဘိုးအို ထွက်သွားသည်နှင့် နန်စီယင်က ယန်ယဲ့ကို သွားကြည့်ရင်း “နင်အဆင်ပြေလား” ဟုမေးလိုက်သည်။

ယန်ယဲ့က ခေါင်းကို အနည်းငယ် ခါယမ်းလိုက်သည်။ သူက ဒဏ်ရာအပြင်းအထန်တော့မရခဲ့ပေ။ သို့သော်လည်း တိုက်ပွဲက သူ၏ခွန်အား မလုံလောက်ကြောင်း ကောင်းကောင်းကြီး

သဘောပေါက်သွားစေခဲ့သည်။

တိုက်ခိုက်ရေး ခွန်အားပင်ဖြစ်စေ၊

အခြားရှုထောင့်ကပင်ဖြစ်စေ အဘိုးအိုက

သူ့ထက် အများကြီး သာလွန်ခဲ့သည်။

တစ်နည်းအားဖြင့် သူ့အတွက်

ညဏ်အလင်းသခင်အဆင့်သို့

အလျင်အမြန်ဆုံး တက်လှမ်းဖို့သာ

ရှိတော့သည်။ နန်စီယင်က

သွားရအောင်ဟု ပြောလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်ပြပြီး

နန်စီယင်နှင့်အတူ နေရာမှာပင်

ပျောက်ကွယ်သွားခဲ့သည်။

ဤတစ်ကြိမ်တွင်

မည်သူမှမတားဆီးကျတော့ဘဲ

နှစ်ယောက်သား လူသားကမ္ဘာသို့

ပြန်ရောက်လာခဲ့ကြတော့သည်။

ယန်ယဲ့က

ကျိုးပျက်ခြင်းချောက်ကမ်းပါးအောက်၌

ရပ်နေရင်း ကောင်းကင်ကို မော့ကြည့်ကာ

“မင်းရဲ့အဖေ ဒီကို ရောက်လာဖို့

ဘယ်လောက်ကြာမှာလဲ...”

နန်စီယင်က “အသက်ရှူချိန် (၁၀၀)

အများဆုံးပဲ”ဟု ပြန်ဖြေသည်။

ယန်ယဲ့က ခေါင်းညိတ်ပြီး
သူ၏မျက်လုံးကို မှိတ်ထားလိုက်သည်။

ဤအချိန်တွင် နန်စီယင်က ခဏမျှ
တုံ့ဆိုင်းသွားပြီး "နင်က ဘာကြောင့်
ငါနဲ့အတူ နန်စီကလန်ကို
လိုက်မလာတာလဲ..." ဟု
မေးလိုက်ပါသည် ။

"နန်စီကလန်လား..."

ယန်ယဲ့က မျက်လုံးဖွင့်ပြီး ခေါင်းခါလိုက်သည် “ငါ့မှာ တစ်ခြားကိစ္စရှိသေးတယ်”

နန်စီယင်က ယန်ယဲ့ကို ငုံ့ကြည့်ရင်း အောက်နှုတ်ခမ်းကို ဖိကိုက်လိုက်သည်။ သူမက တစ်ခုခုကို ပြောချင်နေပုံပါ။ သို့သော် ကောင်းကင်အထက်သို့ ရုတ်တရက်မော့ကြည့်လိုက်သည်။

ခဏအကြာတွင် ထိုနေရာမှ အစွမ်းထက်

အောက်ရာ (၁၅)ခု ပေါ်လာပြီး ယန်ယဲ့နှင့်

နန်စီယင်အထက် ကောင်းကင်ယံသို့

ရောက်လာကြသည်။ အဖွဲ့ကို

ဦးဆောင်လာသူက နန်စီကလန်၏

ကလန်ခေါင်းဆောင် တစ်နည်း

နန်စီယင်၏ဖခင်ဖြစ်သူပင်။

သူ၏နောက်ကွယ်တွင် အခြား

ကျင့်ကြံသူ (၁၂)ယောက် ပါခဲ့သည်။

အားလုံးက အနက်ရောက် ဝတ်စုံကို

ဝတ်ဆင်ထားပြီး ကျောပေါ်တွင်

သွေးစားရှည်များကို

သိုင်းလွယ်ထားကြသည်။ ထိုပြင် (၁၂)

ယောက်စလုံးက

ကြောက်မက်ဖွယ်ရာကောင်းသော

အေးစက်စက် အငွေ့အသက်များ
ထွက်ပေါ်လာကြသည်။

ဤလူအုပ်ကို မြင်သောအခါ ယန်ယဲ့က
နှလုံးသားများပင် တုန်ခါသွားသည်။
အဘယ်ကြောင့်ဆိုသော်
တစ်ယောက်ချင်းစီက အစောပိုင်းက
သူတိုက်ခိုက်ခဲ့သော အဘိုးအိုထက်
အနည်းဆုံး (၁၀)ဆလောက်
ပိုသန်မာနေလို့ဖြစ်သည်။

“နန်စီကလန်က သာမန်မဟုတ်ဘူး”

သက်လတ်ပိုင်းအမျိုးသားက
နန်စီယင်ကို မြင်သောအခါ သိသာစွာ
စိတ်အေးလက်အေး ဖြစ်သွားပုံရ၏။

သက်လတ်ပိုင်းအမျိုးသား၏နောက်ကွ
ယ်မှ ကျင့်ကြံသူများ၏

မျက်လုံးထဲတွင်လည်း
စိတ်လှုပ်ရှားမှုများ ပေါ်လာသည်။

နန်စီကလန်က ပညာရှင် အမွေအနှစ်ကို
ရလိုက်သည်မဟုတ်ပါလား…။
သက်လတ်ပိုင်းအမျိုးသားက
နန်စီယင်ကို အနည်းငယ်
ခေါင်းညိတ်ပြပြီး
ယန်ယဲ့အားစူးစိုက်ကြည့်ကာ
“ကျေးဇူးတင်ပါတယ် ညီငယ်၊

ငါ့နန်စီကလန်ရဲ့ အကူအညီကို လိုအပ်ရင် ငါ့ကို အကြောင်းကြားပါ ငါတက်နိုင်တဲ့ အကန့်အသတ်အတွင်းမှာဆိုရင်တော့ ငြင်းမှာမဟုတ်ဘူး”

ယန်ယဲ့က ပြုံးလိုက်သည်။ သူက သက်လတ်ပိုင်းအမျိုးသားအားကြည့်ကာ စကားပြန်ပြောရန် ပြင်နေသည်။

ဤအချိန်တွင် ကောင်းကင်အထက်မှ

ရွှေရောင်အလင်းတန်း

(၁၂)ခုပေါ်လာသည်။ ခဏအကြာတွင်

ခရမ်းရွှေရောင် ချပ်ဝတ် တပ်သား

(၁၂)ဦး ကောင်းကင်ယံအထက်၌

ပေါ်လာခဲ့သည်။ ဦးဆောင်လာသူက

ခရမ်းရောင် ဝတ်ရုံဝတ် အဘိုးကြီး

တစ်ဦးပါ။ ၎င်း၏အော်ရာများက

သက်လတ်ပိုင်းအမျိုးသား၏နောက်မှ

အနက်ရောင်ဝတ်ရုံဝတ်အမျိုးသား
(၁၂)ဦးထက်အားနည်းသည်မဟုတ်ပေ။

နန်စီယင်၏အဖေက “ရွှေအစောင့်
(၁၂)ယောက်လား…”

ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအိုက
နန်စီကလန်၏ကျင့်ကြံသူ အုပ်စုကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
ယန်ယဲ့အား စိုက်ကြည့်ကာ “ငါတို့က

လူသားမျိုးနွယ်ကို သစ္စာဖောက်တဲ့

ယန်ယဲ့ကို ဖမ်းဖို့။

လူသားအင်ပါယာအရှင်ရဲ့ အမိန့်အတိုင်း

ရောက်လာတာ။ ငါတို့ကို တားဖို့

မကြိုးစားနဲ့နော်။ မဟုတ်ရင်

မင်းတို့လည်း လူသားမျိုးနွယ်ရဲ့

ရန်သူအဖြစ် သတ်မှတ်ခံရမှာ၊

လူသားမျိုးနွယ်တစ်ခုလုံးက မင်းတို့ကို

သတ်ဖို့ တာဝန်ရှိလမ့်မယ်”

ဤအခိုက်အတန့်တွင် လူတိုင်းက ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။

လူသားအင်ပါယာအရှင်က သူ့ကို သတ်ချင်နေတာ...။

Translated by NyiNyiSoe

May Be:

၂၂၇၅

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၇၅ - ခွဲခွါဖို့အချိန်ကျပြီ

လူသားအင်ပါယာအရှင်ကမည်သူနည်း။

လူသားအင်ပါယာအရှင်သည်

လူသားမျိုးနွယ်၏ အထွတ်အမြတ်

ပုဂ္ဂိုလ်အဖြစ်

အသိအမှတ်ပြုခံထားရသူပင်ဖြစ်သည်။

အတိုင်းအတာတစ်ခုအထိ

လူသားမျိုးနွယ်ကို

ကိုယ်စားပြုနိုင်သည်ဟု ဆိုနိုင်သည်။

ယန်ယွဲ့သည် လူသားအင်ပါယာအရှင်က

သတ်ဖြတ်ချင်နေသော

လူတစ်ယောက်ဖြစ်နေ၏။

နန်စီယင်၏အဖေနှင့်

နန်စီကလန်၏အာဏာပိုင်များက

မျက်လုံးထဲ၌ စူးစမ်းလိုစိတ်များ

ပြည့်နှက်နေကာ

ယန်ယဲ့ကိုစိုက်ကြည့်နေကြသည်။

ယန်ယဲ့က

ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအိုနှင့်

အဖွဲ့ကို စိုက်ကြည့်လိုက်သည်။

လူသားအင်ပါယာအရှင်က ရုတ်တရက်

ရောက်ရှိလာလိမ့်မည်ဟု

မမျှော်လင့်ထားခဲ့ပေ။ ထိုပြင်

ထိပ်တန်းအဆင့် ကျင့်ကြံသူအဖွဲ့တစ်ဖွဲ့ပါ စေလွှတ်လိုက်သည်။

ဤအတောအတွင်း နန်စီယင်၏အဖေက "ဒီမှာ နားလည်မှု လွဲတာမျိုး တစ်ခုခုရှိနေမလား...”ဟု ရုတ်တရက် မေးလိုက်သည်။

ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအိုက နန်စီယင်၏အဖေကို စိုက်ကြည့်ကာ

“မင်းက နန်စီကလန်ရဲ့ ဘိုးဘေး

နန်စီထျန်လို့ ငါထင်တယ်”

နန်စီယင်၏အဖေက

ခေါင်းညိတ်လိုက်သည် “မင်းမှန်ပါတယ်”

ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအိုက

ယန်ယွဲ့ကို လက်ညှိုးထိုးပြပြီး “သူက

လူသားအင်ပါယာအရှင်ရဲ့

မြင့်မြတ်သောဓားကို ခိုးယူတဲ့အပြင်

သူက ရှာမန်မျိုးနွယ်ရဲ့ နည်းစနစ်တွေကို ကျင့်ကြံထားသေးတယ်။ ဒါ့အပြင်ရှာမန် သွေးမျိုးဆက်ကိုပါ ပိုင်ဆိုင်ထားသေးတယ်။ ပြောရရင် လူသားအင်ပါယာအရှင်က ဒီယန်ယဲ့ဟာ ရှာမန်မျိုးနွယ်ရဲ့ သူလျှိုဖြစ်နေတယ်လို့ သံသယ ရှိနေတယ်။ ဒါကြောင့် သူ့ကိုဖမ်းပြီး ဗဟိုစီရင်စုကို ပြန်ခေါ်လာဖို့ အမိန့်ပေးထားတယ်”

နန်စီထျန်က ယန်ယွဲ့ကို စိုက်ကြည့်ရင်း “မင်းက တကယ်ပဲ ရှာမန်နည်းစနစ်ကို ကျင့်ကြံပြီး သွေးမျိုးဆက်ပါ ပိုင်ဆိုင်ထားသလား...”

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်။

သူဝန်ခံလိုက်သည်ကို မြင်သော အခါ နန်စီထျန်လည်း မျက်နှာပျက်သွား၏။ ဤအချိန်တွင် အဘိုးအိုက ပြုံးကာ

“မင်းသူ့ကို သိနေတာထင်တယ်။ သူက ရှာမန်သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားတယ်။ ရှာမန်နည်းစနစ်တွေကို လေ့ကျင့်ထားတယ်။ ဤသတင်းသာ လူသားအင်ပါယာအရှင်ဆီကို ပြန်ရောက်သွားရင် နန်စီကလန်…”

နန်စီထျန်က ရုတ်တရက် အေးစက်စက်ပြောလိုက်၏ “ဘာလဲ

လူသားအင်ပါယာအရှင်ရဲ့ နာမည်နဲ့ ငါ့ကို ခြိမ်းခြောက်နေတာလား…”

အဘိုးအိုက “ငါဘယ်လိုလုပ် ခြိမ်းခြောက်ရဲမှာလဲ…။ ငါမင်းကို သတိပေးရုံပါပဲ”

နန်စီထျန်က တိတ်ဆိတ်သွားသည်။

“သူ့ကိုကာကွယ်ပေးမနေပါနဲ့”

ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအိုက

အေးစက်စက်ပြောလိုက်သည်။

“ဘိုးဘေး နန်စီထျန် ငါ့ကို ရိုးရိုးသားသား

ပြောခွင့်ပြုပါ။ မင်းရဲ့ နန်စီကလန်ကို

မပြောနဲ့ မြင့်မြတ်နယ်မြေသုံးခုက

အကုန်ပေါင်းထားပြီး သူ့ကို

ကာကွယ်ရင်တောင်မှ အသက်ရှင်နိုင်မှာ

မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့

လှူသားအင်ပါယာအရှင်က သူ့ကို သတ်ဖို့ ဆုံးဖြတ်ထားတယ်။ မဟုတ်လို့ရှိရင် သူက ငါတို့ကို ဒီနေရာအထိ လာခိုင်းမှာ မဟုတ်ဘူး”

လှူသားအင်ပါယာအရှင်သည် ယန်ယဲ့ကို သတ်ပစ်ရန် ဆုံးဖြတ်ထား၏။

နန်စီထျန်က

မျက်မှောင်ကြုတ်လိုက်သည်။

ဤအချိန်တွင် သူ့နောက်ကွယ်မှ အဘိုးအိုတစ်ဦးက “ငါတို့ နန်းစီကလန်က ဒီကိစ္စကို ဝင်စွက်ဖက်ဖို့ မဖြစ်နိုင်ဘူး”

သို့သော် နန်းစီယင်က ရုတ်တရက် အော်ပြောလိုက်သည်။ နန်းစီထျန်နှင့် အခြား အာဏာပိုင်များက နန်းစီယင်ကို စိုက်ကြည့်လိုက်ကြသည်။ သူ့နောက်ကွယ်ရှိ အဘိုးအို

တစ်ယောက်က

မျက်မှောင်ကြုတ်လိုက်သည်။

သူကအောင်ပေါက်တော့မည်ဖြစ်သောလ

ည်း တစ်ခုခုကို တွေးမိပုံရပြီး

ပြောမည့်စကားကို ပြန်မျိုချလိုက်သည်။

ဤအချိန်တွင်နန်စီယင်က

ယခင်နှင့်မတူတော့ပေ။ သူမက

ပညာရှင်အမွေအနှစ်ကို

ပိုင်ဆိုင်ထားသောကြောင့် နန်စီကလန်၏
အဖိုးတန်ရတနာတစ်ခု ဖြစ်နေလေသည်။

ဤအတောအတွင်း နန်စီယင်က "အဖေ
သမီးက သူ့ကြောင့်မဟုတ်ရင်
ဒီအမွေအနှစ်ကို ရနိုင်မှာ မဟုတ်ဘူး။
ဒါ့အပြင် သူက အန္တရာယ်နဲ့
ရင်ဆိုင်နေရတော့ နန်စီကလန်က
ဘယ်လိုလုပ် ရပ်ကြည့်နိုင်မှာလဲ...။ အဖေ
သူ့ကို ကူညီပေးဖို့ တောင်းဆိုပါတယ်

မပဟုတ်ရင် ဒီအမွေအနှစ်ကို

စွန့်လွှတ်လိုက်ရင် ပိုကောင်းလိမ့်မယ်”

“မင်းရှူးသွားပြီလား...”

နန်စီထျန်၏နောက်ကွယ်မှ အဘိုးအို

တစ်ဦးက “ဒီအမွေအနှစ်က

ဘယ်လောက်အရေးကြီးလည်းဆိုတာ

မင်းသိလား...။ မင်းက ငါတို့ နန်စီကလန်နဲ့

ဘာမှမဆိုင်တဲ့ လူအတွက်နဲ့ အဲ့ဒါကို

စွန့်လွှတ်ဖို့ ရည်ရွယ်ထားသလား…မင်း

မင်း…”

ဤအချိန်တွင် နန်စီထျန်က အဘိုးအိုအား

အေးစက်စက်အကြည့်ဖြင့်

စိုက်ကြည့်လိုက်ရာ

ချက်ချင်းပါးစပ်ပိတ်သွားသည်။

နန်စီထျန်က နန်စီယင်ကို

လှမ်းကြည့်လိုက်သည်။

နန်းစီယင်က “သူ့ကြောင့်သာမဟုတ်ရင်
ငါက ပညာရှင်အမွေအနှစ်ကို
လုံးဝမရလိုက်ဘူး။ နင်တို့တွေ သူကို
မကူညီရင် ငါဒီအမွေအနှစ်ကို
အပြီးတိုင်စွန့်လွှတ်လိုက်မယ်”

နန်းစီထျန်က လက်သီးကို ဖြည်းညင်းစွာ
ဆုပ်လိုက်ပြီး ချီတုံချတုံဖြစ်နေသည်။

ဤအချိန်တွင်

ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအိုက

“ဘိုးဘေး နန်စီထျန် မင်းသူ့ကို

ကာကွယ်ဖို့ ပြောရင် ငါတို့ သူ့ကို

မသတ်နိုင်ဘူး။ ဒါပေမဲ့ မင်းရဲ့

နန်စီကလန်နဲ့ လုံးဝ မသက်ဆိုင်တဲ့

လူတစ်ယောက်အတွက်နဲ့

လူသားအင်ပါယာအရှင်ကို ဆန့်ကျင်ဖို့

ထိုက်တန်သလား…”

နန်စီထျန်က အဘိုးအိုကို

လှမ်းကြည့်လိုက်ရာ “လူသားမျိုးနွယ်မှာ

ရှာမန်နည်းစနစ်တွေ ကျင့်ကြံထားတဲ့သူ

နည်းနည်းလောက် ရှိသင့်တယ်မလား…။

ဒါပေမဲ့ လူသားအင်ပါယာအရှင်ကို

ဒီလောက်အာရုံစိုက်ဖို့အထိ

မထိုက်တန်လောက်ပါဘူး။ ငါတကယ်

သိချင်မိတယ်။

လူသားအင်ပါယာအရှင်က

ဘာကြောင့်များ သူ့ကို
သတ်ချင်နေရတာလဲ…”

အဘိုးအိုက “ငါမသိဘူး။ ငါလည်း
ဒီမေးခွန်းရဲ့ အဖြေကို မသိဘူး။ ဒါပေမဲ့
လူသားအင်ပါယာအရှင်က သူ့ကို သတ်ဖို့
ဆုံးဖြတ်ထားတယ်ဆိုတော့ မင်းသူ့ကို
ကာကွယ်ဖို့ လုပ်ရင် ငါပြောတာကိုယုံပါ။
လူသားအင်ပါယာအရှင်က ဒီကိစ္စကို
ငြိမ်ခံမှာ မဟုတ်ဘူး”

ဤအတောအတွင်း

နန်စီထျန်၏နောက်ကွယ်မှ အဘိုးအိုက

ရုတ်တရက်ဆိုသလို အသံတိတ်

ဆက်သွယ် ပြောခဲ့သည်။

"နန်စီယင်က ပညာရှင်အမွေအနှစ်ကို

ရယူထားပြီးဆိုတော့

အခြားမျိုးနွယ်စုကြီးတွေနဲ့

မဟာမြင့်မြတ်နယ်မြေ သုံးခုတောင်

ငါတို့ကို တိုက်ခိုက်ဖို့ ချောင်းနေမှာပဲ။

သူတို့က ငါတို့ကို လျှို့ဝှက်ပြီးတောင်

တိုက်ခိုက်လာနိုင်တယ်။ ဒီလိုအချိန်မှာ

ငါတို့က လူသားအင်ပါယာအရှင်ကို

ဆန့်ကျင်လို့ မရဘူး။ ငါ့နန်စီကလန်က

သတိနဲ့နေမှရမယ် ဘိုးဘေး။

မျိုးနွယ်စုတစ်ခုလုံးရဲ့

ရေရှည်အကျိုးစီးပွားကို ကြည့်ပြီး

စဉ်းစားပေးပါ”

နန်စီထျန်က မျက်လုံးများကို ဖြည်းညင်းစွာ မှတ်လိုက်သည်။

ဤအချိန်တွင် နန်စီယင်က သူမ၏အဖေ ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်ကို သတိပြုမိလိုက်ပုံရ၏။ ထို့ကြောင့် ယန်ယဲ့ထံသို့ ရုတ်တရက် လျှောက်သွားသည်။ နန်စီထျန်က ခဏတုံ့ဆိုင်းသွားသော်လည်း အဆုံးတွင် သူ၏သမီးဖြစ်သူကို မတားလိုက်ပေ။

နန်စီယင်က ယန်ယဲ့ဆီသို့ လျှောက်လာပြီး
“တောင်ပန်ပါတယ်”

ယန်ယဲ့က ပြုံးပြီး “ငါအဆင်ပြေပါတယ်”

“သို့သော် ငါ့ကို ဖမ်းပြီး
ဓားစာခံအဖြစ်သုံးပါ” ယန်ယဲ့၏စိတ်ထဲမှ
နန်စီယင်၏အသံ ထွက်ပေါ်လာသည်။

ယန်ယဲ့က ခဏလောက်

ထိတ်လန့်သွားသည်။ ထို့နောက်

ခေါင်းခါယမ်းလိုက်သည်။

“မဟုတ်ဘူး”

“မဟုတ်ရင်

နင်လွတ်မြောက်နိုင်မှာမဟုတ်ဘူး”

နန်စီယင်၏အသံက

ယန်ယဲ့၏စိတ်ထဲတွင်
ပွဲတင်ထပ်လာသည်။

“သူတို့အထဲမှာ အားအနည်းဆုံးက
အဆင့် (၅)ညဏ်အလင်းသခင်ပဲ။
လူသားအင်ပါယာအရှင်က နင့်ကိုသတ်ဖို့
စိတ်ပိုင်းဖြတ်ထားတာလေ။ ဒါပေမဲ့ နင်ရဲ့
လက်ရှိခွန်အားက လွတ်မြောက်ဖို့ လုံးလုံး
မလုံလောက်ဘူး ဒါကြောင့် ငါ့ကိုဖမ်းပြီး
ဓားစာခံအဖြစ်သုံးပါ။ ပြီးတော့

ရှာမန်ကမ္ဘာထဲကို ပြန်ပြေးပါ။ သူတို့က ရှာမန်ကမ္ဘာထဲကို ပွင့်ပွင့်လင်းလင်းလိုက်လာဝံ့မှာမဟုတ်ဘူး”

သို့သော် ယန်ယဲ့က “မဟုတ်ဘူး။ မင်း အပြစ်ရှိတယ်လို့ ခံစားမနေနဲ့။ ဒါငါ့ရဲ့ပြဿနာပဲ တကယ်တော့ ဒီလို အခြေအနေမျိုးက အရင်ကတည်းက

ငါမျှော်လင့်ထားတာပဲ”

ဟုပြန်ပြောလိုက်သည်။

စကားပြောနေစဉ်

ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအိုနှင့်

အဖွဲ့ကို စိုက်ကြည့်ရင်း “ဒါပေမဲ့ ငါ့အထင်

အဲ့ဒီလူက ဒီလောက်ကြီးတဲ့ အစုအဖွဲ့ကို

စေလွှတ်လိုက်ဖို့တော့ ဘယ်တုန်းကမှ

မျှော်လင့်မထားဘူး”

အဘိုးအိုက “အရင်တုန်းက မင်းကိုငါတို့
လျှော့တွက်ခဲ့သလိုပဲ
နောက်တစ်ခါထပ်မလုပ်ခဲ့ဘူး”

ယန်ယဲ့က ပြုံးလိုက်သည်။

“ဟုတ်တယ် ဒီကိစ္စကို မင်းတို့
ဝင်ပြီးမစွက်ဖက်တာ အကောင်းဆုံးပဲ”

ဤအခိုက်အတန့်တွင်
ကောင်းကင်ယံအထက်မှ အသံ တစ်သံ
ထွက်ပေါ်လာပြီးနောက် လူသုံးယောက်
ပေါ်လာကြသည်။ အားလုံးက
အနက်ရောင် ဝတ်ရုံကို ဝတ်ဆင်ထားပြီး
အနက်ရောင် ဆူးချွန်များကို
ကိုင်ထားကြသည်။

ရှာမန်အမဲလိုက်သူကလန် ရောက်လာပြီ

ဤမြင်ကွင်းကို မြင်လိုက်သောအခါ ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအို၏ ပါးစပ်ထောင့်မှ အေးစက်စက်အပြုံး တစ်ခု ပေါ်လာခဲ့သည်။

ရှာမန်အမဲလိုက်သူကလန်မှ ကျင့်ကြံသူ သုံးယောက်ထဲမှ အဖွဲ့ကို ဦးဆောင်သည့် သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို စူးစိုက်ကြည့်ကာ "သူက ရှာမန်မျိုးနွယ်ရဲ့ နည်းစနစ်တွေကို ကျင့်ကြံတဲ့အပြင်

ရှာမန်သွေးမျိုးဆက်ကို

ပိုင်ဆိုင်ထားသူတင်မဟုတ်ဘူး။

ငါ့အဖွဲ့ဝင်တွေကိုတောင်

သတ်ပစ်ခဲ့တယ်။ ဒါအပြင်သူက

ငါ့ရှာမန်အမဲလိုက်သူကလန်ကိုလည်း

ပွင့်ပွင့်လင်းလင်းစိန်ခေါ်ထားတယ်။

ငါ့မျိုးနွယ်

ငါ့ရှာမန်အမဲလိုက်သူကလန်က သူ့ကို

သတ်ပစ်ဖို့ ဆုံးဖြတ်ထားပြီ။ ဒီတော့

သူ့ကို ကာကွယ်ဖို့ ကြိုးစားတဲ့ လူက ငါ့တို့
မျိုးနွယ်ရဲ့ ရန်သူပဲ”

ရှာမန်အမဲလိုက်သူကလန်။

နန်စီထျန်၏အမူအရာက ချက်ချင်းပင်
ဆိုးရွားသွားခဲ့သည်။ နန်စီယင်က
ထပ်ပြောချင်သော်လည်း
အဘိုးအိုတစ်ယောက်ရုတ်တရက်

ပေါ်လာပြီး သူမ၏ လည်ပင်းကိုတစ်ချက်ပုတ်လိုက်သည်။

နန်စီယင်၏ခန္ဓာကိုယ်က တောင့်တင်းသွားကာ သတိမေ့သွားသည်။ အဘိုးအိုက နန်စီထျန်ကို စိုက်ကြည့်ကာ ခေါင်းယမ်းလိုက်သည်။ နန်စီထျန်က မျက်လုံးများကို ဖြည်းညင်းစွာမှိတ်ထားသည်။

ခဏအကြာတွင်

တိတ်ဆိတ်ငြိမ်သက်နေသော ယန်ယဲ့ကို

ကြည့်ပြီး လက်သီးဆုပ်ပြကာ “ညီငယ်

တောင်းပန်ပါတယ်”

ထိုစကားပြောပြီးသည်နှင့်

သူ့ညာလက်ကို ဝှေ့ယမ်းကာ

သူ့နန်စီကလန်၏

အခြားအဖွဲ့ဝင်များနှင့်အတူ ကောင်းကင်
အထက်သို့ ပျောက်ကွယ်သွားခဲ့သည်။

ဤအတောအတွင်း
ခရမ်းရောင်ဝတ်ရုံဝတ်နှင့်အဘိုးအိုအဖွဲ့၊
ယန်ယဲ့နှင့် ရှာမန်အမဲလိုက်သူကလန်မှ
ကျင့်ကြံသူများသာ ကျန်တော့သည်။
သို့သော် ယန်ယဲ့၏မျက်နှာက
ငြိမ်သက်နေ၍ အစကတည်းက

နန်စီကလန်ထွက်သွားဖို့သာ

မျှော်လင့်နေခြင်းဖြစ်သည်။

နောက်ဆုံးတွင် နန်စီကလန်က

သူ့အပေါ်အနည်းငယ်သာ

အကြွေးတင်ထား၏။ ၎င်းက

လူသားအင်ပါယာအရှင်ကို လုံးဝ

ဆန့်ကျင်မည်မဟုတ်ချေ။

ခဏာမျှတိတ်ဆိတ်နေပြီးနောက်

ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအိုက

ယန်ယဲ့ကို စိုက်ကြည့်ကာ “မင်းငါတို့ကို

ဖမ်းဖို့ ခွင့်မပြုဘူးလို့ ငါထင်တယ်။

ဒါကြောင့်မင်းရဲ့ နောက်ဆုံး ဝှက်ဖဲကို

ဆက်သုံးပါ။ တစ်ခုတော့ရှိတယ် မင်းမှာ

အခွင့်အရေးတစ်ခုပဲ ရှိမယ်ဆိုတာတော့

သတိရပါ”

ယန်ယဲ့က လူအုပ်ကို ကြည့်ကာ ရယ်မောလိုက်သည်။ နောက်ထပ်စကားမပြောတော့ဘဲ ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။ သူက အနန္တစားနယ်မြေကို အကန့်အသတ်အထိ အသက်သွင်းဖို့ ပြင်နေ၏။ ၎င်းက သူ၏ နောက်ဆုံး ဝှက်ဖဲဖြစ်သည်။ သို့သော် လက်ရှိ ယခုအချိန်တွင် အသုံးပြုရပေတော့မည်။

မှန်သည်။ အနန္တစားနယ်မြေကို

ထုတ်သုံးသည့်တိုင် သူ့ကိုယ်သူ

အသက်ရှင်နေမည်ဟု ယုံကြည်မှု သိပ်

မရှိပေ။ ဤအချိန်တွင်

ယန်ယဲ့၏စိတ်ထဲမှ အသံတစ်သံ

ပဲ့တင်ထပ်လာသည်။

“ကလေး ငါသွားရမဲ့ အချိန်ရောက်ပြီ”

ယန်ယဲ့က ရပ်လိုက်သည်။

ချုန်းချီ၏အသံဖြစ်နေသောကြောင့်ပါ။

ခဏအကြာတွင် ချုန်းချီက ယန်ယဲ့၏

ခေါင်းအထက်တွင် ပေါ်လာခဲ့သည်။

ချုန်းချီကို မြင်သောအခါ

ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအိုနှင့်

ရှာမန်အမဲလိုက်သူကလန်၏အဖွဲ့ဝင်များ

လည်း မျက်မှောင်ကြုတ်သွားကြသည်။

ရှာမန်အမဲလိုက်သူကလန်မှ

သက်လတ်ပိုင်းအဘိုးအိုက မျက်လုံးများ

ပြူးကျယ်လာကာ “မင်း မင်းက

နတ်မိစ္ဆာကောရာဇ် ချုန်းချီလား...”

ချုန်းချီက သက်လတ်ပိုင်းအဘိုးအိုကို

တစ်ချက်ကြည့်လိုက်သည်။

ဤအချိန်တွင် သက်လတ်ပိုင်း

အဘိုးအိုက “မဟုတ်ဘူး... မဟုတ်ဘူး...

နတ်မိစ္ဆာ ကေရာဇ်ချုန်းချီက

ဒီလောက်အထိ အားမနည်းသင့်ဘူး။ မင်း

မင်းက အဓိက ခန္ဓာကိုယ်မဟုတ်ဘူးပဲ။

ကိုယ်ပွား ခန္ဓာကိုယ်တစ်ခုပဲ"

ချုန်းချီက သက်လတ်ပိုင်းအဘိုးအိုကို

လျစ်လျူရှုလိုက်ပြီး ယန်ယဲ့ကို

စိုက်ကြည့်ကာ “လောကသုံးပါးကို

ရောက်လာပြီးတဲ့နောက်မှာ အခု

မင်းဘယ်လို ခံစားရလဲ” ဟု
မေးလိုက်၏။

ယန်ယဲ့က ပြုံးပြီး“ဘာမှမဟုတ်ပါဘူး။
ငါခံစားရတာက တစ်ခုတည်းပဲ။ ဒါဟာ
ငါတော်တော် အားနည်းနေသေးတယ်။
ဒါက နည်းနည်းတောင်မဟုတ်ဘူး”

ချုန်းချီက ဆက်ပြောလိုက်သည် “မင်းက
အရမ်းကို အားနည်းတယ်။ မင်းရဲ့

ဝှက်ဖဲတွေကို မသုံးရင် ဒီမှာရှိတဲ့

ဘယ်သူ့ကိုမှ အနိုင်ယူနိုင်မှာ မဟုတ်ဘူး။

ဒါအပြင် အဲ့ဒီ ဝှက်ဖဲတွေကို

သုံးရင်တောင် မင်းက အားလုံးကို

သတ်နိုင်မှာ မဟုတ်ဘူး”

ချုန်းချီပြောသည်က မမှားသောကြောင့်

ယန်ယဲ့က တိတ်ဆိတ်သွား၏။

ချုန်းချီက “မင်းက

လူသားတစ်ယောက်ဖြစ်နေတဲ့အချိန်မှာ

ငါက နတ်မိစ္ဆာတစ်ကောင်ဖြစ်နေတယ်။

ဒါပေမဲ့ မင်းက ငါသဘောကျတဲ့

လူတစ်ယောက်လို့ ပြောရမယ်။

မင်းကအခြားသူတွေလို အရေခြုံထားပြီး

တမင်ဟန်ဆောင်နေတာမျိုးမရှိဘူး။

စည်းမျဉ်း စည်းကမ်းတွေနဲ့ ဆန့်ကျင်နေ

ရင်တောင် ဒီလိုမျိုးဖြစ်ပျက်နေတာကို

တိတ်ဆိတ်ပြီး

ရပ်ကြည့်နေလို့မရဘူးထင်တယ်”

ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအိုက

ရုတ်တရက် ပြောလိုက်သည်

“နတ်မိစ္ဆာကောရာဇ်ချူန်းချီ၊ မင်းမှာ ဒီလို

လုပ်နိုင်စွမ်းမရှိဘူး”

ချူန်းချီက အဘိုးအိုကို ငုံ့ကြည့်ပြီးနောက်

ဘာမှပြန်မပြောပေ။ သူက

ကောင်းကင်ကိုမျှော်ကြည့်ကာ

"ငါ့အထင်တော့ သူဒီကို

ရောက်သင့်နေပြီ"

စကားပြောပြီးသည်နှင့်

သိပ်မကြာလိုက်ဘဲ

ကောင်းကင်အထက်မှ

အနက်ရောင်အလင်းတန်းကြီးတစ်ခုပေါ်

လာသည်။ အလင်းတန်းက

ပိုပိုပြီးကြီးမားလာ၏။ နောက်ဆုံးတွင်

သန်မာသော
သက်လတ်ပိုင်းအမျိုးသားတစ်ဦးပေါ်လာ
သည်။ ထိုလူက သာမန်လူထက်
နှစ်ဆပိုကြီးမားခဲ့သည်။
သူ၏အပေါ်ပိုင်းက ဗလာကျင်းနေ၏။

အရေးအကြီးဆုံးမှာကား
ထိုလူရောက်လာသည်နှင့်
လူတိုင်းမမြင်နိုင်သော ဖိအားများ
ခံစားလိုက်ရခြင်းပင်။

သက်လတ်ပိုင်းအမျိုးသားက ချုန်းချီကို

ကြည့်ကာ လေထဲမှာပင်

ဒူးထောက်လိုက်ပြီး “အရှင်မင်းကြီး၊

ဒီငယ်သားက ရှူ့နင် လို့ခေါ်ပါတယ်”

ချုန်းချီက

အနည်းငယ်ခေါင်းညိတ်လိုက်သည်။

ထို့နောက်

ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအိုကို

တစ်ချက်ကြည့်လိုက်ကာ

“သတ်ပစ်လိုက်”

ဟုအမိန့်ပေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

စကားတစ်ခွန်းပင်မပြောဘဲ

သူ၏လက်သီးကို

ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအိုထံသို့
လှမ်းထိုးလိုက်သည်။

ချုန်းချီအမိန့်ပေးလိုက်သည်နှင့်
ခရမ်းရောင်ဝတ်ရုံဝတ်အဘိုးအို၏အမူအ
ရာက သိသိသာသာ
ပြောင်းလဲသွားသည်။ သူက
ထွက်မပြေးဘဲ တန်ပြန်တိုက်ခိုက်ရန်
ပြင်လိုက်သည်။ သူထံမှ
ပြင်းထန်သောအော်ရာတစ်ခုပေါက်ကွဲ

လာကာ ချုန်းချီနှင့်
သက်လတ်ပိုင်းအမျိုးသားပေါ်သို့
ကျရောက်လာသည်။

သို့သော် သက်လတ်ပိုင်းအမျိုးသား၏
လက်သီးချက်ကြောင့်
အဘိုးအို၏အငွေ့အသက်က
သဲလွန်စမရှိဘဲ ပျောက်ကွယ်သွားသည်။
ခဏအကြာတွင် သူ၏ခန္ဓာကိုယ်က
ကွဲအက်သွားပြီး

အသားထစ်ပုံကြီးအဖြစ်ပြောင်းလဲသွား
သည်။

တာအိုအဆင့် ကျင့်ကြံသူ။

ရှာမန်အမဲလိုက်သူကလန်၏
ဦးဆောင်သူက ရှို့နင် ကို
စိုက်ကြည့်နေရင်း မျက်လုံးထဲ
ကြောက်ရွံ့စိတ်များ အပြည့်နှင့်ပါ။

“တာအိုအဆင့် ကျင့်ကြံသူလား...”

Translated by NyiNyiSoe

May Be:

၂၂၇၆

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၇၆ - တာအိုအဆင့်ကျင့်ကြံသူ

ရှာမန်အမဲလိုက်သူကလန်မှ

သက်လတ်ပိုင်းအမျိုးသားက မျက်လုံးထဲ

ကြောက်လန့်စိတ်အပြည့်နဲ့ ရှို့နင်ကို

စိုက်ကြည့်နေခဲ့သည်။

“တာအိုအဆင့်ကျင့်ကြံသူလား...”

ယန်ယဲ့ ချုန်းချီကို စူးစိုက်ကြည့်သည်။

ချုန်းချီက ရှင်းပြ၏။ “တာအိုအဆင့်က ဉာဏ်အလင်းသခင်အဆင့်ရဲ့အထက် အဆင့်မှာရှိတယ်။ အကြားတာအို၊ အသိတာအို၊ အမြင်တာအို ဆိုပြီး ပိုင်းခြားထားသေးတယ်။ အဲ့တာတွေက ကြားနာခြင်းတာအို၊ သိမြင်ခြင်းတာအို၊ ထိုးထွင်းခြင်းတာအိုနဲ့ အထွတ်အထိပ်တာအိုနယ်ပယ်ကို ဆိုလိုတယ်”

ယန်ယဲ့က နားလည်သည့်အလား
ခေါင်းညိတ်ပြသည်။

ချုန်းချီက ရှာမန်အမဲလိုက်သူကလန်မှ
ကျင့်ကြံသူများနှင့်
လူသားအင်ပါယာအရှင်၏
တမန်တော်များကို စိုက်ကြည့်ကာ
“မင်းတို့ အခုချိန်အထိ
ထွက်မသွားသေးဘူးလား” ဟု
အေးစက်စက်ပြောလိုက်သည်။

ရှာမန်အမဲလိုက်သူကလန်မှ

သက်လတ်ပိုင်းအမျိုးသားက ချုန်းချီကို

စိုက်ကြည့်ပြီးနောက် ယန်ယဲ့ကို

တစ်ဖန်ပြန်စိုက်ကြည့်ကာ “ကောင်းပြီ

ဒါက အဆုံးတော့ မဟုတ်သေးဘူး။

ထိုစကားပြောပြီးသည်နှင့်

ရှာမန်အမဲလိုက်သူကလန်မှအဖွဲ့ဝင်များနှ

င့်အတူ နေရာမှာပင် ပျောက်သွားခဲ့သည်။

ဤအတောအတွင်း ရွှေအစောင့်

(၁၂)ယောက်နှင့်

လူသားအင်ပါယာအရှင်၏

တမန်တော်များလည်း

ချက်ချင်းပျောက်ကွယ်သွားကြသည်။

ဤနေရာတွင်

တာအိုအဆင့်ကျင့်ကြံသူရောက်နေသော

ကြောင့် ယန်ယွဲ့ကို

မသတ်နိုင်တော့ကြောင်း
သဘောပေါက်သွားခဲ့ကြသည်။

ချုန်းချီက “ငါသူတို့အားလုံးကို
ဘာလို့မသတ်ခဲ့တာလဲ မင်းသိလား...”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ချုန်းချီက ခေါင်းခါရင်း ဆက်ပြောသည်
“ငါတို့က နတ်ဆိုးကမ္ဘာမှာရှိနေရင်

အခုအချိန်မှာ သူတို့က

တစ်ခါတည်းအသတ်ခံနေရပြီ။

ရှာမန်ကမ္ဘာမှာ ဆိုရင်တောင်မှ

ငါသူတို့အားလုံးကို သတ်ပစ်လို့ရတယ်။

ဒါပေမဲ့ ဒီနေရာက

လူသားကမ္ဘာဖြစ်နေတယ်။

သူတို့တွေအကုန်လုံးကို ငါသတ်လိုက်ရင်

လူသားမျိုးနွယ်နဲ့

နတ်မိစ္ဆာမျိုးနွယ်အကြားက

သဘောတူညီချက်ကို

ချိုးဖျက်လိုက်သလိုဖြစ်သွားမှာ”

ယန်ယဲ့ကပြုံးလိုက်သည်။

“ဘာပဲဖြစ်ဖြစ်ကျေးဇူးတင်ပါတယ်၊ ဒါနဲ့

မင်းရဲ့ အစ်ကို ခန္ဓာကိုယ်က

မလာဘူးလား…” ဟုမေးလိုက်သည်။

ချုန်းချီက ခေါင်းကိုအနည်းငယ်
ခါယမ်းလိုက်သည်။

“ငါ့ရဲ့ပင်မ ခန္ဓာကိုယ်က
ဒီကိုရောက်လာရင် လူသားမျိုးနွယ်ထဲက
မျိုးဆက်ဟောင်းအချို့ကို
သတိပေးသလိုဖြစ်သွားလိမ့်မယ်။
အဲ့ဒီအချိန်မှာ ငါကပိုပြီးလို့တောင်
ဒုက္ခရောက်ဦးမယ်။
ငါ့မှာအချိန်သိပ်မရှိဘူး။ ကလေး

မင်းကလူသားကမ္ဘာမှာ

အသက်ရှင်ဖို့အခွင့်အရေးမရှိရင် ငါ့

နတ်မိတ္တာကမ္ဘာကိုလာခဲ့ပါ”

ယန်ယဲ့က ပြုံးပြီး “ဒါပေါ့

ငါသေချာပေါက်ရောက်လာမှာပါ”

ချုန်းချီက ခေါင်းညိတ်လိုက်သည်။

ထိုနောက်စကားမပြောတော့ဘဲ

သက်လတ်ပိုင်းအမျိုးသား ရှို့နင်နဲ့အတူ

ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားသည်။

ချုန်းချီထွက်သွားပြီး

ပြောစရာမလိုအောင် ယန်ယွဲ့သည်

တစ်စုံတစ်ခု ပျောက်ဆုံးသွားသလိုပင်။

သူသည် ချုန်းချီနဲ့

အချိန်တော်တော်ကြာသည်အထိ

နေလာခဲ့သောကြောင့် ၎င်းက

သူ၏အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်လိုပင်ဖြစ်သည်။

ဤအခိုက်အတန့်တွင် ချုန်းချီ ထွက်သွားခဲ့ပြီးဖြစ်ရာ မည်သည့်အချိန်တွင်ပြန်ဆုံးကျမည်ကို မသိနိုင်တော့ပေ။ သို့သော်ယန်ယွဲ့သည် သူ၏အတွေးများကို ထိန်းကာ ကျိုးပျက်ခြင်းချောက်ကမ်းပါးတောင်တန်းကို တစ်ချက်ငေးကြည့်ရင်း

နေရာမှာပင်

ဖျတ်ခနဲပျောက်သွားခဲ့သည်။

သူ၏ဦးတည်ရာက ရှာမန်ကမ္ဘာကိုပါ။

သူကရှာမန်ကမ္ဘာကို

နောက်တစ်ကြိမ်ပြန်ဝင်သွားခဲ့သည်။

ထိုပြင်သူက ယင်နတ်ဘုရားနန်းတော်သို့

ဦးတည်သွားခဲ့သည်။

သူကဟိုချင်ပြောသည့်အတိုင်း

(ယင်ပေါင်)ကိုရှာရန်

စီစဉ်နေခြင်းပင်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ယင်ပေါင်က

ကောင်းကင်ကမ္ဘာသို့

ပို့ပေးနိုင်သောကြောင့်ပင်။

ကောင်းကင်ကမ္ဘာ။

ယန်ယွဲ့က ရှာမန်ကမ္ဘာသို့

နောက်တစ်ကြိမ် ပြန်ဝင်လာပြီးနောက်

သူ့ကိုယ်သူ ဖုံးကွယ်ထားလိုက်သည်။

သူကမလိုအပ်သော

ပြဿနာများမဖြစ်စေချင်ပေ။

ဇနာရီခန့်အကြာသွားနေပြီးနောက်

နောက်ဆုံးတွင် ယန်ယဲ့က

ယင်နတ်ဘုရားနန်းတော်သို့

ရောက်ရှိလာခဲ့သည်။

ယန်နတ်ဘုရားနန်းတော်က သိပ်ပြီးတော့

ကြီးမားခြင်းမရှိချေ။

သို့သော် နန်းတော်တည်ရှိရာ

တောင်တန်းကြီးကအနက်ရောင်

မြူခိုးများဖြင့် ဖုံးလွှမ်းထားသည်။

တောင်တန်းတစ်ဝိုက် အေးစက်ပြီး

အုံ့မှိုင်းနေသော

အရှိန်အဝါများထွက်ပေါ်နေ၏။

ယန်ယဲ့က တောင်တန်းကြီးကို

ခဏကြာကြည့်ကာ "အကြီးအကဲ

သူကဆက်ဆံရတာ လွယ်သလား…”

ရုတ်တရက် မေးလိုက်သည်။

ဟိုချင်က “မင်းသူမနဲ့စကားပြောရတာ

အဆင်ပြေမှာပါ။ (သူမ

အဆင်ပြေတာလား) ယန်ယဲ့က

မျက်နှာပေါ်တွင်

အနည်းငယ်ထူးဆန်းသော

အမူအရာတစ်ခုပေါ်လာသည်။

ဟိုချင်၏အသံကအနည်းငယ်

တုန်ယင်နေကြောင်း

သတိထားမိခြင်းကြောင့်ပင်။ ယန်ယဲ့က

ရှေ့ဆက်မသွားသေးဘဲ တောင်ကြီးကို

မျှော်ကြည့်နေသည်။

“ဒီဟိုချင်ကို စိတ်ချရပါ့မလား…”

သူ့စိတ်ထဲ တွေးနေခဲ့သည်။

ခဏမျှ တုံ့ဆိုင်းသွားပြီးနောက် ယန်ယဲ့က

တောင်ပေါ်သို့

လျှောက်တက်သွားလိုက်သည်။

အချိန်သိပ်မကြာလိုက်ပေ သူက

တောင်ထိပ်ပေါ်သို့ရောက်လာခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့က အေးစက်စက်

အငွေ့အသက်တစ်ခုကို

ခံစားလိုက်ရသည်။ သူကရေခဲ ကမ္ဘာထဲ

လမ်းလျှောက်နေသလိုမျိုး

အရိုးကွဲမတတ်တတ်အေးခဲစေသော

ခံစားချက်မျိုးပင်။

ဤအခိုက်အတန့်တွင် အပေါ်မှ

ပြင်းထန်သော အရှိန်အဝါတစ်ခု

ရုတ်တရက် ဆင်းသက်လာပြီး

ယန်ယွဲ့အပေါ်ပိတ်လှောင်ထားခဲ့သည်။

ထိုနောက်တွင်တော့ ယန်ယွဲ့သည်

ကြွက်သားများပင်

မလှုပ်ရှားနိုင်တော့ပေ။

တာအိုအဆင့်ကျင့်ကြံသူ။

ဤအချိန်တွင် တောင်ထိပ်မှ

အေးစက်စက်

အသံတစ်သံထွက်ပေါ်လာသည်။

“လူသားတစ်ယောက်အနေနဲ့နင်က

ရှာမန်မျိုးနွယ်ရဲ့ သွေးမျိုးဆက်ကို

ပိုင်ဆိုင်ထားတယ်။ ဒါ့အပြင်

ငါ့ရှာမန်မျိုးနွယ်ရဲ့
ခန္ဓာကိုယ်သန့်စင်တဲ့နည်းလမ်းကိုပါ
လေ့ကျင့်ထားသေးတယ်။ လူသား နင်က
ဘယ်သူလဲ...။ ဘာကြောင့်ဒီကို
ရောက်လာတာလဲ...”

ယန်ယဲ့က “ငါက ယန်ယဲ့ပါ။
တစ်စုံတစ်ယောက်က
ယင်နတ်ဘုရားနန်းတော်ကို
လာတွေ့ဖို့ပြောထားတယ်”

အသံက “ဘယ်သူလဲ” ဟုမေးခဲ့သည်။

ယန်ယဲ့က သူ၏စိတ်အသိကို ခန္ဓာကိုယ်ထဲသို့ပို့ကာ ဟိုချင်အား ဆက်သွယ်လိုက်သည်။ ထိုနောက် ဟိုချင်က သူ့အား လေပေါ်သို့ လွင့်မျောစေခဲ့သည်။ ခဏအကြာတွင် ယန်ယဲ့က နေရာမှာတင်ပျောက်သွားခဲ့သည်။

ပတ်ဝန်းကျင်သည်

ခဏမျှတိတ်ဆိတ်သွားသည်။ အသက်ရှူ

နှစ်ရှိုက်လောက်အကြာတွင်တော့

ယန်ယဲ့၏အရှေ့တွင်

အမျိုးသမီးတစ်ယောက်

ရုတ်တရက်ပေါ်လာခဲ့သည်။

အမျိုးသမီးက ထူးဆန်းသော ပန်းပွင့်

ပေါင်းစုံ ဝတ်ရုံကို ဝတ်ဆင်ထား၏။

ထိုပြင်သူမ၏ ညာဘက်မျက်နှာ
တစ်ခြမ်းတွင် အမည်မသိပန်းပွင့်
ပုံသဏ္ဍာန်ရေးထိုးထားသဖြင့်
တစ်မျိုးတစ်ဖုံလှပနေလေသည်။

ယင်ဟောင်။

ယန်ယွဲ့သည် သူ့ရှေ့ရှိအမျိုးသမီးက
ယင်နတ်ဘုရားနန်းတော်၏

နန်းတော်သခင်ယင်ဟောင် ဖြစ်သည်ကို သိလိုက်သည်။

ဤအချိန်တွင် သူမက ယန်ယွဲ့ဆီသို့ ဖြည်းညင်းစွာ လျှောက်လာသည်။ ထိုနောက် စူးစိုက်ကြည့်ကာ "နင်က ဘယ်ကလာတာလဲ"

ယန်ယွဲ့က "အကြီးအကဲတစ်ယောက်က ငါ့ကို လာတွေ့ဖို့တောင်းဆိုထားတာ"

သူမက “အခု

သူဘယ်မှာလဲ”ဟုမေးလိုက်သည်။

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး

“တောင်းပန်ပါတယ်

အဲ့ဒါတော့မပြောနိုင်ဘူး”

ယင်ဟောင်၏မျက်လုံးထဲမှ

အေးစက်စက်အလင်းတန်းများ

မှိန်ဖျော့ဖျော့ လင်းလက်လာသည်။
ယန်ယွဲ့သည် သတိထားမိသွားသောအခါ
မျက်ခွံများ တရစပ်လှုပ်ယမ်းသွားသည်။

"အမ် ငါမင်းကိုမပြောချင်တာ
မဟုတ်ပါဘူး။ သူကမင်းကို
မပြောခိုင်းတာ"ဟု
အလျင်စလိုပြောလိုက်၏။

ဟိုချင်ကအပြင်ထွက်လာပြီး

ထိုဝန်ထုပ်ဝန်ပိုးကို သူ့ကိုယ်သူ

ကိုင်တွယ်သင့်သည်ဟု

ခံစားမိလိုက်သည်။

အဘယ်ကြောင့်ဆိုသော် သူ့ရှေ့ရှိ

အမျိုးသမီးက လုံးဝကို

စိတ်ဆက်တက်လို့ပါ။

“သူ အသက်ရှင်နေသေးလား…” ခဏမျှ တိတ်ဆိတ်နေပြီးနောက် ယင်ဟောင်က ရုတ်တရက်မေးလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး “သူအသက်ရှင်နေပါသေးတယ် ဒါပေမဲ့ သူက ဒဏ်ရာအပြင်းအထန်ရနေတယ်။ အခုလောလောဆယ်မှာတော့ လုံခြုံတဲ့နေရာကို ရောက်နေပြီး”

သူကမူလစေတီအကြောင်းကိုတော့
အခြားမည်သူ့ကိုမှ
ပြောလိုက်မည်မဟုတ်ပေ။

ယင်ဟောင်က ခနကြာငြိမ်သက်သွားပြီး ယန်ယဲ့ကို စိုက်ကြည့်ရင်း "ဒါဆို နင်က ဘယ်သူလဲ..."

ယန်ယဲ့က အံ့အားသင့်သွားသည်။ ထိုမေးခွန်းက

သူ့အတွက်ခက်ခဲသောမေးခွန်းတစ်ခုလိုပ င်။ ခဏမျှစဉ်းစားလိုက်ပြီးနောက် သူက "ငါ့ကို သူ့တပည့်အဖြစ် သတ်မှတ်နိုင်တယ်" ဟု ပြန်ဖြေသည်။

ဟိုချင်က သူ့အားရှာမန် နည်းစနစ်များကို သင်ကြားပေးပြီး ရှာမန်မျိုးဆက်သွေးကို လွှဲပြောင်းပေးခဲ့သောကြောင့် သူ၏ဆရာဟု ယူဆနိုင်၏။ သို့သော် ယင်ဟောင်၏မျက်လုံးထဲမှအေးစက်စ

က် လူသတ်လိုစိတ်များ

တောက်ပလာသည်။ ထိုနောက်

သွယ်လျသော လက်တစ်ဖက်က

ယန်ယဲ့၏ လည်ချောင်းအား ဆတ်ခနဲ

ဖမ်းဆုပ်လိုက်သည်။

ယန်ယဲ့က

အသက်ရှူကြပ်သွားမတ်တတ်ပင်။ ထိုပြင်

သူ့စိတ်ထဲ ယင်ဟောင်က ရုတ်တရက်ကြီး

တိုက်ခိုက်လာဖို့ မမျှော်လင့်ထားခဲ့ပေ။

သို့သော် ယန်ယွဲ့က သေခြင်းတရား ရောက်လာမည့်အချိန်ကို စောင့်ဆိုင်းနေတက်သူမဟုတ်ပေ။

“ဘမ်း…”

ယန်ယွဲ့ထံမှပြင်းထန်သော အော်ရာတစ်ခု ပေါက်ကွဲလာပြီး ယင်ဟောင်၏လက်ကို အနည်းငယ် တွန်းထုတ်လိုက်သည်။ သို့ရာတွင် သူမ၏လက်က

လွတ်ထွက်မသွားဘဲ ပို၍ပင် တင်းတင်းကျပ်ကျပ်ဆုပ်ထားခဲ့သည်။

“ဘုန်း…”

ယန်ယဲ့၏အငွေ့အစက်က သဲလွန်စမရှိဘဲ ချက်ချင်းပျောက်ကွယ်သွားပြန်သည်။ ဤအခိုက်အတန့်တွင် ယင်ဟောင်က ယန်ယဲ့ကိုကြည့်ကာ “သူလိုလူက လူသားတစ်ယောက်ကို

တပည့်အဖြစ်လက်ခံမှာ မဟုတ်ဘူး။

ဒါပေမဲ့ နင့်မှာ သူရဲ့

အမိန့်ပေးတံဆိပ်ပြားနဲ့ သူ့ကိုယ်ပိုင်

ကျင့်ကြံခြင်းနည်းစနစ်ရှိတယ်။

လူသားငါ့ကို အမှန်တိုင်းပြောပါ”

ယန်ယဲ့က ယင်ဟောင်ကို

တစ်ချက်ကြည့်လိုက်ပြီး “အကြီးအကဲ

မင်းကိုမင်းမပြတော့တာ သေချာလား…”

ဟု သူ၏စိတ်ထဲသို့ ပြန်ပြောလိုက်သည်။

ခဏမျှတိတ်ဆိတ်သွားပြီးနောက်

ဟိုချင်က “ငါဒီလိုဖြစ်နေတာ သူမကို

မမြင်စေချင်ဘူး” ဟုပြန်ဖြေသည်။

ယန်ယဲ့က

ခါးခါးသီးသီးရယ်မောလိုက်သည် “ဒါဆို

မင်းငါသေတာကို

ကြည့်နေချင်တာလား…”

ရုတ်တရက်ဟိုချင်က
“တောင်ပေါ်လို့ပြောလိုက်”

ယန်ယဲ့က အံ့သြသွားပြီး “အကြီးအကဲဟို
ဘာကိုဆိုလိုတာလဲ”ဟု
ပြန်မေးလိုက်သည်။

ဟိုချင်က “သူမကို တောင်ပေါ်က
ငါဘယ်တော့မှ မမေ့နိုင်တဲ့
နေရာလို့ပြောလိုက်ပါ”

ယန်ယဲ့က အနည်းငယ်

အံ့အားသင့်သွားပြီး သူက

ချက်ချင်းစကားပြန်မပြောနိုင်ပေ။

တစ်ချိန်တည်းမှာပင်

ယန်ယဲ့ငြိမ်သက်နေသောကြောင့်

ယင်ဟောင်၏လက်က ပို၍ပင်

တင်းကျပ်လာသည်။

ယန်ယဲ့က ထိတ်လန့်သွားပြီး

“တောင်ပေါ်၊ မေ့မရနိုင်တဲ့

နေရာတစ်ခု”ဟု ကမန်းကတန်း

ပြောလိုက်လေသည်။

ထိုစကားပြောလိုက်သည်နှင့်

ယင်ဟောင်၏ ခန္ဓာကိုယ်က

တောင့်တင်းသွားကာ သူမ၏ လက်ကို

ချက်ချင်း လွှတ်ပေးလိုက်သည်။

ထိုနောက် ယန်ယဲ့ကို စိုက်ကြည့်ပြီး

"အခုသူဘယ်မှာလဲ..."

ယန်ယဲ့က ခဏကြာတုံ့ဆိုင်းသွားပြီး

"အကြီးအကဲ

သူကအသက်ရှင်နေသေးတယ်လို့ မင်းကို

ငါပြောနိုင်တယ်။

သူအသက်ရှင်နေတုန်းပဲ"

“ဒါဆို သူ့အသက်ရှင်နေတုန်းပဲပေါ့”ယင်ဟောင် က သူမ၏ လက်သီးများကို ဖြည်းညင်းစွာဆုပ်ထားလိုက်သည်။

သို့သော်လည်း သူမ၏ အကြည့်များက အေးခဲ့နေခဲ့သည်။

ဤအတောအတွင်း ယန်ယဲ့က ဆက်ပြောခဲ့သည် “အကြီးအကဲ

တစ်ချိန်တုန်းက

လူသားအင်ပါယာအရှင်က

သူ့ကိုလိုက်လံတိုက်ခိုက်ခဲ့တော့

ဒဏ်ရာအပြင်းအထန်ရခဲ့တယ်။

အဲ့ဒီအချိန်မှာသူနဲ့ငါ တွေ့တော့

တစ်ယောက်နဲ့တစ်ယောက်

သိသွားကြတယ်။ နောက်ဆုံးမှာတော့

သူက ငါ့အရည်အချင်းက မဆိုးဘူးလို့

ခံစားမိလို့ သူတပည့်တစ်ပိုင်းအဖြစ် သတ်မှတ်ထားတယ်”

ယန်ယဲ့ပြောသည့်စကားကိုကြားသောအခါ ဟိုချင်က မူလစေတီထဲမှာနေရင်း ပြောစရာစကားမဲ့သွားသလိုပင် ခံစားလိုက်ရသည်။ ယင်ပေါင်က ယန်ယဲ့ကို ခဏကြာစိုက်ကြည့်ပြီး “နင်က တော်တော်အားနည်းနေပေမဲ့ နင်ရဲ့ ပင်ကိုယ်စွမ်းရည်ကမဆိုးပါဘူး။

ငါနဲ့အတူလိုက်ခဲ့ပါ။

စကားပြောပြီးသည်နှင့် ယင်ဟောင်က

အနက်ရောင်အလင်းတန်းအဖြစ်ပြောင်း

ကာ အဝေးဆီသို့

ပျောက်ကွယ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့က သိသိသာသာ

စိတ်အေးလက်အေးဖြစ်သွားသည်။

သူကတုံ့ဆိုင်းမနေဘဲ

ယင်ဟောင်၏နောက်ကနေ

အမြန်လိုက်ပါသွားခဲ့သည်။ ယန်ယဲ့က
တောင်ထိပ်ပေါ်ရှိ
ယင်နတ်ဘုရားနန်းတော်ဆီသို့
လိုက်ပါသွားခဲ့ခြင်းပင်ဖြစ်သည်။

နန်းတော်က လူသားမျိုးနွယ်များ၏
ကေရာဇ်နန်းတော်များနှင့်
အလွန်ဆင်တူ၏။ အနက်ရောင်
တလျှပ်လျှပ်တောက်ပနေသော
ကျောက်တုံးများဖြင့်

တည်ဆောက်ထားသည်။

ကျောက်တုံးများ စုပုံပြီး

တည်ဆောက်ထားသော်လည်း

နန်းတော်အနေအထားက

တစ်မျိုးတစ်ဖုံလှပနေခဲ့သည်။

ခန်းမအထဲတွင် ယင်ဟောင်က

နန်းတော်သခင်နေရာတွင် ထိုင်နေပြီး

ယန်ယဲ့ကတော့ အောက်တည့်တည့်မှာ

ထိုင်နေ၏။

ဤအချိန်တွင် သူမက ယန်ယဲ့ကို တည့်တည့်စိုက်ကြည့်ကာ “ပြောပါ သူကဘာကြောင့် ငါ့ကို လာတွေ့ခိုင်းတာလဲ…”

ယန်ယဲ့က “ကောင်းကင်ကမ္ဘာ အကြီးအကဲ ငါကကောင်းကင်ကမ္ဘာကို သွားချင်တယ်။ မင်းငါ့ကို ကူညီမယ်လို့ မျှော်လင့်ပါတယ်”

“ကောင်းကင်ကမ္ဘာ”

ယင်ဟောင်က မျက်မှောင်ကြုတ်ကာ“

ဘာလို့လဲ  ဘာကြောင့်အဲ့ဒီကို

သွားချင်ရတာလဲ…”

ယန်ယဲ့က “ငါအဲ့ဒီမှာ လုပ်စရာရှိတယ်”

ယင်ဟောင်က သူ့ကို တစ်ချက်ကြည့်လိုက်သည် “ဒါက ဘယ်လိုနေရာလဲသိလား…” ဟုမေးလိုက်သည်။

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

“ငါသိပ်တော့သေချာမသိဘူး။ ဒီအကြောင်းတွေကို နည်းနည်းပဲ သိတယ်” ဟုပြောပါသည်။

Translated By NyiNyiSoe

May Be:

၂၂၇၇

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၇ -

ဤအချိန်တွင် ယင်ဟောင်က
ယန်ယွဲ့ဆီသို့လျှောက်လာကာ
ပြောလိုက်သည်။

"တကယ်တော့ အတိတ်တစ်ချိန်တုန်းက
ကောင်းကင်နယ်မြေဆိုတာ ရှိတယ်။
အဲ့ဒီမှာ လူသားတွေနေထိုင်ကြတယ်။
ဒါပေမဲ့ အချိန်ကြာလာတဲ့အခါ
သူတို့ကိုယ်သူတို့ လူသားတွေလို့
မသတ်မှတ်ကြတော့ဘူး"

ယန်ယဲ့က အံ့ဩသွားပြီး “အကြီးအကဲ ဘာကိုဆိုလိုတာလဲ…” ဟုမေးလိုက်သည်။

ယင်ဟောင်က

“ဆင့်ကဲပြောင်းလဲခြင်းဖြစ်စဉ်။ ရှေးဟောင်းခေတ်ဦးတုန်းက လူသားမျိုးနွယ်၊ ရှာမန်မျိုးနွယ်နဲ့ ကောင်းကင်မျိုးနွယ်တွေက မျိုးနွယ်စု

တစ်ခုတည်းပါပဲ။

ပင်မလူသားမျိုးနွယ်ကြီးပေါ့။

ကံမကောင်းစွာဘဲ ငါတို့ဟာ မတူညီတဲ့

ယုံကြည်ချက်တွေကြောင့်

နှစ်ပိုင်းကွဲသွားခဲ့တယ်။ အဲ့ဒါက

လူသားမျိုးနွယ်နဲ့

ရှာမန်မျိုးနွယ်ဆိုပြီးပေါ့။

ကောင်းကင်မျိုးနွယ်ကတော့ သူတို့က

ဆင့်ကဲပြောင်းလဲခြင်းဖြစ်စဉ်ကို

အောင်မြင်သွားခဲ့တယ်။ နောက်ဆုံးမှာ

ရှေးဟောင်းခေတ်ဦးက

အစွမ်းထက်ကျင့်ကြံသူတွေက

ဆင့်ကဲပြောင်းလဲသွားတဲ့ လူသားတွေကို

အဝေးတစ်နေရာကို

ဦးဆောင်သွားခါပြီးတော့

ကောင်းကင်မျိုးနွယ်ကို

တည်ထောင်ခဲ့တယ်”

“ဆင့်ကဲပြောင်းလဲခြင်းဖြစ်စဉ်လား”

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်

“လူသားတွေက

ဆင့်ကဲပြောင်းလဲနိုင်တာလား…”

“ဒါပေါ့”

ယင်ဟောင်က ဆက်ပြောလိုက်၏

“အရာရာတိုင်းက

ဆင့်ကဲပြောင်းလဲနိုင်တယ်။

လူသားတွေဟာလည်း

လောကရဲ့အစိတ်အပိုင်းတစ်ခုပဲလေ။

ဒါအပြင် လူသားတွေက

ဉာဏ်ရည်မြင့်မားတဲ့သက်ရှိ

သတ္တဝါတွေဖြစ်လို့ သဘာဝအတိုင်း

ဆင့်ကဲပြောင်းလဲနိုင်တာပဲ။ ဒါပေမဲ့

လူသားတိုင်းတော့မဟုတ်ဘူး။

ဘာပဲဖြစ်ဖြစ်

ဆင့်ကဲပြောင်းလဲခြင်းဖြစ်စဉ်ကိုအောင်မြ

င်သွားရင်တော့ ပိုပြီးအားကောင်းတဲ့

မူလဝိညာဉ်နဲ့ ခန္ဓာကိုယ်တွေကို

ပိုင်ဆိုင်နိုင်တယ်။ ဒီတော့ သူတို့အတွက်

ကျင့်ကြံရတာပိုပြီးလွယ်ကူတယ်”

ယန်ယဲ့က “အကြီးအကဲ

ဒီစကားတွေဘာလို့ပြောနေတာလဲ...”

ယင်ဟောင်က ခေါင်းညိတ်ပြီး

“ကောင်းကင်ကမ္ဘာက တစ်ချိန်က

လူသားဖြစ်ခဲ့ပေမဲ့ အခုချိန်မှာ
သူတို့ကိုယ်သူတို့
လူသားလို့မသတ်မှတ်ထားဘူး။ သူတို့က
အရာအားလုံးရဲ့ မူလဝိညာဉ်ဖြစ်တယ်လို့
သတ်မှတ်ထားကြတယ်။ တိုတိုပြောရရင်
သူတို့ကိုယ်သူတို့
အရမ်းဂုဏ်ယူစရာကောင်းတဲ့မျိုးနွယ်စု
လို့ သတ်မှတ်ထားကြတယ်။ ဒါအပြင်
သူတို့ရဲ့ မာန်မာနက

နင်ထင်ထားတာထက်တောင်

ကျော်လွန်နေသေးတယ်”

“မောက်မာ ထောင်လွှားနေတာလား...”

ယန်ယဲ့က ပြုံးလိုက်သည်။

အမှန်တော့သူသည် ရှောင်ချီနှင့်

အချိန်တော်တော်ကြာ

ရင်းနှီးလာခဲ့သောကြောင့်

ထိုအကြောင်းကို

အနည်းနှင့်အများသိထား၏။ ရှောင်ချီ၏

အမူအရာကပင် လုံးဝကို

ကြောက်စရာကောင်းလှသည်မဟုတ်ပါ

လား…။

ဤအချိန်တွင် ယင်ဟောင်က

“ကောင်းကင်မျိုးနွယ်က

ကောင်းကင်ကမ္ဘာကို

လူသားတွေဝင်လာတာမကြိုက်ဘူး။

သူတို့က လူသားတွေကို ရန်သူလိုတောင်

သတ်မှတ်ထားကြတယ်။ နင်က
ဆင့်ကဲပြောင်းလဲလာတဲ့
လူသားမျိုးနွယ်မဟုတ်ရင်
ကောင်းကင်မျိုးနွယ်က
လက်ခံမှာမဟုတ်ဘူး။ သူတို့က
ဆင့်ကဲပြောင်းလဲလာတဲ့
လူသားမျိုးနွယ်ကိုပဲ လက်ခံနိုင်တာ”

ယန်ယဲ့က “ဘာပဲဖြစ်ဖြစ် ငါအဲ့ဒီကို
သွားကို သွားနိုင်ရမယ်”

ယင်ဟောင်က ယန်ယွဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး “သေချာလား…”

ဟု ထပ်မေးလိုက်သည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်၏ “ဒါပေါ့

ငါသေချာပါတယ်”

ယင်ဟောင်က

ခေါင်းညိတ်ပြီးဆက်ပြောသည်

“ကောင်းပြီ အခုနင်ရောက်လာတော့

အခွင့်အရေးတစ်ခုပါရှိနေတယ်။

နောက်လမှာ

ကောင်းကင်အင်ပါယာအရှင်နဲ့ တွေ့ဆုံဖို့

ရှာမန်မျိုးနွယ်ကိုယ်စား

ကောင်းကင်ကမ္ဘာကိုသွားရမယ်။

နင်ငါနဲ့လိုက်လာခဲ့လို့ရတယ်”

ယန်ယဲ့က အံ့သြသွားပြီး “အကြီးအကဲ

မင်းလည်း

ကောင်းကင်ကမ္ဘာကိုသွားမှာလား…”

သူမက အနည်းကယ်ခေါင်းညိတ်ကာ

“ငါအဲ့ဒီကို ကိုယ်စားလှယ်အနေ

နဲ့သွားရမယ် အဲ့ဒါကြောင့်

မလိုလားအပ်တဲ့ပြဿနာတွေကို

ရှောင်ရှားဖို့အတွက် ဒီမှာပဲနေပြီး

ဘယ်ကိုမှမသွားပါနဲ့။ နင်က

ရှာမန်မျိုးနွယ်ရဲ့ သွေးမျိုးဆက်ကို

ပိုင်ဆိုင်ထားတဲ့အပြင်

ရှာမန်နည်းစနစ်တွေကိုပါ

ကျင့်ကြံထားတယ်။ ဒါပေမဲ့

နင်ကိုယ်တိုင်က

လူသားတစ်ယောက်ဖြစ်နေတုန်းပဲ”

ယန်ယဲ့ကခေါင်းညိတ်လိုက်သည်

“ကောင်းပြီ”

ယင်ပေါင်က အနည်းငယ်
ခေါင်းညိတ်ပြသည်။ ထိုနောက်
နေရာတွင်ပင် ပျောက်သွားခဲ့သည်။

တစ်လ။

ယန်ယွဲ့သည် သူ၏ကိုယ်ပိုင်အခန်းထဲသို့
ဝင်သွားလိုက်သည်။ ထိုနောက်
ကြမ်းပြင်ပေါ်တွင်
တင်ပျဉ်ခွေထိုင်ချလိုက်ကာ

မှူလစေတီအထဲသို့ ဝင်လိုက်၏။ သူက

ကောင်းကင်ကမ္ဘာကို မသွားခင်

ကျင့်ကြံရန် ရည်ရွယ်ထား၏။

အပြင်လောကရှိ အချိန်တစ်လက

မှူလစေတီထဲတွင်တော့

အချိန်တစ်နှစ်နီးပါးရှိလေသည်။

အချိန်တစ်နှစ်က သူ့အတွက် အများကြီး

လုံလောက်၏။

ယန်ယဲ့က ချက်ချင်းတော့

ကျင့်ကြံခြင်းမပြုခဲ့ပေ။

သူကမူလစေတီ၏ ပထမအထပ်သို့

ဆင်းသွားလိုက်သည်။ ဤအချိန်တွင်

နှင်းပွင့်၊ ကျိအာနှင့်

အခြားကလေးများဆော့နေသည်ကို

မြင်လိုက်သည်။

ကျိအာကို စိုက်ကြည့်နေစဉ် ဟိုချင်က

ရုတ်တရက်ပြောခဲ့သည် "ဒီမိန်းကလေးရဲ့

သဘာဝစွမ်းရည်က တကယ်ကို
ကြောက်စရာကောင်းတယ်”

“ကျိအာ”

ယန်ယဲ့က ကလေးမလေးကို
စိုက်ကြည့်နေသည်။ ကျိအာက
ယန်ယဲ့၏အကြည့်ကို သတိပြုမိပုံရပြီး
ပြန်ပြုံးပြလေသည်။

ထိုနောက်သူ့ အနားကို လျှောက်လာပြီး
“အစ်ကိုကြီး၊ ဆရာ၊ ဆရာဘိုးဘိုး”
တိုးတိုးလေးပြောလေသည်။

ယန်ယဲ့က သူ့မ၏ခေါင်းလေးကို
ညင်သာစွာ ပွတ်သပ်လိုက်ပြီး
“ဒီမှာနေရတာဘယ်လိုနေလဲ
အဆင်ပြေလား...”

“အရမ်းကောင်းတယ်”

ကျိုအာက “နှင်းပွင့်နဲ့ အခြားသူတွေနဲ့ ကစားရတာ အရမ်းပျော်ဖို့ကောင်းတယ်”

“ဒါပဲအရေးကြီးတယ်လေ” ယန်ယွဲ့က ပြုံးပြီး “ဆက်ဆော့ပါ”

ကျိုအာက ပြုံးလိုက်ပြီး နှင်းပွင့်၊ ပေါင်အာနှင့်

အခြားကလေးများထံပြေးသွားတော့သ
ည်။

ယန်ယဲ့က ဟိုချင်ကို ကြည့်ပြီး
“သူမဘယ်လိုလဲ…”

ဟိုချင်က “သူမအခု
ဘယ်အဆင့်ကိုရောက်နေပြီးလဲ
သိလား…”

ယန်ယဲ့က ကျိဳအာကို စူးစိုက်ကြည့်ကာ

စစ်ဆေးကြည့်လိုက်ပြီးနောက်

သူ၏မျက်နှာပေါ်တွင်

လေးနက်သောအမူအရာပေါ်လာသည်။

“ပြန်လည်မွေးဖွားခြင်းအဆင့်”

“သူမက တကယ်ပဲ

ပြန်လည်မွေးဖွားခြင်းအဆင့်ကို

ရောက်နေတာလား…။ ကျင့်ကြံတာ

ဘယ်လောက်မှ မကြာသေးဘူးလေ”

ဤအတောအတွင်း ဟိုချင်က

ရုတ်တရက် ပြောလိုက်သည်

“သူမရဲ့ကျင့်ကြံမှု

အချိန်မြန်တာမဟုတ်ဘူး။

ဘယ်လိုအဆင့်ကိုပဲရောက်ရောက်

အတားအဆီးဆိုတာ မရှိသလောက်ဘဲ

ဒီအတိုင်းတစ်ဆင့်ပြီးတစ်ဆင့်

ချိုးဖျက်သွားတာ။

ပြန်လည်မွေးဖွားခြင်းအဆင့်ရဲ့

ပြန်လည်မွေးဖွားခြင်းသံသရာကိုတောင်

သူမက အသာလေး

ဖြတ်ကျော်သွားနိုင်တယ်။ သူမက

မူလစေတီထဲက အသန့်စင်ဆုံး

မူလခရမ်းရောင် စွမ်းအင်ကို

စုပ်ယူထားရင်တောင်

သဘာဝစွမ်းရည်က ဘယ်လောက်အထိ

ကြောက်စရာကောင်းတယ်ဆိုတာ
ငါတောင်မရှင်းပြနိုင်သေးဘူး”

“ကြောက်စရာကောင်းတာလား…”

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။
ကျိုအာ၏သဘာဝစွမ်းရည်က အမှန်ပင်
ကြောက်စရာကောင်းလှသည်။

ဤအချိန်တွင် ဟိုချင်က “ကလေး
သူမရဲ့နောက်ခံက လုံးဝ
သာမန်မဟုတ်ဘူး။ ဒါအပြင်
မင်းအနားမှာ ဒီကလေးမလေးရှိနေတာက
အနာဂတ်မှာ မင်းအတွက်
ကြောက်စရာကောင်းတဲ့
ကပ်ဘေးတစ်ခုနဲ့ရင်ဆိုင်ရမယ်ဆိုတဲ့
ခံစားချက်ကို  ငါခံစားမိနေတယ်”

“ကပ်ဘေးလား…၊ ဒုက္ခလား…”

ယန်ယဲ့က နှင်းပွင့်

အခြားကလေးများနှင့်ကစားနေသော

ကျိအာကို

တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက်

အနည်းငယ်ပြုံးကာ “လာပါစေ။

ဘာပဲဖြစ်ဖြစ်လာပါစေ ငါရင်ဆိုင်မယ်။

ဒါအပြင် ငါ့ဘဝတစ်လျှောက်လုံး

ဒုက္ခတွေ ပြဿနာတွေအများကြီးနဲ့

ရင်ဆိုင်လာရတယ်ဆိုတော့

နောက်တစ်ခုရောက်လာရင်တောင်

သိပ်ပြီး ပြဿနာမရှိလောက်ဘူး”

ဟိုချင်က ပြုံးပြီး “မှန်တယ်။ ဒါပေမဲ့

အရာရာတိုင်းမှာ

အစွန်းနှစ်ဖက်ဆိုတာရှိတယ်။

ဒုက္ခရောက်တက်ပေမဲ့

ကံကြမ္မာကောင်းကိုလည်း

သယ်ဆောင်လာနိုင်တယ်။

ဒါဟာသေချာပေါက် ပြောဖို့
အရမ်းခက်တယ်”

ယန်ယဲ့က ပြုံးပြီး“ထားလိုက်ပါ
ဘာပဲဖြစ်ဖြစ် ငါဒါကို
သိပ်ပြီးစဉ်းစားနေမှာ မဟုတ်ဘူး ”

ဟိုချင်က “ကလေး မင်းမှာ
ထူးခြားတဲ့အချက်တစ်ခုရှိတယ်။ မင်းက
တစ်ခုခုကိုလုပ်တဲ့အခါ

အကျိုးအမြတ်ရဖို့ကို

သိပ်ပြီးဂရုမစိုက်ဘူး။

ဒါကိုငါသေချာပေါက်နားလည်နိုင်တယ်။

တကယ်တော့မင်းက ကိုယ့်နှလုံးသားကိုပဲ

ဂရုစိုက်တယ်။ မှန်တယ်ထင်ရင် လုပ်ပါ။

အဲ့ဒါကနေ မင်းရနိုင်မဲ့

အကျိုးအမြတ်တွေကို ဘယ်တော့မှ

ဂရုမစိုက်တက်ဘူး။ သာမန်ရိုးစင်းတဲ့

တာအိုနှလုံးသား။ အဲ့ဒါကြောင့် မင်းရဲ့

လက်ရှိအောင်မြင်မှုတွေအထိ

ရယူနိုင်ခဲ့တယ်လို့ငါထင်တယ်”

“သာမန်ရိုးစင်းတဲ့

တာအိုနှလုံးသားလား...”

ယန်ယွဲ့က တဟားဟား

ရယ်မောလိုက်သည်။

ဘာမှတော့ပြန်မပြောပေ။

သူကနှင်းပွင့်ဆီသို့ လျှောက်သွားပြီး

ကလေးများနှင့်အတူ အချိန်အတော်ကြာ

ကစားလိုက်သည်။ ထိုနောက်

တတိယအထပ်ထဲရှိ

ကျင့်ကြံခြင်းအခန်းထဲသို့

တက်သွားလိုက်သည်။

ဤအခိုက်အတန့်တွင် ရှောင်ယုရှီနှင့်

အခြားလူတိုင်း အခန်းထဲမှာ

ကျင့်ကြံနေကြသည်။ လူတိုင်း

အချိန်မဖြုန်းဘဲ အပြင်းအထန်

ကျင့်ကြံနေကြခြင်းပင်။

အကြောင်းကတော့ လူတိုင်းက

ခွန်အားမရှိလျှင်

မည်သည့်အရာမျှလုပ်ဆောင်နိုင်မည်

မဟုတ်ကြောင်း သိထားကြလို့ပါ။

ယန်ယဲ့က

မည်သူကိုမှမနှောက်ယှက်ခဲ့ပေ။

ကြမ်းပြင်ပေါ်မှာ တင်ပျဉ်ခွေထိုင်ချပြီး

ကျင့်ကြံလိုက်ပါတော့သည်။ သူက

ကောင်းကင်ကမ္ဘာသို့မသွားခင်

သေချာပေါက် ကျင့်ကြံရပါမည်။

လက်တလော

သူ၏အကြီးမားဆုံးပြဿနာက

ကျင့်ကြံမှုအဆင့်ပါ။ အခိကကတော့

သူ့အတွက် ဉာဏ်အလင်းသခင်အဆင့်သို့

တက်လှမ်းဖို့ပင်။ ထို့ကြောင့် ယန်ယဲ့က

အချိန်မဆိုင်းဘဲ အရှူးတစ်ယောက်လို

ကျင့်ကြံပါတော့သည်။

ထိုပြင် ဤအတောအတွင်း

သူ၏ဓားနည်းစနစ်ကိုပါ ပြီးပြည့်စုံအောင်

လေကျင့်လိုက်သည်။ လက်ရှိတွင်

သူ၏ဓားနည်းစနစ်က

အခြားနည်းစနစ်မျိုးစုံကို ပေါင်းစပ်ကာ

တစ်ခုတည်းအဖြစ် ဖန်တီးထားခြင်းပင်။

ထိုကြောင့် သူ၏ဓားနည်းစနစ်က

တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်နိုင်သည်။

ဤအခိုက်အတန့်တွင်

မူလစေတီ၏ပထမအထပ်မှာ

ကစားနေကြသော ပေါင်အာ၊ ကျိအာနှင့်

အခြားသူများလည်း ကျင့်ကြံနေခဲ့သည်။

ကလေးများက အဆော့မက်သော်လည်း

ကျင့်ကြံခြင်းက

မည်မျှအရေးကြီးသည်ကို

ကောင်းကောင်းသိနေကြသည်။

အဓိကကတော့ စုချင်းရှီဟာ

ကလေးများကို

သင်ပြဆုံးမပေးထားလို့ပါ။

မဟုတ်ရင် မည်သူမျှ ကျင့်ကြံချင်စိတ်

ရှိကြမည်မဟုတ်ပေ။ ကျိအာကတော့

ပျော့ညံ့ သိမ်မွေ့သယောင်ထင်ရသည်။

သို့သော်လည်း ထိုကလေးမလေးက

အခြားလူတိုင်းထက် ပိုပြီး

ဝီရိယရှိရှိကျင့်ကြံခဲ့သည်။ ဤအချိန်တွင်

နှင်းပွင့်နှင့် လဲ့လင်တို့
ကလေးနှစ်ယောက်သာ
မူလစေတီအထဲတွင်
အလွတ်လပ်ဆုံးဖြစ်နေ၏။

လွတ်လပ်နေသဖြင့်
နှစ်ယောက်သားပျင်းနေကြပုံပါ။

နှစ်ယောက်သားက မူလစေတီ၏
ဒုတိယအထပ်သို့ ရောက်နေကြသည်။

နှင်းပွင့်က လွဲလင်ကို
နတ်ယင်မီးတောက်ဆီသို့
ခေါ်ဆောင်လာခဲ့သည်။
မီးဖိုအထဲသို့လှမ်းကြည့်လိုက်ရင်း
အနည်းငယ်ကြောက်လန့်သွားသယောင်
လုပ်နေသည်။ လွဲလင်က
နှင်းပွင့်ကိုအတုယူကာ အလားတူ
လုပ်ဆောင်ခဲ့သည်။ သို့သော်
သူမ၏မျက်လုံးလေးထဲမှ

ကြောက်ရွံ့မှုများ
အနည်းငယ်ပေါ်လာခဲ့သည်။

အန္တရာယ်။

သူမလေးသည် နတ်ယင်မီးတောက်ဆီမှ
အန္တရာယ် အငွေ့အသက်ကို
ခံစားလိုက်ရတာပါ။ ဤအချိန်တွင်
နှင်းပွင့်က လဲ့လင်၏ ပခုံးပေါ်သို့
ရုတ်တရက် ခုန်တက်သွားကာ

သူမ၏လက်သည်းများကို

ဝှေ့ယမ်းလိုက်သည်။

လဲ့လင်က မျက်တောင်ခတ်လိုက်သည်

“အဲ့တာက

သိပ်တော့မကောင်းဘူးမဟုတ်လား…”

နှင်းပွင့်ကပြုံးကာ

သူမ၏ရင်ဘက်သေးသေးလေးကို

ပွတ်သပ်လိုက်သည်။ ဆိုလိုသည်မှာ

သူမတစ်ယောက်လုံးရှိနေသဖြင့်
လဲ့လင်အတွက် ဘာမှ
စိုးရိမ်စရာမရှိဘူးဟုပြောနေခြင်းပင်။

လဲ့လင်က အနည်းငယ်
ချီတုံချတုံဖြစ်နေသေး၏။ ဤအချိန်တွင်
နှင်းပွင့်က လဲ့လင်၏ ခေါင်းလေးကို
ပွတ်သပ်ကာ သူမ၏လက်သည်းများကို
ထပ်မံဝှေ့ယမ်းလိုက်သည်။

လဲ့လင်က မျက်တောင်ခတ်လိုက်သည်

"တကယ်ပျော်ဖို့ကောင်းလို့လား..."

နှင်းပွင့်က

အမှန်တိုင်းပြောနေသည့်အလား အမြန်

ခေါင်းညိတ်ပြသည်။

လဲ့လင်က နှုတ်ခမ်းသေးသေးလေးကို

ဖိကိုက်လိုက်လိုက်သည်။

“ကောင်းပြီ”

စကားပြောပြီးသည်နှင့် သူမ၏
လက်သေးသေးလေးနှစ်ဖက်ကို
ရုတ်တရက် မြှောက်လိုက်ရာ ဧရာမ
လျှပ်စီးကြောင်းကြီးနှစ်ကြောင်းပေါ်လာ
သည်။ ထိုနောက်တွင် လဲ့လင်က
လျှပ်စီးကြောင်းနှစ်ခုကို နတ်ဆေးမီးဖို
ဆီသို့ ပစ်လွှတ်လိုက်သည်။

နှင်းပွင့်က ဤမြင်ကွင်းအား
စိတ်လှုပ်ရှားစွာကြည့်နေလေသည်။
သို့သော် ဘာမှတော့ဖြစ်မလာပေ။
လျှပ်စီးကြောင်းနှစ်ကြောင်းက
နတ်ဆေးမီးဖိုအထဲသို့ဝင်သွားသည်နှင့်
ဝါးမျိုခံလိုက်ရသောကြောင့်ပါ။

နှင်းပွင့်က လဲ့လင်ကို စိုက်ကြည့်နေသည်။
ဤအချိန်တွင် သူမကလည်း နှင်းပွင့်ကို
ပြန်ကြည့်နေသည်။

ကလေးနှစ်ယောက်စလုံး မျက်တောင်တဖျတ်ဖျတ် ခတ်နေကြသည်။

လဲ့လင်က "မပေါက်ကွဲဘူး"

နှင်းပွင့်က

နတ်ဆေးမီးဖိုကိုလှမ်းကြည့်ကာ

လဲ့လင်ကို ပြန်လှည့်ကြည့်ရင်း

ပေါ့ပေါ့ပါးပါးညွှန်ပြသည်။ သူမက

လဲ့လင်ကို ဆက်လုပ်ဖို့ ပြောနေပါ။

လဲ့လင်းကမျက်တောင်ခတ်လိုက်ပြီး

"နှင်းပွင့်လေး ငါတို့

ပြဿနာဖြစ်မှာလား..."

"ပြဿနာတက်မှာလား..."

နှင်းပွင့်က သူမ၏ခေါင်းကို ပွတ်သပ်ကာ

အနည်းငယ် ချီတုံချတုံဖြစ်နေသည်။

ယန်ယဲ့က

ထိုစကားပြောခဲ့ဖူးသောကြောင့်ပင်။

သို့သော်သူမလေးက နားမလည်ခဲ့ပေ။

“ပျော်စရာကောင်းနေတာ

ဘာလို့ဒုက္ခဖြစ်ရမှာလဲ...” နှင်းပွင့်၏

အတွေးပင်ဖြစ်သည်။

ဤအချိန်တွင် နှင်းပွင့်၏

လက်သည်းလေးများအကြားတွင်

လူသားအင်ပါယာအရှင်၏

မြင့်မြတ်သော ဓားပေါ်လာသည်။

လဲ့လင်က မျက်တောင်ခတ်ပြီး နှင်းပွင့်၏

လက်သည်းလေးတစ်ဖက်ကို ဆွဲလိုက်ပြီး

"နှင်းပွင့်လေး ဒေါသထွက်မနေနဲ့"

ဤအချိန်တွင် နှင်းပွင့်က

နတ်ဆေးမီးဖိုကို ညွှန်ပြပြီး သူမ၏။

လက်သည်းလေးများကို

စတင်ဝှေ့ယမ်းလိုက်သည်။

လွဲလင်နှင့် နှင်းပွင့်က တူညီသော

ဝိညာဉ်သက်ရှိများဖြစ်လေရာ

နှင်းပွင့်၏စကားကို

သဘာဝအတိုင်းနားလည်နိုင်သည်။

လွဲလင်က သူမ၏နှုတ်ခမ်းကို
ဖိကိုက်လိုက်သည် “ဒါက တကယ့်ကို
အံ့ဩစရာကောင်းတာလား…”

နှင်းပွင့်က ခေါင်းညိတ်လိုက်သည်။
ထိုနောက် မြင်မြတ်သောဓားကို
မြှောက်ကာ နတ်ဆေးမီးဖိုထဲသို့
ညွှန်လိုက်သည်။ သို့သော် ဤအချိန်တွင်
တစ်ခုခုကို တွေးမိပုံရ၏။
သူမ၏လက်ထဲမှဓားကို ဓားအိမ်မှ

ဆွဲထုတ်ကာ နတ်ဆေးမီးဖို တည့်တည့်သို့ ထိုးချိန်လိုက်သည်။

ဤအခိုက်အတန့်တွင် နတ်ဆေးမီးဖိုထဲမှ မီးလုံးတစ်လုံး ရုတ်တရင်ပေါ်လာသည်။ ထိုမီးလုံးကြီးက အသွင်းပြောင်းထားသောနတ်ယင်မီးလျှံပင်။ နတ်ယင်မီးတောက်က နှင်းပွင့်ကို လျစ်လျူရှုထားဖို့သာ လုပ်ဆောင်ခဲ့သည်။ သူကနှင်းပွင့်နှင့်

လှဲလင်၏ဒေါသကို

လျစ်လျူရှုထားလိုက်တာပါ။ သို့သော်

နှင်းပွင့်က သူ၏နတ်ဆေးမီးဖိုကို

ဖျက်ဆီးရန်ကြံစည်လိမ့်မည်ဟု

မမျှော်လင့်ခဲ့ပေ။

ဤအခိုက်အတန့်တွင်

နတ်ယင်မီးတောက်က သဘာဝအတိုင်း

လျစ်လျူမရှုထားနိုင်တော့ပေ "ကလေး

ဘာတွေလျှောက်လုပ်နေတာလဲ…”

ဟုမေးလိုက်သည်။

ဟိုချင်နှင့် ချုန်းချီတို့ ကဲ့သို့ပင်

နတ်ယင်မီးတောက်က နှင်းပွင့်ကို

အတော်လေးကြောက်လန့်ခဲ့သည်။

အထူးသဖြင့် မြင့်မြတ်သောဓား

ကိုင်ထားစဉ်အချိန်ပါ။ ထိုပြင်

သူတော်စင်အော်ရာအပြင်

မူလစေတီကပါ နှင်းပွင့်အား

ကာကွယ်ပေးထားလေရာ
ထိုကလေးမလေးက
ဤနေရာ၏အရှင်သခင်တစ်ယောက်ပင်
ဖြစ်သည်။

နှင်းပွင့်က မြင့်မြတ်သောဓားကို
ချထားလိုက်ပြီး
သူမ၏လက်သည်းတစ်ဖက်ကို ဆန့်ကာ
ပြုံးပြလေသည်။

နတ်ယင်မီးတောက်က “ကလေး ဘာလိုချင်ပြန်ပြီးလဲ…” ဟု မေးလိုက်သည်။

နှင်းပွင့်က မျက်တောင်ခတ်ပြီး သူမ၏ လက်သည်းလေးများကို ထွေ့ယမ်းလိုက်သည်။

Translated by NyiNyiSoe

May Be:

၂၂၇၈

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၇၈ -

နှင်းပွင်က မျက်တောင်ခတ်ပြီး

သူမ၏လက်သည်းလေးများကို

ညင်သာစွာ ငှေ့ယမ်းလိုက်သည်။

နတ်ယင်မီးတောက်က

ခဏကြာတိတ်ဆိတ်နေပြီးနောက်

“ဘာလို့ ငါ့မီးတောက်ကို

လိုချင်တာလဲ…”ဟု မေးလိုက်သည်။

နှင်းပွင့်က

သူမ၏လက်သည်းလေးများကို

ဝှေ့ယမ်းလိုက်ပြီး

သူမ၏မျက်လုံးလေးများက

စိတ်လှုပ်ရှားမှုအပြည့်ဖြင့်

လက်သည်းလေးများကို

အရှိန်ပြင်းပြင်းနှင့် ဝှေ့ယမ်းလိုက်သည်။

နတ်ယင်မီးတောက်က

စကားပြန်မပြောနိုင်တော့ပေ။

အချိန်အနည်းငယ်အကြာတွင်

လက်မအရွယ်ခန့်

မီးတောက်အလုံးလေးတစ်ခုက

နှင်းပွင့်ဆီသို့ ပျံသန်းသွားလေသည်။

နှင်းပွင့်က မီးတောက်အလုံးလေးကို

ထိကိုင်ရန် ပြင်လိုက်သော်လည်း

အနည်းငယ် ကြောင်နေပုံပါ။

ဤအချိန်တွင် နတ်ယင်မီးတောက်က

“ဒါကအဆင်ပြေပါတယ်။ မင်းကို

ဘာပြဿနာမှမဖြစ်စေပါဘူး…”

နှင်းပွင့်က မျက်တောင်ခတ်ပြီး

သူမ၏လက်သည်းများကို

အနည်းငယ်လှန်လိုက်သည်။

မီးတောက်အလုံးလေးက သူမ၏

လက်သည်းများအကြားသို့

ပျံတက်သွားပြီး နှင်းပွင့်က

အဆင်ပြေကြောင်းသတိပြုမိပြီးနောက်

လဲ့လင်၏လက်ကိုဆွဲကာ

ဒုတိယအထပ်မှ ပြန်ထွက်သွားခဲ့သည်။

“နောက်ဆုံးတော့ ဒီနတ်ဆိုးလေးသွားပြီ”

သက်ပြင်းချသံတစ်ခုထွက်ပေါ်လာ၏။

မူလစေတီ၏ ပထမအထပ်။

ဟိုချင်က နှင်းပွင့်ကိုကြည့်ပြီး

“ကလေးမင်းဘာလိုချင်လို့လဲ…”

ဟုမေးလိုက်သည်။

နှင်းပွင့်က မျက်တောင်

မှိတ်တုတ်မှိတ်တုတ်လုပ်ကာ

ချစ်စဖွယ်ပြုံးပြလိုက်သည်။

ဟိုချင်က ထပ်မေးလိုက်သည်

“ကောင်းပြီ ပြောပါ

မင်းဘာလိုချင်လို့လဲ…”

နှင်းပွင့်က သူမ၏လက်ကို ရုတ်တရက်

မြှောက်လိုက်ရာ

မြင့်မြတ်သောဓားကသူမ၏

လက်သည်းလေးများအကြားသို့

ပျံတက်သွားသည်။ ခဏအကြာတွင်
မျက်လုံးမှိတ်ထားလိုက်သည်။

“ဘမ်း...”

အသက်ရှူ နှစ် ရှိုက်စာအချိန်တွင်
နှင်းပွင့်၏ ခန္ဓာကိုယ်မှ
မီးတောက်များလျှံထွက်လာပြီး
ထိုခဏလေးမှာပဲ
အဖြူရောင်ကိုယ်လုံးကလေးက

မီးတောက်မီးလျှံကိုယ်လုံးလေးအဖြစ်

ပြောင်းလဲသွားပါတော့သည်။ ထိုအပြင်

မြင့်မြတ်သောဓားကလည်း

မီးတောက်ဓားအဖြစ်ပြောင်းလဲသွားသ

ည်။

ဤအချိန်တွင် နှင်းပွင့်က

မျက်လုံးပွင့်လာပြီး

လက်သည်းတစ်ဖက်ကိုမြှောက်ကာ

ဟိုချင်ကို လက်ဟန်ပြလေသည်။

“တစ်ယောက်ချင်း တိုက်ခိုက်ဖို့
ပြောနေတာလား…”

ဟိုချင်က မျက်နှာပေါ်တွင်
ထူးတန်းသောအမူအရာဖြင့် နှင်းပွင့်ကို
စိုက်ကြည့်ကာ “အဲ့ဒီအရှုး ယန်ယဲ့က
မင်းကို ဒီလိုမျိုးသင်ပေးခဲ့တာလား။

နှင်းပွင့်က ခေါင်းသေးသေးလေးကို တစ်ချက်ယမ်းရင်း သူ့ကိုယ်သူ ညွှန်ပြလိုက်သည်။ ဆိုလိုသည်မှာ သူမကိုယ်တိုင် ကြည့်ပြီး သင်ယူခဲ့ခြင်းပင်။

ဟိုချင်က ပါးစပ်ထောင့်များ တုန်လှုပ်သွားသည် "ဒါဆို မင်းက တကယ် အံ့သြစရာပဲ"

နှင်းပွင့်က ချစ်စဖွယ်ပြုံးလိုက်သည်။
ထို့နောက် ဟိုချင်ကို တိုက်ခိုက်ရန်
လက်ဟန်ပြလေသည်။

ဟိုချင်က
ခဏကြာတုံ့ဆိုင်းသွားပြီးနောက်
“ငါအရှုံးပေးတယ်”
ဟုပြောလိုက်လေသည်။

သူကချက်ချင်း အရှုံးပေးလိုက်၏။

နှင်းပွင့်၏ မျက်နှာက အနည်းငယ်
တည်တံ့သွားသည်။ သူမက ဟိုချင်
ရုတ်တရက် အရှုံးပေးလိုက်ခြင်းကြောင့်
နားမလည်ဖြစ်နေပုံပါ။

ဟိုချင်က
အနည်းငယ်မျက်နှာပျက်သွား၏။
နှင်းပွင့်က တမင်ဟန်ဆောင်နေမှန်း
သိသာနေသောကြောင့်ပါ။

“ဒီတိုက်ပွဲကို မရှောင်နိုင်တော့ဘူးလား…”

ဤအခိုက်အတန့်တွင် ယန်ယဲ့က
ကြမ်းပြင်ပေါ်၌
ရုပ်ထုတစ်ခုကဲ့သို့ထိုင်နေခဲ့သည်။
ရုတ်တရက် သူ၏မျက်လုံးကိုဖွင့်ကာ
ဖြည်းညင်းစွာ ထရပ်လိုက်သည်။
ထို့နောက် သူ၏ပါးစပ်ကိုဟကာ

မကောင်းသောလေများကို

မှုတ်ထုတ်လိုက်သည်။

ဤအချိန်တွင် သူ့ဘေးနားမှ

အသံတစ်သံထွက်ပေါ်လာသည်။

“နင်အဆင့်တက်သွားပြီးလား...”

ယန်ယဲ့က ဘေးကို

လှည့်ကြည့်လိုက်သည်။ ထိုအခါ

စုချင်ရှိက ကျင့်ကြံနေရာမှ

ရပ်ထားလိုက်သည်ကို မြင်လိုက်ရ၏။

ယန်ယဲ့က ခေါင်းယမ်းပြလိုက်သည်။

ညာဏ်အလင်းသခင်အဆင့်။

မူလစေတီအထဲ၌ အချိန်

တစ်နှစ်နီးပါးအကြာ

ကျင့်ကြံခဲ့သည့်အတိုင်း

ညာဏ်အလင်းသခင်သို့
တက်လှမ်းနိုင်ခဲ့ခြင်းမရှိပေ။

စုချင်ရှီက
တိုးတိုးလေးဖြင့်မေးလိုက်သည်
“ဘာလိုလဲ...”

ယန်ယဲ့က ခဏမျှစဉ်းစားပြီး “ငါ
နည်းနည်းလေးပဲလိုတော့တယ်၊

တကယ့်ကို

နည်းနည်းလေးပဲဝေးတော့တယ်”

အမှန်ပင်။

သူ၏ကျင့်ကြံမှုအဆင့်က စစ်မှန်သော ဉာဏ်အလင်းသခင်အဆင့်နှင့် ခြေလှမ်းတစ်ဝက်လောက်သာဝေးတော့သည်။ သို့ရာတွင် ထိုအခြေအနေက သူ့အား ဉာဏ်အလင်းသခင်သို့

တက်လှမ်းနိုင်ခြင်းမရှိအောင်
တားဆီးထား၏။

စုချင်ရှီက "အဲ့ဒါဘာကြောင့်လဲ..."
ဟုထပ်မေးပါသည်။

ယန်ယွဲ့က ခေါင်းခါလိုက်သည် "ငါလည်း
ဒါကိုမသိဘူး"

စုချင်ရှီနှင့် အချိန်အနည်းငယ်အကြာ

စကားပြောပြီးနောက် ယန်ယဲ့က

ဟိုချင်ဆီသို့ ဆင်းသွားလိုက်သည်။

သို့သော်လည်း ဟိုချင်၏မျက်နှာက

ရှုံ့မဲ့နေကာ တစ်ကိုယ်လုံး

မီးတောက်မီးလျှံများ ဖုံးလွှမ်းနေသည်ကို

မြင်လိုက်ရသည်။

ဟိုချင်နှင့် မနီးမဝေးတွင်တော့ နှင်းပွင့်နှင့်

လဲ့လင်တို နှစ်ယောက်ရှိနေ၏။

နှင်းပွင့်က လဲ့လင်၏ ပခုံးပေါ်တွင် ထိုင်နေသည်။ ကြည့်ရသည်မှာ အလွန်စိတ်လှုပ်ရှားနေပုံရ၏။

ယန်ယဲ့က နှင်းပွင့်နှင့် လဲ့လင်ကို တစ်ချက်ကြည့်ပြီးနောက် ဟိုချင်ကို စိုက်ကြည့်ကာ  "အကြီးအကဲဟို၊ ဘာဖြစ်တာလဲ..." ဟုမေးလိုက်သည်။

ဟိုချင်က နှင်းပွင့်ကို စိုက်ကြည့်နေသည်။

ဤအချိန်တွင် နှင်းပွင့်က

ချစ်စဖွယ်ပြုံးလိုက်ရာ

ဟိုချင်၏မျက်ခုံးများ တဆက်ဆက်

လှုပ်ယမ်းသွားလေတော့သည်။

ဟိုချင်က ခဏတုံ့ဆိုင်းသွားသည်။

လဲ့လင်က ရုတ်တရက် "အစ်ကိုကြီး

နှင်းပွင့်နဲ့ အဖိုးဟို က..."

သို့သော်လည်း နှင်းပွင့်က

သူမ၏လက်သည်းလေးနှစ်ဖက်ကို

ဆန့်ကာ လဲ့လင်၏ ပါးစပ်နှစ်ဖက်ကို

အုပ်လိုက်သည်။

ယန်ယဲ့က

ဤမြင်ကွင်းအားမြင်လိုက်သောအခါ

ချက်ချင်းနားလည်လိုက်သည်။

လှဲ့လင်က

နှင်းပွင့်၏လက်သည်းလေးနှစ်ဖက်ကို

ဘေးသို့ တွန်းဖယ်လိုက်သည်။

“နှင်းခဲလေး ဘာလုပ်နေတာလဲ…”

နှင်းပွင့်က မျက်တောင်ခတ်ပြီး

ယန်ယွဲ့အား လှည့်ကြည့်လိုက်သည်။

ထိုနောက်

သူမ၏လက်သည်းလေးများကို

ငှေ့ယမ်းလိုက်ပြီး

သူ့ဘက်ပြန်လှည့်လိုက်၏။

“အို့…”

လှဲ့လင်က ခေါင်းညိတ်ပြပြီး

“နှင်ဆိုလိုတာက အစ်ကိုကြီးကို

နှင်နဲ့အဖိုးဟို ကြားက

တိုက်ပွဲအကြောင်းကို

ပြောပြခွင့်မပြုနိုင်ဘူးလား…။ ကောင်းပြီ ငါသူ့ကို မပြောဘူး”

လဲ့လင်း၏အသံက

တိုးညင်းသည်မဟုတ်သောကြောင့်

လူတိုင်းရှင်းရှင်းလင်းလင်းကြားလိုက်ရသည်။

နှင်းပွင့်ကမျက်လုံးကလယ်ကလယ်နှင့်

ဘာလုပ်ရမှန်းမသိတော့ပေ။

ယန်ယဲ့က နှင်းပွင့်ကို စိုက်ကြည့်နေသည်။
နှင်းပွင့်က ချစ်စဖွယ်ပြုံးကာ
ယန်ယဲ့၏ပခုံးပေါ်သို့ ပျံတက်သွားသည်။
ထိုနောက် သူမ၏ခေါင်းလေးကို
ယန်ယဲ့၏ မျက်နှာနှင့် ညင်သာစွာ
ပွတ်တိုက်လိုက်သည်။

ယန်ယဲ့က နှင်းပွင့်၏ တင်ပါးလေးကို
ညင်သာစွာ ပုတ်ရင်း

“နောက်တစ်ခါကျရင် အဘိုးဟိုချင်ကို ဆက်ပြီး မနှောက်ယှက်နဲ့တော့ နားလည်လား…”

နှင်းပွင့်က ခေါင်းညိတ်လိုက်သည်။

ယန်ယွဲ့သိနေပြီးဖြစ်ခြင်းကြောင့် မငြင်းဆန်ရဲပေ။ ယန်ယွဲ့က သူမ၏ ခေါင်းလေးကို ညင်သာစွာပွတ်သပ်ပြီးပြုံးကာ

“ကောင်းပြီ အခု

လဲ့လင်နဲ့အတူသွားကစားတော့”

နှင်းပွင့်က ခေါင်းညိတ်ပြပြီး

လဲ့လင်၏ပခုံးပေါ်သို့ပြန်တက်သွားသည်

။ ထိုနောက် လဲ့လင်၏ပခုံးကို

အသာပုတ်ကာ လက်သည်းများကို

စတင်ဝှေ့ယမ်းလိုက်သည်။

သို့သော် လဲ့လင်က
နှင်းပွင့်၏လက်သည်းတစ်ဖက်ကို
ဖမ်းကိုင်လိုက်ပြီး “နှင်းခဲလေး နင်က
ဘာလို့ အဘိုးအိုကို တိုက်ခိုက်ချင်တာလဲ”

နှင်းပွင့်က မျက်လုံးထဲ
စိတ်လှုပ်ရှားမှုအပြည့်ဖြင့်
သူမ၏လက်သည်းတစ်ဖက်ကို
မြှောက်ပြသည်။

လဲ့လင်က

“နင်သန်မာချင်တာလား...”ဟုမေးလိုက်

သည်။

နှင်းပွင့်က ခေါင်းညိတ်ပြသည်။

လဲ့လင်က ခေါင်းငုံ့ကာ “ဘာလို့လဲ...”

နှင်းပွင့်က ယန်ယဲ့ကို လှည့်ကြည့်ကာ

သူမကိုယ်သူမ ညွှန်ပြသည်။ ထိုနောက်

သူမ၏လက်သည်းလေးများကို စတင်ဖွေယမ်းလိုက်သည်။

“အိုး…”

လှဲလင်က ခေါင်းညိတ်ကာ “နင်က အစ်ကိုကြီးကိုကူညီချင်တယ်။ ကောင်းပြီ ငါလည်းအစ်ကိုကြီးကို ကူညီပေးချင်တာကြောင့် သန်မာချင်တယ်”

နှင်းပွင့်က ခေါင်းညိတ်လိုက်ပြီး
သူမ၏လက်သည်းများကို
ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ
သူမ၏ခန္ဓာကိုယ်အထဲမှ
ဓားတစ်စင်းထွက်လာသည်။

ခဏအကြာတွင် ဓားကလဲ့လင်၏
ခြေထောက်အောက်၌ ပေါ်လာခဲ့သည်။
နှင်းပွင့်က သူမ၏လက်သည်းများကို

ဝှေ့ယမ်းလိုက်ရာ ဓားက

နှစ်ယောက်စလုံးအား

သယ်ဆောင်သွားပြီး အဝေးဆီသို့

ပျောက်ကွယ်သွားခဲ့သည်။

ဟိုချင်က ယန်ယွဲ့ကိုကြည့်ကာ “မင်း

ညာဏ်အလင်းသခင်အဆင့်နဲ့ဝေးနေတုန်း

လား...”

ယန်ယွဲ့ကခေါင်းညိတ်လိုက်သည်။

ဟိုချင်က "ညဏ်အလင်းသခင်အဆင့်လို

ကျင့်ကြံမှုနယ်ပယ်တစ်ခုက

လုံလဝီရိယစိုက်ထုတ်တာနဲ့ ကံတရား

ဒါမှမဟုတ် ကံကြမ္မာ

နှစ်ခုစလုံးလိုအပ်တယ်။ မင်းက

မူလနတ်ဘုရားအဆင့် (၆) ရဲ့

အထွတ်အထိပ်ကို ရောက်နေပြီ။

ဒါအပြင် ညဏ်အလင်းသခင်အဆင့်နဲ့

နည်းနည်းလေးပဲဝေးတော့တယ်။

သေချာတာကတော့ မင်းဟာ

ကံကြမ္မာကောင်းတစ်ခုလိုနေတယ်။

အဲ့ဒီကံကြမ္မာက

ခဏအတွင်းရောက်လာနိုင်တယ်။

ဒါမှမဟုတ်

အချိန်တော်တော်ကြာနိုင်တယ်။

တိုတိုပြောရရင် မင်းဒါကို

အတင်းအကျပ် လုပ်ယူလို့မရဘူး”

“ငါအတင်းအကျပ်မလုပ်နိုင်ဘူးလား”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီ။ ငါဒီလောက်ပဲ

တက်နိုင်တာပေါ့”

ဟိုချင်က “မှန်တယ်၊

မင်းကောင်းကင်ကမ္ဘာကို

တက်သွားတဲ့အခါကျရင် ကိုယ့်ကိုယ်ကို

ဖုံးကွယ်ထားဖို့ ကြိုးစားပါ။

အဲ့ဒီသတ္တဝါတွေက သူတို့ကိုယ်သူတို့

အရမ်းဂုဏ်ယူဝင့်ကြွားတယ်။

အခြားရှေးဟောင်းမျိုးနွယ်တွေ

အနည်းငယ်အပြင် နတ်မိစ္ဆာမျိုးနွယ်၊

လူသားမျိုးနွယ်နဲ့ နတ်ဆိုးမျိုးနွယ်တွေလို

မျိုးနွယ်ခြားတွေက သူတို့ထက်

နိမ့်ကျတဲ့သက်ရှိ သတ္တဝါတွေလို

သတ်မှတ်ထားတယ်”

ယန်ယဲ့က

“ဒီလောက်တောင်မောက်မာတာလား…”

ဟိုချင်က ခေါင်းညိတ်လိုက်သည်။

“ဒါပေါ့ အထူးသဖြင့်တော့

ကောင်းကင်ကမ္ဘာရဲ့

အင်ပါယာတော်ဝင်မိသားစု”

“မှန်တယ် အဲ့ဒီမိန်းကလေး ရှောင်ချီ။ သေချာတာကတော့ သူမက တော်ဝင်မိသားစုအထဲက ဖြစ်ရမယ်”

“ကောင်းကင်အင်ပါယာတော်ဝင်မိသားစု”

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။ သူက ဟိုချင်နှင့် ခဏအကြာ စကားစမြည်ပြောလိုက်သည်။

ထိုနောက် မှူလစေတီအထဲမှ
ပြန်ထွက်လာပြီးနောက် ယင်ဟောင်က
သူ့အခန်းထဲကို ရောက်လာသည်။

“သွားရအောင်” ထိုစကားပြောပြီးနောက်
အခန်းထဲက ပျောက်ကွယ်သွားသည်။

ယန်ယဲ့က အချိန်မဆိုင်းဘဲ နောက်ကနေ
အမြန်လိုက်လာခဲ့၏။

ကောင်းကင်၏အထက်။

ယန်ယဲ့သည်

ယင်ဟောင်၏နောက်ကနေလိုက်လာရင်း

အောက်ကို ငုံ့ကြည့်လိုက်ရာ

အရာအားလုံးကို မြင်လိုက်ရသည်။

ရှာမန်မျိုးနွယ်တွင် တောင်တန်းများ

မရေမတွက်နိုင်အောင် တည်ရှိခဲ့သည်။

ထိုပြင် မြို့များ

မရေမတွက်နိုင်အောင်ရှိနေ၏။ သို့သော်

မြို့များက တောင်တန်းများဖြင့်

ဝန်းရံထားသည်။ ဤအချိန်တွင်

ယင်ပောင်က ရုတ်တရက်

ရပ်တန့်သွားပြီး ယန်ယဲ့က အောက်သို့

ငုံ့ကြည့်လိုက်၏။

အောက်မြေပြင်တွင် ရောမ

မြို့ကြီးတစ်မြို့ရှိနေ၏။

ဝင်းကအလွန်ကြီးလှသည်။

မြောက်ပိုင်းကောင်းကင်မြို့တော်၏အရွ

ယ်အစားထက်ပင်

နှစ်ဆခန့်ကြီးမားလေသည်။

ယင်ဟောင်က

“ရှာမန်အင်ပါယာမြို့တော်၊ ရှာမန်ကမ္ဘာရဲ့

ပင်မမြို့တော်”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည် “ဒါက တော်တော်ကြီးမားတယ်”

ယင်ဟောင်က

အနည်းငယ်ခေါင်းညိတ်လိုက်သည်။

“သွားရအောင်”

သိပ်မကြာလိုက်ကြပေ။

နှစ်ယောက်သားမြို့ထဲသို့

ဝင်လိုက်ကြသည်။ မြို့အထဲသို့

ဝင်လာသည်နှင့် ယန်ယွဲ့သည် သူ့ကိုယ်သူ

သိမ်ငယ်သွားသလို ခံစားလိုက်ရသည်။

မြို့က လုံးဝကို

ကြီးမားလွန်းသောကြောင့်ပါ။

သူကိုယ်တိုင်ကပင်

ပုရွက်ဆိတ်တစ်ကောင်ကဲ့သို့ပင်။

အရေးအကြီးဆုံးမှာ သူကမြို့အထဲကနေ

မရေမတွက်နိုင်သော

အစွမ်းထက်အော်ရာများကို

ခံစားလိုက်ရလို့ပင်။ယင်ပောင်က

ယန်ယွဲ့ကို ရှေ့ကနေ ရှေ့ကိုခေါ်ကာ

သွားစေသည်။

လမ်းတစ်လျှောက်လုံးတွင်

သံမဏိအစောင့်အကြပ် အများအပြားနှင့်

တွေ့ခဲ့ရသည်။ သို့သော် ယင်ပောင်ကို

မြင်လိုက်သောအခါ

ချက်ချင်းဒူးထောက်ကြသည်။

ဤသို့ဖြင့် နှစ်ယောက်စလုံးက

လမ်းတစ်လျှောက်လုံး အဆင်ပြေပြေနှင့်

ရှေ့ဆက်လာခဲ့သည်။

အချိန်အတော်ကြာပြီးနောက်တွင်

ရောမနန်းတော်ကြီးတစ်ခု၏အရှေ့သို့

ရောက်လာခဲ့သည်။

နန်းတော် ဂိတ်တံခါးဝ၌

ရှာမန်တော်ဝင်နန်းတော်ဟူသော

စာလုံးကြီး သုံးလုံးရေးထိုးထား၏။

ယင်ဟောင်က ယန်ယဲ့ကို စိုက်ကြည့်ကာ

“ငါကိုဒီမှာစောင့်နေ”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်

“ကောင်းပါပြီ”

စကားပြောပြီးနောက် ယင်ဟောင်က

နေရာမှာပင် ပျောက်သွားခဲ့သည်။

ယန်ယဲ့က မြေပြင်ပေါ်တွင်
တင်ပျဉ်ခွေထိုင်ချလိုက်သည်။

ဤအချိန်တွင် အဝေးမှ အမျိုးသား
တစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦး
ဖြည်းညင်းစွာ လျှောက်လာသည်ကို
သတိထားမိလိုက်၏။ ယန်ယဲ့အနားမှ
ဖြတ်သွားသောအခါ နှစ်ယောက်စလုံးက
ရုတ်တရက် ရပ်သွားပြီးလူငယ်က

ယန်ယွဲ့ကို စိုက်ကြည့် ကာ

“လူသားတစ်ယောက်လား…”

ထိုစကားကြားသောအခါ

ယန်ယွဲ့၏အမူအရာက ပြောင်းလဲ

သွားသည်။ အဘယ်ကြောင့်ဆိုသော်

သူသည် ရှာမန်ကမ္ဘာသို့

ပြန်ဝင်မလာခင်ကတည်းက

မလိုအပ်တော့ ပြဿနာများကို

ရှောင်ရှားနိုင်ရန် သူ၏အရှိန်အဝါကို
ဖုံးကွယ်ထားခဲ့သည်။

သို့သော်  ထိုလူငယ်က သူ့အား
သတိပြုမိသွားမည်ကို မမျှော်လင့်ခဲ့ပေ။

ယန်ယဲ့က  မတ်တတ်ထရပ်ပြီး
လှည့်ကြည့်လိုက်သည်။
သူနှင့်မဝေးလှသော နေရာတွင်

ရပ်နေသည့် လူငယ်တစ်ဦးနှင့်
အမျိုးသမီးတစ်ဦးရှိနေသည်။

လူငယ်က
ရက်စက်ကြမ်းကြုတ်သောသားရဲပုံရိပ်
များ စီခြယ်ထားသည့်
အဝါရောင်ဝတ်ရုံကို ဝတ်ဆင်ထား၏။
အမျိုးသမီးငယ်ကတော့ ထူးခြားသော
သားရေ ချပ်ဝတ်ကို ဝတ်ဆင်ထားသည်။
အဓိကကတော့ နှစ်ယောက်စလုံး

အဆင့်(၂) ဉာဏ်အလင်းသခင်များ ဖြစ်နေကြခြင်းပင်။

လူငယ်က “မင်းက လူသားတစ်ယောက်လား…” ဟုထပ်မေးလိုက်သည်။

ယန်ယဲ့က ဖုံးကွယ်မထားဘဲ ခေါင်းညိတ်လိုက်သည်။ လူငယ်၏

မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။

“မင်းက တော်ဝင်နန်းတော်အထဲကို
ခိုးဝင်ရဲတယ်လား…။ မင်…”

ယန်ယွဲ့က စကားဖြတ်ပြောလိုက်သည်
“ငါအကြီးအကဲ ယင်ဟောင်နဲ့အတူ ဒီကို
လိုက်လာခဲ့တာ သူ့နာမည်ကို
မင်းသိမှာပါ။ မင်းငါ့ကို

တိုက်ခိုက်ချင်တာလား...။ ဒါဆိုရင် သူ့ကို မလေးစားရာကျလိမ့်မယ်”

“အကြီးအကဲ ယင်ဟောင်လား...”

လူငယ်က မျက်မှောင်ကြုတ်ကာ “စီနီယာ ယင်ဟောင်၊ သူမက မင်းကို ဘာလို့ ဒီကို ခေါ်လာတာလဲ...”

ယန်ယဲ့က ပခုံးတွန့်လိုက်သည်

“သူထွက်လာတာနဲ့ မင်းသိမှာ

မဟုတ်ဘူးလား…”

Translated by NyiNyiSoe

May Be:

၂၂၇၉

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၇၉ -

“သူမထွက်လာရင် မင်းကိုယ်တိုင် မေးလို့ မရလို့လား…”

လူငယ်က မျက်မှောင်ကြုတ်ကာ  “မင်းကို ငါမေးနေတာ”

ယန်ယွဲ့ကလည်း မျက်မှောင်ကြုတ်ကာ “မင်းနားကန်းနေတာလား… ငါပြောတဲ့ စကားကို မကြားလိုက်ဘူးလား…”

လူငယ်က မျက်နှာပျက်သွား၏ “လူသား
မင်းကိုယ်မင်း
ဘယ်သူနဲ့စကားပြောနေတယ်ထင်လဲ…”

ယန်ယဲ့က ခေါင်းခါလိုက်သည်
“ငါမသိဘူး။ ပြီးတော့
သိလည်းမသိချင်ဘူး”

လူငယ်၏ဘေးနားမှ အမျိုးသမီးငယ်က

စကားပြောရန်ပြင်နေသည်။

သို့သော်လည်း လူငယ်က သူမကို

လက်ပြကာ

ယန်ယွဲ့ထံလျှောက်လာခဲ့သည်။

သူက “လူသား ငါမင်းကို

နောက်ဆုံးတစ်ခေါက် ထပ်မေးတယ်။

အကြီးအကဲ ယင်ဟောင်က

မင်းလိုလူသားတစ်ယောက်ကို ဘာလို့

ဒီနေရာအထိ ခေါ်လာတာလဲ...”

ယန်ယဲ့က လူငယ်ကို

မျက်လုံးချင်းတည့်တည့်

စိုက်ကြည့်ကာ“ဟုတ်တယ်

အကြောင်းပြချက်တစ်ခုတော့ရှိတယ်

ဒါပေမဲ့ ငါမင်းကိုမပြောချင်ဘူး

နားလည်လား...”

ယန်ယဲ့သည့် မောက်မာနေသူများကို

အလွန်မုန်းတီးသူဖြစ်သည်။

အကြောင်းမှာ ထိုလူများက သူ့အား

လက်အောက်ငယ်သားများကဲ့သို့

ဆက်ဆံလေ့ရှိသောကြောင့်ပင်။

သူ့အမြင်အရတော့ လေးစားမှုက

နှစ်ဖက်နှစ်သွယ်ပင်။

တစ်စုံတစ်ယောက်က

စကားကောင်းကောင်းပြောလျှင်

သူလည်း အပြန်အလှန်ပြုမူပါလိမ့်မည်။
သို့သော်လည်း တစ်စုံတစ်ယောက်က
မချေမငံဆက်ဆံနေပါက။

လူငယ်၏မျက်နှာက ချက်ချင်းပင်
မှိုင်းညို့သွားကာ

“အစောင့်တွေ လာစမ်း”

လှုငယ်ထံမှ အသံထွက်ပေါ်လာသည်နှင့်

ခဏအကြာတွင် သံချပ်ကာဝတ်အစောင့်

သုံးယောက်ပေါ်လာသည်။

ထိုနောက်သူက ယန်ယွဲ့ကို

လက်ညှိုးထိုးပြရင်း

“သူက လူသားပဲ မင်းတို့တွေ

စောက်လုံးတွေကန်းနေကြတာလား...။

မင်းတို့က လူသားတစ်ယောက်ကို

တော်ဝင်နန်းတော်အထဲအထိ

ဝင်ခွင့်ပေးထားတာလား…”

အစောင့်တစ်ဦးက

ခဏမျှတုံ့ဆိုင်းသွားပြီး “အရှင်မင်းသား

ဒီလူသားက အကြီးအကဲ

ယင်ဟောင်နဲ့အတူ ဒီနေရာကို

လိုက်လာတာပါ” ဟု ပြန်ပြောသည်။

အကြီးအကဲယင်ဟောင်။

လူငယ်က ယန်ယဲ့ကို

စိုက်ကြည့်လိုက်သည်။

ယန်ယဲ့က ပခုံးတွန့်ကာ

“တွေ့လား…ငါမင်းကို

လိမ်ခဲ့တာမဟုတ်ဘူး”

လူငယ်က “ဖမ်းလိုက်စမ်း
သူကိုအရင်ဖမ်းလိုက် ပြီးမှ ယင်ပေါင်နဲ့
ဖြေရှင်းလိုင်မယ်”

သို့သော်လည်း အစောင့်များက
လုံးဝမလှုပ်ကြပေ။

ဤအချိန်တွင်
လူငယ်ကဒေါသထွက်လာကာ

“ဘာလဲမင်းတို့ငါ့ကို
ဆန့်ကျင်ဖို့ရည်ရွယ်ထားတာလား…”

“ငါတို့မလုပ်ရဲပါဘူး”

အဖွဲ့ကို ဦးဆောင်သူအစောင့်က
လူငယ်အား လက်သီးဆုပ်ကာ
“အရှင်မင်းသား၊ ဒီလူသားက
အကြီးအကဲယင်ဟောင်နဲ့အတူရောက်
လာတာ။ သူက အကြောင်းပြချက်ရှိလို့ပဲ

ဖြစ်နိုင်တယ်။ သူမ အမိန့်မပေးရင်
ငါတို့မလုပ်ရဲဘူး။ အရှင့်သား ငါတို့ကို
ခွင့်လွှတ်ပါ”

လူငယ်က ဒေါသတကြီး
အော်ငေါက်လိုက်သည် “သူမက
ငါ့အဖေထက် ကြီးမြတ်သလား…”

အစောင့်က ရုတ်တရက်ပြန်ပြောသည်

“ရှာမန်ကေရာဇ်က ငါတို့ကို အမိန့်
မပေးထားဘူး”

ထိုစကားကြားသောအခါ လူငယ်က
ပို၍ပင် ဒေါသထွက်သွားသည်။

သူက အစောင့်ကို
ဒေါသတကြီးစိုက်ကြည့်ကာ “မင်း

သောက်ကျိုးနည်း

ဘာစကားပြောလိုက်တာလဲ…“

အစောင့်က လူငယ်ကို လက်သီးဆုပ်ကာ

“ဒါကို တမင်ရည်ရွယ်ပြီး ပြောလိုက်တာ

မဟုတ်ပါဘူး”

လူငယ်က ထပ်ပြောရန် ပြင်နေစဉ်

အစောင့်က နောက်လှည့်ပြီး ရုတ်တရက်

ဒူးထောက်ချကာ “မိန်းမပျို ယင်ပေါင်”

ဟု ဦးညွှတ်လိုက်သည်။

လူငယ်၏ ခန္ဓာကိုယ်က

တောင့်တင်းလာသည်။ နောက်ကို

လှည့်ကြည့်လိုက်သောအခါ

အမျိုးသမီးတစ်ယောက်က သူ့အား

စိုက်ကြည့်နေကြောင်းတွေ့လိုက်ရသည်။

အခြားမဟုတ်ပေ

တော်ဝင်နန်းတော်အထဲသို့

ဝင်ရောက်သွားသော
ယင်ပောင်ပင်ဖြစ်သည်။

လူငယ်က ခဏမျှ တုံ့ဆိုင်းသွားပြီး
လက်သီးနှစ်ဖက်စုကာ "မိန်းမပျို
ယင်ပောင်" ဟုနှုတ်ဆက်လိုက်သည်။

(ယင်ပောင်က သူမ၏အကြည့်များကို
ဆုတ်လိုက်ပြီး အစောင့်ကိုကြည့်ကာ
"နင်ထွက်သွားလို့ရပြီ"

ထိုနောက် ထိုအစောင့်က
လက်သီးဆုပ်ပြကာ
အခြားအစောင့်နှစ်ဦးနှင့်အတူ
ပျောက်ကွယ်သွားခဲ့သည်။

ခဏအကြာတွင် ယင်ဟောင်က
လူငယ်ကိုကြည့်ပြီး “လီကျန်း၊
နင့်ကိုကြည့်ရတာ တော်တော်လေး
ဒေါသကြီးပုံပဲ”

လီကျန်းဟူသော လူငယ်၏အမူအရာက

ပြောင်းလဲသွားကာ  “ငါမလုပ်ရဲပါဘူး”

ဟု အလျင်စလို ဦးညွှတ်လိုက်သည်။

ယင်ဟောင်က “ရှာမန်ဧကရာဇ်က

နင်နဲ့နင့်ညီမကို

ကောင်းကင်ကမ္ဘာဆီခေါ်သွားခိုင်းတာ။

ငါအဲ့ဒါကိုလုပ်ဖို့ သဘောတူလိုက်တယ်။

ဒါပေမဲ့ အခုတော့

ပြန်စဉ်းစားရမယ်ထင်တယ်”

“ဘုန်း…”

လီကျန်းက မြေပြင်ပေါ်တွင် ရှတ်တရက်

ဒူးထောက်ချလိုက်ပြီး တုန်တုန်ယင်ယင်

အသံဖြင့် “သခင်မယင်ဟောင်၊

အဲ့ဒါငါ့အပြစ်ပဲ၊ ငါ့အပြစ်အတွက်

ခွင့်လွှတ်ပါ”

အမျိုးသမီးငယ်ကလည်း ဒူးထောက်ပြီး

“ခွင့်လွှတ်ပါ သခင်မယင်ဟောင်”

ယင်ဟောင်က သူတို့ကို ဂရုမစိုက်ဘဲ

ယန်ယဲ့ကို လှည့်ကြည့်ပြီး

“နင်ဘယ်လိုထင်လဲ...”

“သူမ ငါ့ကိုမေးနေတာလား...” ယန်ယဲ့က

အနည်းငယ် အံ့အားသင့်သွားပြီး

“သူတို့နှစ်ယောက်ကို ကောင်းကင်ကမ္ဘာဆီ ခေါ်မလာဘူးဆိုရင် အကျိုးဆက်က ဘယ်လိုလဲ…”

ယင်ဟောင်က “ရှာမန်ကေရာဇ်မှာ သားတော်(၇) ယောက်ရှိတယ် အားလုံးက သွားချင်နေကြတယ်။ သွားခွင့်ရရင် အချို့အရာတွေကို ကိုယ်စားပြုနိုင်တယ်”

“ဒါဆို အရမ်းအရေးကြီးတယ်”

ယန်ယှဲ့ကပြုံးလိုက်ပြီး “အကြီးအကဲယင်

အဲ့ဒါကို မေ့လိုက်ကြရအောင်

ငါ့ဘာမှမဖြစ်ပါဘူး။ ယင်ဟောင်၏

မျက်လုံးထဲမှ သဘောကျတဲ့

အရိပ်အယောင်တစ်ခုပေါ်လာသည်”

“မင်းအသက်အရွယ်မှာတောင်

ဘယ်အချိန်

ခြေတစ်လှမ်းပြန်ဆုတ်ရမယ်ဆိုတာ

သိနေတယ်။ မင်းရဲ့နှလုံးသားထဲမှာ

ကြင်နာမှုတော့ ရှိနေတာပဲ။ မဆိုးပါဘူး”

ဘယ်အချိန်မှာ

ခြေတစ်လှမ်းပြန်ဆုတ်ရမယ်ဆိုတာ

သိနိုင်တဲ့ကြင်နာမှု လား.....

ယန်ယွဲ့၏မျက်မှာပေါ်တွင် ထူးဆန်းသည့်

အမူအရာတစ်ခုပေါ်လာကာ

သူ၏နှာခေါင်းကို ပွတ်သပ်လိုက်သည်။

ဟိုချင်လည်း မူလစေတီထဲကနေ
ခေါင်းသာယမ်းလိုက်သည်။

ယန်ယဲ့က သူ၏အကန့်အသတ်ကို
မကျော်လွန်သောကြောင့် ထိုကိစ္စကို
ဆက်မလိုက်ကြောင်း သိသာပါသည်။
အကယ်၍ လူငယ်သာ
တရကြမ်းတိုက်ခိုက်လာလျှင်
ယင်ပေါင်ပြန်ထွက်မလာခင်မှာဘဲ
ခေါင်းပြတ်နေလောက်ပါပြီ။

ဤအချိန်တွင် လီကျန်းနှင့်
အမျိုးသမီးငယ်က
ယန်ယဲ့၏စကားကိုကြားသောအခါ
သိသိသာသာ သက်သာရာရသွားသည်။

ယင်ဟောင်က “ကောင်းပြီ
မတ်တတ်ပြန်ရပ် လိုက်ကြတော့”

ထိုအခါမှာ အမျိုးသမီးငယ်နှင့်

လီကျန်းက မတ်တတ်ရပ်လိုက်ကြသည်။

ဤအချိန်တွင် ကောင်းကင်အထက်မှ

အနက်ရောင်အရိပ်တစ်ခုဆင်းသက်လာ

သည်။ ခဏအကြာတွင်

အနက်ရောင်အရိပ်ပျံ့ကြဲသွားပြီးနောက်

အမျိုးသမီးတစ်ဦးပေါ်လာသည်။

ယန်ယဲ့က

ထိုအမျိုးသမီးကိုတွေ့လိုက်သောအခါအ

နည်းငယ် အံ့အားသင့်သွား၏။

အကြောင်းမှာ သူမက နန်စီယင်နှင့်

သူအား တိုက်ခိုက်ခဲ့သော

ရှာမန်မျိုးနွယ်၏အမျိုးသမီးကျင့်ကြံသူ

ဖြစ်နေလို့ပါ။

မှန်သည်။ နှင်းပွင့်က

သူမ၏ရောင်စုံစပါးအုံးမြွေကို ယူဖို့ပင်

ကြိုးစားခဲ့သေး၏။

ဤအချိန်တွင် အမျိုးသမီးက ယန်ယဲ့ကို သတိထားမိလိုက်ရာ အနည်းငယ် အံ့အားသင့်သွားပြီး ခေါင်းညိတ်ပြလိုက်သည်။

ယင်ဟောင်က အမျိုးသမီးကို ခဏစိုက်ကြည့်လိုက်ပြီး “လီဝူ နင်က တကယ်မဆိုးပါဘူး”

လီဝူဟုခေါ်သော အမျိုးသမီးက ယင်ဟောင်ကိုအနည်းငယ် ဦးညွှတ်ပြီးနောက် ဘေးသို့ရွှေ့ကာ ငြိမ်သွားသည်။

ယင်ဟောင်က

“ငါနဲ့အတူကောင်းကင်ကမ္ဘာကို သွားဖို့ လက်ခံထားတာက နင်တို့တွေဟာ ရှာမန်မျိုးနွယ်ကို ကိုယ်စားပြုရလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ငါ့ရှာမန်မျိုးနွယ်ကို

မျက်နှာပျက်အောင်မလုပ်ကြနဲ့။
အတိုချုံးပြောရလျှင် လူတိုင်းက
ဘယ်အချိန်မှာ ကိုယ့်ကိုယ်ကို
နှိမ့်ချရမယ်။ ဘယ်အချိန်မှာ
ဘယ်လိုခွန်အားပြရမယ်။ လိုအပ်တဲ့အခါ
ခွန်အားပြကိုပြရမယ်။ ဘယ်တော့မှ
နောက်ပြန်မဆုတ်နဲ့နားလည်လား...”

သုံးယောက်စလုံး ကမန်းကတန်း
ခေါင်းညိတ်ကြသည်။ ၎င်းက

ရှာမန်မျိုးနွယ်၏ ဂုဏ်သတင်းနဲ့

ဆက်ဆက်နေသောကြောင့်

သဘာဝကျကျ

အလေးအနက်ထားရန်လိုအပ်ပေသည်။

ယင်ဟောင်က သူမ၏ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ

ကောင်းကင်ယံအထက်မှ

အနက်ရောင်အလင်းတန်းကြီးတစ်ခု

ပေါ်လာသည်။ အလင်းတန်းက

လျင်မြန်စွာ ကြီးထွားလာပြီး
ခဏအကြာတွင် မီတာ
(၃၀၀)ရှည်လျားသော
အနက်ရောင်ငှက်ကြီးတစ်ကောင်
သူတို့အပေါ်မှာ ပေါ်လာသည်။

“သွားကြရအောင်”

စကားပြောပြီးနောက် ယင်ဟောင်က
သူမ၏ ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။  လူတိုင်း
ဘာဖြစ်သွားမှန်း မသိလိုက်ချိန်မှာဘဲ
သူတို့၏မျက်စိရှေ့မှ မြင်ကွင်းတစ်ခုလုံး
ပြောင်းလဲသွားသည်ကို
သတိထားမိလိုက်ကြသည်။ ဒီအချိန်တွင်
အားလုံးက အနက်ရောင်
ငှက်ကြီးအပေါ်တွင်ရှိနေသည်။
သူတို့အပြင်အခြားသော
အတိုးကြီးနှစ်ယောက်ပါ ရှိနေ၏။

အဘိုးကြီးနှစ်ယောက်က ယင်ဟောင်ကို အနည်းငယ်ဦးညွှတ်ကာ ဘေးသို့ ရွှေ့နေလိုက်သည်။

ယင်ဟောင်ကအနည်းငယ် ခေါင်းညိတ်ပြီး ညာခြေကိုအောက်သို့ အသာပုတ်လိုက်သည်။ ခဏအကြာတွင် အနက်ရောင် ငှက်ကြီး၏ ရောမအတောင်ပံကြီးနှစ်ဖက်က ပြန့်ကားလာကာ

ကောင်းကင်ထဲသို့ပျောက်ကွယ်သွား
တော့သည်။ အနက်ရောင်ငှက်ကြီးက
တိမ်တိုက်များအကြားသို့ လျင်မြန်စွာ
ထိုးဖောက်ပျံသန်းနေခဲ့သည်။
ဤအချိန်တွင် ယန်ယဲ့က
တင်ပျဉ်ခွေထိုင်ကာ သူ၏အသိစိတ်ကို
ခန္ဓာကိုယ်ထဲသို့ နစ်မြုပ်လိုက်သည်။

အထဲတွင် ယန်ယဲ့က “အကြီးအကဲ ရှာမန်ဧကရာဇ်က ရှာမန်မျိုးနွယ် အဆင့်အတန်း အရမ်းမြင့်နေလား…”

“ဒါပေါ့”

ဟိုချင် ကဆက်ပြောလိုက်သည် “ရှာမန်မျိုးနွယ်ရဲ့ ရှာမန်ဘုရင် (၁၂)ပါးက ထူးခြားတဲ့အဆင့်အတန်းရှိတယ်။ ရှာမန်ဖန်ဆင်းရှင်ကိုယ်တိုင်ပဲ ငါတို့ကို

အမိန့်ပေးနိုင်တယ်လို့ ပြောရမယ်။

ရှာမန်ဧကရာဇ် တောင်မှ ငါတို့ကို

အမိန့်ပေးနိုင်စွမ်းမရှိဘူး။ ဒါကြောင့်

ရှာမန်ဘုရင် (၁၂)ပါးက ရှာမန်မျိုးနွယ်

အတွက် ဒေါက်တိုင်တွေလို့တောင်

ဆိုနိုင်တယ်။ ဒီကလေးက စောနတုန်းက

ဒေါသထွက်လွယ်တဲ့ ရှာမန်ဘုရင်နဲ့

တွေ့ခဲ့ရင် သူ့အနာဂတ်က

ပြီးသွားနိုင်တယ်။ ဘာကြောင့်လဲဆိုတော့

ရှာမန်ကေရာဇ်ဖြစ်ဖို့က ရှာမန်ဘုရင်

(၁၂)ပါးလုံးရဲ့ ထောက်ခံမှုနဲ့

အသိအမှတ်ပြုတာကိုရဖို့လိုတယ်။

ဒါအပြင် ရှာမန်ကေရာဇ်ကပဲ

ရှာမန်ဘုရင်တွေကို အမိန့်ပေးနိုင်တယ်”

“ရှာမန်ဘုရင်တွေလား…”

ယန်ယဲ့က

အနည်းငယ်ခေါင်းညိတ်ပြသည်။

သူ၏အသိစိတ်ကို အပြင်ကမ္ဘာဆီသို့ ပြန်ခေါ်လိုက်သည်။

ထိုနောက်သူက ယင်ပေါင်ဆီကို လှျောက်သွားပြီး “အကြီးအကဲယင် အဲ့ဒီကိုရောက်ဖို့ ဘယ်လောက်ကြာမှာလဲ…” ဟုမေးလိုက်သည်။

ယင်ဟောင်က ယန်ယဲ့ကို စိုက်ကြည့်ရင်း

“မင်းကဘာလို့ အဲ့ဒီကို

အရမ်းသွားချင်နေတာလဲ…”

ယန်ယဲ့က

“ငါ့မှာမိတ်ဆွေတစ်ယောက်ရှိတယ်။

ငါသူမကို သွားရှာချင်တယ်”

“ကောင်းကင်ကမ္ဘာမှာလား…”

ယင်ဟောင်က အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

“နင်က

အောက်စကြဝဠာကနေလာတာဆိုတော့

လူသားအင်ပါယာအရှင်နဲ့

ရှာမန်အမဲလိုက်သူကလန်ကို

ဘယ်လိုစော်ကားမိလိုက်တာလဲ...”ဟု

ရုတ်တရက် မေးလိုက်သည်။

ယန်ယဲ့က ယင်ဟောင်ကို

တစ်ချက်ကြည့်လိုက်ပြီး "အကြီးအကဲ

မင်းက အရာအားလုံးကို သိနေသလိုပဲ"

" ငါ စုံစမ်းခဲ့တယ်" ပြန်ပြောခဲ့သည်။

ယန်ယဲ့က ပြုံးပြီး "ဒါကပြောရရင်

ဇာတ်လမ်းအရှည်ကြီးပါ"

ယင်ဟောင်က “လူသားအင်ပါယာအရှင်နဲ့ ရှာမန်အမဲလိုက်သူကလန်နှစ်ခုစလုံးက သာမန်ဘူး။ ဒါပေမဲ့ နင်က အဲ့ဒီအင်အားစု နှစ်ခုစလုံးကို စော်ကားလိုက်တာပဲ။ လူသားကမ္ဘာကို ပြန်ရောက်ရင် နင်သေချာပေါက် ဒုက္ခရောက်နိုင်တယ်။ ဒါကြောင့် ရှာမန်ကမ္ဘာမှာပဲ နေပါ”

“နေဖို့လား…”

ယန်ယဲ့က အနည်းငယ်

အံ့အားသင့်သွားပြီးနောက် သူက ပြုံးကာ

“ငါဘယ်ကိုသွားမယ်ဆိုတာ

မသိသေးဘူး။ ဒါပေမဲ့ တစ်လှမ်းပြီး

တစ်လှမ်းသွားရတာပေါ့”

ယင်ဟောင်က အနည်းငယ်

ခေါင်းညိတ်ပြသည် “အတိုချုံးပြောရရင်

လူသားကမ္ဘာကို မပြန်ချင်ဘူးဆိုရင်တော့

ဒီမှာပဲ ဆက်နေပါ။ နင်က သူ့ရဲ့

တပည့်ဆိုတော့ ငါဒီမှာ ရှိနေတုန်း
ရှာမန်ကမ္ဘာထဲက ဘယ်သူမှ မင်းကို
ပြဿနာ မရှာဝံ့ဘူး”

ယန်ယဲ့က ပြုံးပြီး နှုတ်ဆိတ်နေခဲ့သည်။
သိပ်မကြာခင်မှာဘဲ သူ၏ဘဝက
ငြိမ်းချမ်းတော့မည်မဟုတ်ကြောင်း
အလိုလို ခံစားမိနေသောကြောင့်ပင်။
ထိုပြင် သူက ဇီအာကို
ကောင်းကင်အင်ပါယာတော်ဝင်မိသားစုမှ

ပြန်ခေါ်ရပေမည်။ ထိုနောက်
သွေးကြောရိုကို
အသက်ပြန်သွင်းပေးရန်လည်း
ရှိနေသေး၏။ အတိုချုံးပြောရလျှင် သူက
ကိုင်တွယ် ဖြေရှင်းစရာများ အများကြီး
ရှိနေခဲ့သည်။

ယင်ဟောင်က အဝေးကို ရုတ်တရက်
လှမ်းကြည့်ကာ “ငါတို့ ဒီကိုရောက်လာပြီ”

လူတိုင်း မော့ကြည့်လိုက်လည်။

ယန်ယွဲ့လည်း အလားတူပင်။

အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်၏

နယ်နိမိတ် အဆုံးဟု

ထင်ရသောနေရာတွင် ရောမအဖြူရောင်

ကျောက်စိမ်း တံခါးကြီးတစ်ခု

ရှိနေခဲ့သည်။

“ကောင်းကင် ဂိတ်တံခါး”

ယင်ဟောင်က

ရုတ်တရက်ပြောလိုက်သည်“ငါတို့

ဒီဂိတ်တံခါးကို ဖြတ်သန်းပြီးတာနဲ့

ကောင်းကင်ကမ္ဘာကို ဝင်သွားလို့ရပြီ”

စကားပြောပြီးသည်နှင့်

သူမ၏ညာခြေကို အောက်သို့

ပုတ်လိုက်သည်။ အနက်ရောင်

ငှက်ကြီးက ရုတ်ခြည်းပင်

အရှိန်မြန်လာခဲ့သည်။ ယန်ယဲ့က

အသက်ပြင်းပြင်းရှူပြီး သူ၏
လက်သီးများကို ဆုပ်ထားလိုက်သည်။

“ကောင်းကင်ကမ္ဘာ။ ရှောင်ချီ၊ ဇီအာ”

အနက်ရောင် ငှက်ကြီးက
ကောင်းကင်ဂိတ်တံခါးကို
ဖြတ်ဝင်ခါနီးတွင် ငွေရောင်ဝတ်စုံဝတ်
သက်လတ်ပိုင်းအမျိုးသားတစ်ဦးပေါ်လာ
သည်။

ငွေရောင်ချပ်ဝတ်အစောင့်က

သူတို့အုပ်စုကို တစ်ချက်ကြည့်လိုက်ပြီး

“ကျေးဇူးပြုပြီး ကိုယ့်ကိုယ်ကို

မိတ်ဆက်ပေးကြ”

ယင်ဟောင်က ရှေ့သို့

တစ်လှမ်းတိုးလိုက်သည်

“ရှာမန်မျိုးနွယ်ရဲ့ ယင်ဟောင်က

ကောင်းကင်အင်ပါယာအရှင်ကို တွေ့ဆုံဖို့

ရှာမန်ကေရာဇ်ကိုယ်စား ဒိကို

ရောက်လာတယ်”

“ရှာမန်မျိုးနွယ်လား…”

(ငွေရောင်ချပ်ဝတ်)

သက်လတ်ပိုင်းအမျိုးသားက

မျက်မှောင်ကြုတ်ကာ “ဒါဆို မင်းမှာ

အမိန့်တံဆိပ်ပြား ရှိလား…”

ယင်ပေါင်က အနက်ရောင်

တံဆိပ်ပြားတစ်ခုကို ထုတ်ကာ

သက်လတ်ပိုင်းအမျိုးသားအား

ပစ်ပေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

တံဆိပ်ပြားကို တစ်ချက်ကြည့်လိုက်ပြီး

ခေါင်းညိတ်ပြသည်။

“ဒါက ရှာမန်ကေရာဇ် အမိန့်တော်ပဲ။
ကောင်းပြီ ကျေးဇူးပြုပြီး ငါနဲ့လိုက်ခဲ့ပါ”

ထိုစကားပြောပြီးနောက် ကောင်းကင်
ဂိတ်တံခါးအထဲသို့ ဝင်ရောက်သွားသည်။
ယင်ဟောင်က သူမ၏လက်ကို
ဆွဲယမ်းလိုက်ရာ အားလုံးနေရာမှာပင်
ပျောက်သွားခဲ့သည်။

အဖြူရောင်ကျောက်စိမ်း ဂိတ်တံခါး။

တစ်နည်းအားဖြင့်

ကောင်းကင်ဂိတ်တံခါးကို

ဖြတ်ဝင်လိုက်သည်နှင့် သူတို့ရှေ့မှ

မြင်ကွင်းကြောင့်

တုန်လှုပ်သွားခဲ့ကြသည်။

Translated By  NyiNyiSoe

May Be:

၂၂၈၀

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၈၀ -

ခဏအကြာတွင် ယန်ယဲ့ သည်

သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာဖွင့်လိုက်သည်။

သူမြင်လိုက်ရသည်မှာကား....

ကောင်းကင်ပြာပြာ၊
အဖြူရောင်တိမ်တိုက်များ နှင့်
လက်ဆတ်သောလေထုတို့ပင်။

ယန်ယဲ့ က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်၏။
ဤအခိုက်အတန့်တွင် သူသည်
အကန့်အသတ်မဲ့သော
ပင်လယ်(သမုဒ္ဒရာ)ပြင် အထက်၌
ရှိနေကြောင်း သတိထားမိလိုက်သည်။

ဤအချိန်တွင် ယင်ဟောင် က "အားလုံးပဲ သတိထားကြ" ဟုရုတ်တရက်ပြောခဲ့သည်။

ယန်ယဲ့က "ဘာ့ကြောင့်လဲ။ ဒီနေရာက အန္တရာယ်များလား"ဟုပြန်မေးလိုက်သည်။

ယင်ဟောင် က ခေါင်းညိတ်လိုက်ပြီး

"ဒါကို အဆုံးမဲ့သမုဒ္ဒရာ လို့ခေါ်တယ်။

ဒီနေရာကို ကောင်းကင်အစောင့်အရှောက်

(၄) ပါးထဲက တစ်ပါးဖြစ်တဲ့ ဂူနီက

စောင့်ကြပ်နေတယ်။ ဒီလူအိုကြီးက

တိုက်ရခိုက်ရတာဝါသနာပါတယ်။

ဒီတော့ ရောက်လာတဲ့သူတိုင်းကို

မကြာခဏစိန်ခေါ်တတ်တယ်...”

ဝုန်း...

ဤအချိန်တွင် အောက်ဖက်ရှိ

သမုဒ္ဒရာပြင်မှ ရေတိုင်လုံးကြီးတစ်ခု

ထိုးတက်လာကာ

ရောမရေနဂါးကြီးတစ်ကောင်အလား

သူတို့အဖွဲ့ထံ ဦးတည်ဝင်လာလေသည်။

ယင်ဟောင် က ချက်ချင်း

မျက်နှာပျက်သွားသည်။ သူမ၏ လက်ကို

အနည်းငယ် မြောက်ပြီး အောက်သို့ ပုတ်လိုက်သည်။

ဘမ်း...

သူတို့အောက်ရှိ အာကာသပြင်ကပြင်းပြင်းထန်ထန် လှုပ်ခါလာပြီး ရေတိုင်လုံးကို ဝါးမြိုသွားခဲ့သည်။ ထို့နောက်တွင် အောက်သမုဒ္ဒရာထဲ၌

အနက်မသိနိုင်သော တွင်းနက်ကြီးတစ်ခု ပေါ်လာသည်။ ပတ်ဝန်းကျင်ရှိ ရေများဟာ အဆက်မပြတ် စီးဝင်နေသည်။ သို့ရာတွင် ရောမတွင်းနက်ကြီးကို ပြည့်လျှံမသွားခဲ့ပေ။

"ဒါဆို ဒီတစ်ခေါက်ရောက်လာတာက ရှာမန်မျိုးနွယ်ရဲ့ ကေရီယင်ဟောင် ပေါ့"

ဤအချိန်တွင် အသံတစ်သံ

ရုတ်တရက်ထွက်ပေါ်လာသည်။

ထို့နောက် သူတို့အဖွဲ့နှင့် မလှမ်းကမ်း၌

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ပေါ်လာသည်။ အမျိုးသားက အသက်

၃၀ ဝန်းကျင်သာရှိပုံရ၏။

သူ၏ခန္ဓာကိုယ်ပေါ်တွင်

အလင်းဖျော့ဖျော့ဖျော့ဖျော့ထွက်ပေါ်နေ

သော ချပ်ဝတ်တန်ဆာကို

ဝတ်ဆင်ထားသည်။

သက်လတ်ပိုင်းအမျိုးသား၏နောက်ကွ
ယ်တွင် လူငယ် ၂ ယောက်လည်း
ရှိနေခဲ့သည်။

ယင်ဟောင် က
သက်လတ်ပိုင်းအမျိုးသားကို
ဂရုမစိုက်ဘဲ စိုက်ကြည့်ကာ "ဂူနီ၊ ဘာလဲ။
နင်က ငါနဲ့ တိုက်ခိုက်ချင်သလား"

ဂူနီ က ပြုံးပြီး “မှန်ပါတယ်။ မင်းငါ့ကို အဖော်ပြုပေးမှာလားလို့ တွေးမိတယ်"

ယင်ဟောင် က ပြုံးပြီး "ဒါဆို လာခဲ့လိုက်..."

စကားပြောပြီးသည်နှင့် လီကျန်းနှင့်အခြားလူများကို တစ်ချက်ကြည့်လိုက်ပြီး "ဒီမှာ ခဏစောင့်နေကြ."

ထို့နောက် ကောင်းကင်ယံအထက်သို့

ပျောက်ကွယ်သွားသည်။

သက်လတ်ပိုင်းအမျိုးသားက

လီကျန်းနှင့် အခြားလူများကို

ကြည့်လိုက်ပြီးနောက်

ခြေတစ်ချက်ဆောင့်၍ ကောင်းကင်ယံသို့

ပျောက်ကွယ်သွားခဲ့သည်။

ယင်ပောင်နှင့် ဂူနီ တို့ထွက်သွားသည်နှင့် လူငယ် နှစ်ယောက်ထဲမှတစ်ယောက်က ပြုံးပြီး “မင်းတို့က ရှာမန်မျိုးနွယ်ရဲ့ ညာဏ်ကြီးရှင်တွေမလား...။ ငါက ဂူဖန်းပါ။ ဒါက ငါ့ညီ ဂူဟဲ”

လီကျန်းကရှေ့တစ်လှမ်းတိုးလာပြီး လက်သီးဆုပ်ပြကာ “ငါက လီကျန်းပါ။ ဒါက ငါ့ညီမ လီတုံ။ သူမကငါ့ရဲ့

ဝမ်းကွဲညီမလေး။

သူ့အကြောင်းကတော့…”

သူက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး

“သူဘယ်သူလဲဆိုတာ ငါမသိဘူး။

ဘာပဲဖြစ်ဖြစ် သူက

ငါ့ရှာမန်မျိုးနွယ်မဟုတ်ဘူး”

ဂူဖန်းက ပြုံးလိုက်ပြီး

“ဒါအဆင်ပြေပါတယ်”

ဟုပြန်ပြောသည်။

ထိုနောက် သူက “မင်းတို့အားလုံးမှာ

အစွမ်းထက်အော်ရာတွေရှိတယ်။

ဒါကြောင့် တော်တော်သန်မာတယ်လို့

ငါထင်တယ်။ ငါတို့က ဘာကြောင့်

မတိုက်ခိုက်ရမှာလဲ…”

“တိုက်ခိုက်မှာလား…” ယန်ယွဲ့က ဂူဖန်းကို တစ်ချက်ကြည့်လိုက်သည်။

ဂူဖန်းကမျက်နှာပေါ်တွင် ပြုံးပြနေသည်။ သို့သော်လည်း ၎င်းက ရည်ရွယ်ချက်ကောင်းမရှိကြောင်းခံစားမိသည်။

လီကျန်းက အနည်းငယ် ချီတုံချတုံဖြစ်နေသည်။ သူသည် ဂူဖန်းနဲ့

တိုက်ခိုက်ရမည်ကို မကြောက်ပေ။

သို့သော်လည်း ယင်ဟောင်က

ဤနေရာတွင် စောင့်နေဖို့

ပြောထားခဲ့သောကြောင့်ပင်ဖြစ်သည်။

ဂူဟဲက အေးစက်စက်ရယ်မောလိုက်ပြီး

“အစ်ကို ထားလိုက်ပါ

အောက်ဘုံကလူတွေဟာ

လိပ်တစ်ကောင်လို

သရဲဘောကြောင်တယ်။ သူတို့ကို

တိုက်ခိုက်ဖို့ဘာကြောင့်
ပြောနေရတာလဲ...”

လီကျန်းနှင့် လူတိုင်း
မျက်နှာပျက်သွားကြသည်။

တစ်ချိန်တည်းမှာပဲ ဂူဖန်းက
“ငါတောင်ပန်ပါတယ် ငါ့ညီက
နည်းနည်းအသက်ငယ်သေးတော့
စိတ်ထဲကရှိတဲ့အတိုင်းပြောလိုက်တာပါ။

သူ့အများအတွက်

ငါကပဲတောင်ပန်ပါတယ်”

ဤအချိန်တွင် ဂူဟဲက ရုတ်တရက်

ဆက်ပြောလိုက်သည် “မင်းတို့က

သုံးယောက်စလုံး ငါ့ကို

တိုက်ခိုက်နိုင်တယ်”

စကားပြောပြီးနောက်တွင်

သူ့မျက်နှာပေါ်တွင်

အေးစက်စက်အပြုံးဖြင့်

အခြားသူများကို

စိုက်ကြည့်နေလေသည်။ လူတိုင်း

ဒေါသထွက်သွားကြ၏။ လီကျန်းက

သဘာဝအတိုင်း သည်းမခံနိုင်တော့ဘဲ။

စိန်ခေါ်မှုကို လက်ခံရန်

ရည်ရွယ်ထားသည်။

သို့သော်လည်း သူ၏ညီမ လီတုံက

ရုတ်တရက် လီကျန်း၏လက်ကို

ဖမ်းကိုင်လိုက်ပြီး “သူတို့က ရည်ရွယ်ချက်ရှိရှိလုပ်နေကြတာပဲ”

လီကျန်းက ဂူဖန်းနှင့် ဂူဟဲ ကို တစ်ချက်ကြည့်လိုက်သည်။ အဲ့ဒီအချိန်တွင် ဂူဟဲ က ရုတ်တရက် ရယ်မောလိုက်သည်။

“ဒါဆို ရှာမန်မျိုးနွယ်ရဲ့ ညာဏ်ကြီးရှင်တွေက

မင်းတို့လိုအမှိုက်တွေလား...။ တကယ့်ကို

စိတ်ပျက်စရာကောင်းလိုက်တာ။

လုံးဝစိတ်ပျက်စရာပဲ”

“ကောင်းပြီ တိုက်ခိုက်ကြရအောင်”

လီကျန်းက ရုတ်တရက်

ရှေ့တိုးသွားတယ်။

လီတုံက မြင်လိုက်သောအခါ

တစ်ခုခုပြောချင်သော်လည်း လီကျန်းက

သူ့လက်ကို ဗွေ့ယမ်းကာ တားလိုက်ပြီး

သူက ဂူဟဲကို တည့်တည့်စိုက်ကြည့်ပြီး

“လာပါ မင်း မတိုက်ခိုက်ချင်ဘူးလား…”

“ကောင်းပြီ အခုလာခဲ့ ငါမင်းကို

တိုက်ခိုက်မယ်”

ဂူဟဲ၏ ပါးစပ်ထောင့်မှ အပြုံးတစ်ခု

ပေါ်လာကာ “မင်းဒီလောက်တောင်

ယုံကြည်ချက်ရှိနေတော့ ငါတို့
လောင်းကြေးထပ်ရင် ကောင်းမလား…”

လီကျန်းက
အေးစက်စက်ပြောလိုက်သည်“ဘယ်လို
လောင်းကြေးမျိုးလဲ…”

ဂူဟဲက ပြုံးပြီး “ဘာမှတော့မဟုတ်ပါဘူး
မင်းရှုံးရင် ရှာမန်မျိုးနွယ်က
အသုံးမကျဘူးလို့ပြောရမယ်။ ငါရှုံးရင်

ကောင်းကင်မျိုးနွယ်က

အသုံးမကျဘူးလို့ ပြောမယ်

အဆင်ပြေလား…”

လီကျန်း၏မျက်နှာက

မနေနိုင်လောက်အောင် ဖြစ်သွားခဲ့သည်။

“ရှာမန်မျိုးနွယ်က အသုံးမကျဘူး”

ထိုစကားပြောလိုက်ပါက

သူရင်ဆိုင်ရမည့်အကျိုးဆက်က

သိသာပါသည်။ အကယ်၍

သူသာရှုံးသွားလျှင်

ဤနေရာရှိအဖြစ်အပျက်က

ရှာမန်ကမ္ဘာသို့ ပျံ့သွားပါက မျိုးနွယ်စု

တစ်ခုလုံး၏ ရန်သူဖြစ်လာပေမည်။

ထိုပြင် သူ၏အဖေကိုယ်တိုင် သူ့အား

အရင်ဆုံး သတ်ပစ်ပေလိမ့်မည်။

လီကျန်းက အနည်းငယ်

ချီတုံချတုံဖြစ်နေ၏။

“ဘာလဲ မင်းကြောက်နေတာလား…”

ဂူဟဲက အေးစက်စက် ရယ်မောလိုက်ပြီး “မင်းကြောက်နေတယ်ဆိုရင်လည်း ပြောပါ။ ငါ့ရဲ့ ကောင်းကင်မျိုးနွယ်က သူရဲဘောကြောင်ဖို့ မကြိုးစားတဲ့အတွက် မင်းကိုအတင်းအကျပ်တိုက်ခိုက်ဖို့ တောင်းဆိုမှာမဟုတ်ဘူး”

လီတုံက လီကျန်း၏လက်ကို

အသာဆွဲကိုင်ပြီး ခေါင်းယမ်းပြသည်။

ဤအချိန်တွင် လီကျန်းက

အသက်ပြင်းပြင်းရှူကာ “အကြီးအကဲ

ယင်ဟောင် ပြောတာကို

မှတ်မိသေးလား…၊ ငါတို့က

ကိုယ့်ကိုယ်ကို နှိမ့်ချနေသင့်တယ်။

ဒါပေမဲ့ တစ်ခါတလေ

လိုအပ်တဲ့အခါကျရင်

ခွန်အားပြသင့်တယ်။ အခုငါတို့ အဲ့ဒါကို ဆက်ပြီးသည်းခံလို့မရဘူး။ ဒီစိန်ခေါ်မှုကို လက်မခံရင် ငါ့ရှာမန်မျိုးနွယ်က အခြားမျိုးနွယ်ခြားတွေရဲ့ ရယ်မောစရာဖြစ်လာလိမ့်မယ်။ ဒါဆိုရင် ငါတို့က ရှာမန်ကမ္ဘာကို ပြန်သွားတဲ့အခါ မျိုးနွယ်စုကို ဘယ်လိုရင်ဆိုင်မလဲ...”

ထိုစကားပြောပြီးသည်နှင့် လီကျန်းက ရှေ့တိုးလာပြီး “လာပါ ငါလည်း

ကောင်းကင်မျိုးနွယ်ရဲ့
ဉာဏ်ကြီးရှင်တစ်ယောက်ရဲ့ ခွန်အားကို
ကြည့်ပါရစေ”

ဂူဟဲက ရှေ့လှမ်းလာသည်။

ထိုနောက် သူကပြုံးလိုက်ပြီး“ကောင်းပြီ
မင်းဆန္ဒအတိုင်းပဲ”

စကားပြောပြီးနောက်

အသက်ပြင်းပြင်းရှူကာ

အရိပ်တစ်ခုအဖြစ် လီကျန်းဆီသို့

ခုန်ဝင်လာသည်။

“အုန်း…”

ဂူဟဲ ပျောက်ကွယ်သွားသည်နှင့်

တစ်ပြိုင်နက် ဤနေရာတစ်ခုလုံး

တုန်လှုပ်သွားခဲ့သည်။ လူတိုင်း
အနည်းငယ် ထိတ်လန့်သွားကြ၏။

အရှိန်ကြောင့် ဖြစ်ပေါ်လာခြင်းပင်။

ဂူဟဲ၏အရှိန်က လုံးဝကို မြန်ဆန်သည်။
ဤအခိုက်အတန့်တွင်
လီကျန်း၏မျက်နှာက
လေးနက်သောအမူအရာများ ချက်ချင်း
ဖုံးလွှမ်းသွားသည်။ သို့သော်

သူ၏တုံ့ပြန်မှုက နှေးကွေးခြင်းမရှိခဲ့ပေ။

သူ့ရှေ့တွင် မြေသားအဝါရောင်

အလင်းတန်း အတားအဆီးတစ်ခု

ချက်ချင်းပေါ်လာပြီး

သူ၏လက်သီးများကို

ဆုပ်ထားလိုက်သည်။

“အုန်း...”

ဤအချိန်တွင် လက်သီးချက်တစ်ချက်က အလင်းအတားအဆီးအပေါ်သို့ ကျရောက်လာသည်။ ၎င်းအလင်းအတားအဆီးက ချက်ချင်း ပေါက်ကွဲသွားပြီး။ လက်သီးချက်က လီကျန်း၏ရင်ဘက်ကို ထိမှန်သွားသည်”

“ဘုန်း…”

သို့သော် လီကျန်းက တစ်လက်မမျှပင် မလှုပ်ခဲ့ပေ။ သူ၏ပတ်ပတ်လည်တွင် အဝါရောင် တဖျပ်ဖျပ် တောက်ပနေသော မြေသားအဝါရောင်အလင်းလွှာတစ်ခု ပေါ်လာသည်။

လီကျန်းက ပြုံးလိုက်ပြီး “ငါ့ရှာမန်မျိုးနွယ်ရဲ့ အကာအကွယ်စွမ်းရည်က

မင်းထိုးဖောက်နိုင်တဲ့အရာမဟုတ်ဘူး။

မင်း...”

ဂူဟဲက သူ၏လက်သီးကို ဖြန့်ကာ

လီကျန်း၏လည်ပင်းကို

ဆွဲကိုင်လိုက်သည်။ ထိုနောက်

သူ၏ညာဘက်ဒူးကို မြှောက်ကာ

လီကျန်း၏ဗိုက်ကို ဒူးဖြင့်

ထောင်းလိုက်သည်။

“ဘုန်း…”

လီကျန်း၏မျက်လုံးများသည်
ချက်ချင်းပင် ပြူးကျယ်သွားသည်။
သူ၏မျက်လုံးများက နာကျင်မှုများဖြင့်
ပြည့်နှက်နေသည်။ သို့သော်လည်း ဂူဟာဖြ
က လီကျန်း၏ ဝမ်းဗိုက်ကို လက်သီးဖြင့်
ရုတ်တရက် ထိုးလိုက်သည်။ လီကျန်းက
ခုခံနိုင်စွမ်းမရှိတော့ပေ။ နောက်သို့
လွင့်ပျံထွက်သွားသည်။

သို့သော် လီတုံက

သူ့ကိုဆီးဖမ်းထားလိုက်သည်။

လီကျန်းကို ဖမ်းလိုက်သည်နှင့် သူ၏

ပါးစပ်ထဲမှ

သွေးများအဆက်မပြတ်စီးကျလာသည်။

သူ့မျက်နှာက နာကျင်နေသည့် အမူအရာ

အပြည့်ဖြစ်နေသလို

ရင်ဘက်တစ်ခုလုံးလည်း သွေးများ

နီရဲနေခဲ့သည်။

လီတုံက ဂူဟဲ ကို

အေးစက်စက်ကြည့်လိုက်ပြီး

“ဘယ်လောက်

စက်ဆုပ်စရာကောင်းလိုက်လဲ...”

ဂူဟဲက ရယ်မောလိုက်ပြီး “ငါကြောင့်

မင်းဘယ်လိုပြောတာလဲ...။ အချိန်မီ

မတုံ့ပြန်နိုင်သလို သူ့ခန္ဓာကိုယ်ကလည်း

မသန်မာဘူး။ အားနည်းလွန်းတဲ့အတွက်
သူ့ကိုယ်သူပဲ အပြစ်တင်ရမယ်”

ထိုနောက် သူက လီတုံ၊ လီဝူနှင့် ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
“ရိုးရိုးသားသားပြောခွင့်ပြုပါ။ မင်းတို့လို
အောက်ဘုံက အမှိုက်တွေနဲ့
ငါအချိန်မဖြုန်းချင်ဘူး။ ဒါပေမဲ့ ...”

ဤအချိန်တွင် “ဘယ်သူက အမှိုက်လဲ…”
ဟူသော
အသံတစ်သံထွက်ပေါ်လာသည်။

ဂူဟဲက “ငါမင်းတို့ အားလုံးကို
ပြောလိုက်တာ”

လီဝူ၏ပါးစပ်ထောင့်များ
ကွေးညွတ်သွားသည်။

သူမက တစ်ခုခုကို တွေးမိသည့်အလား

ယန်ယဲ့ကို စိုက်ကြည့်လိုက်သည်။

အကြောင်းကတော့

ထိုမေးခွန်းမေးလိုက်သူက

ယန်ယဲ့ဖြစ်နေသောကြောင့်ပါ။

ယန်ယဲ့ကပြုံးပြီး "ဟုတ်တယ်အမှိုက်က

ငါတို့အားလုံးအကြောင်းပြောနေတာ

မှန်ပါတယ်"

ဂူဟဲက ယန်ယဲ့ကို စိုက်ကြည့်ပြီးနောက် လက်သုံးချောင်းကို မြှောက်လိုက်ပြီး “အခုကစလို့ အသက်ရှူ သုံး ရှိုက်စာကြာတဲ့အထိ မင်းပါးစပ်က စကားထပ်ထွက်လာရင် မင်းခေါင်းကို ငါဖြုတ်ပေးမယ်”

ယန်ယဲ့က သူ့လက်ကို ခေါင်းအထက်သို့ မြှောက်ပြလိုက်သည်။ “မင်းငါ့ကို ခြိမ်းခြောက်သလိုမျိုး အရင်တုန်းက

လူတော်တော်များများလည်း
ခြိမ်းခြောက်ခဲ့တယ် အခုဆို သူတို့
သင်္ချိုင်းပေါ်က
မြက်ပင်တွေလောက်တောင်
မြင့်နေလောက်ပြီ”

ထိုစကားကြားသောအခါ
လူတိုင်းအံ့အားသင့်သွားကြသည်။

“ဟုတ်လား…”

ဂူဟဲက ရုတ်တရက် ရယ်မောလိုက်ပြီး

“မင်းပြောခဲ့တာတွေက

အမှန်ဖြစ်နိုင်ပါတယ် ဒါပေမဲ့

ငါပြောတာကို ယုံလိုက်။ ခဏနေရင်

မင်းခေါင်းက

ထက်ခြမ်းကွဲသွားလိမ့်မယ်”

စကားပြောပြီးသည်နှင့်တစ်ပြိုင်နက်

ရှေ့သို့တစ်လှမ်း တိုးကာ

ယန်ယွဲ့ရှေ့တွင်ဖျော်ခန် ပေါ်လာသည်။
ထိုနောက် သူ၏ လက်သီးဖြင့်
ယန်ယွဲ့၏ခေါင်းတည့်တည့်
ထိုးချလိုက်သည်။

“အနီးကပ်တိုက်ခိုက်နေတာလား...”

ယန်ယွဲ့က စိတ်ထဲကနေသာ
လှောင်ပြောင်လိုက်၏။
သူကမရှောင်တိမ်းဘဲ

ညာဘက်လက်သီးဖြင့် ဂူဟဲ၏

လည်ချောင်းဆီသို့ လှမ်းထိုးလိုက်သည်။

ဤအချိန်တွင် နှစ်ဖက်တိုက်လိုက်မှုများ

မရပ်တန့်ပါက ရလဒ်တစ်ခုသာ

ထွက်ပေါ်လာပါလိမ့်မည်။ ၎င်းက

နှစ်ယောက်စလုံးအပြင်းအထန် ဒဏ်ရာ

ရသွားခြင်း သို့မဟုတ် တစ်ခါတည်း

သေဆုံးသွားနိုင်၏။

ယန်ယဲ့က မရှောင်တိမ်းဘဲ

သူသေကိုယ်သေ တိုက်ခိုက်နေသည်ကို

မြင်လိုက်သောအခါ ဂူဟဲ၏အမူအရာက

ပြောင်းလဲသွားသည်။

သူကထိုအခြေအနေအတိုင်း

မမျှော်လင့်ထားပေ။ သဘာဝအတိုင်း

ယန်ယဲ့၏အသက်နှင့် သူ၏အသက်ကို

လဲလှယ်မည် မဟုတ်ချေ။

ထို့ကြောင့် သူ၏လက်သီးကို ဆတ်ခနဲ
လမ်းကြောင်းလွှဲကာ
ယန်ယွဲ့၏လက်သီးတည့်တည့်ကို
ထိုးချလိုက်သည်။

“အုန်း...”

လက်သီးနှစ်လုံးတိုက်မိသည်နှင့်
တစ်ပြိုင်နက် ၎င်းတို့ အနီးအနားရှိ
အာကာသပြင်က အက်သွားသည်။

တစ်ချိန်တည်းမှာပင်

နှစ်ယောက်စလုံးနောက်သို့အကြိမ်ကြိမ်

ပြန်ဆုတ်သွားခဲ့သည်။ သို့သော်လည်း

ယန်ယဲ့က ဂူဟဲ့ရှေ့သို့ ဖျတ်ခနဲပေါ်လာပြီး

လက်သီးဖြင့် ထိုးချလိုက်ပြန်သည်။

ဂူဟဲ၏အမူအရာက သိသိသာသာ

ပြောင်းလဲသွားသည်။ ယန်ယဲ့က

အချိန်တိုလေးအတွင်းမှာပင်

အမှန်တကယ်

တန်ပြန်တိုက်ခိုက်နိုင်လိမ့်မည်ဟု

သူမမျှော်လင့်ထားပေ။ သူက

ထိတ်လန့်သွားသော်လည်း

တုံ့ပြန်မှုကတော့

နှေးကွေးသွားခြင်းမရှိချေ။ သူက

ညာခြေထောက်ကို တစ်ချက်ဆောင့်ကာ

ရပ်တန့်လိုက်သည်။ ထိုနောက်သူက

ရှောင်တိမ်းဖို့ မရွေးချယ်ဘဲ ယန်ယဲ့နှင့်

ထိပ်တိုက်ရင်ဆိုင်လိုက်သည်။

ဤအချိန်တွင် လက်သီးနှစ်လုံးက ထိပ်တိုက် တွေ့သွားပြန်သည်။

“ဘန်း…”

ကျယ်လောင်သော  ပေါက်ကွဲသံကြီး ထွက်ပေါ်လာ၏။ သို့သော်လည်း ယန်ယွဲ့က ဂူဟဲရှေ့တွင် ထပ်ပေါ်လာကာ လက်သီးဖြင့် နောက်တစ်ကြိမ်ထိုးလိုက်ပြန်သည်။

ဤအတိုင်းပင် ယန်ယဲ့က အကြိမ်ကြိမ်

တရကြမ်း တိုက်ခိုက်နေခဲ့သည်။

အစပိုင်းတွင် ဂူဟဲက

ယန်ယဲ့၏လက်သီးချက်ကို

ခုခံနိုင်သော်လည်း အသက်ရှူချိန်

(၁၀)ရှိုက်စာ ကြာပြီးနောက်တွင် ဂူဟဲက

တန်ပြန် တိုက်ခိုက်နိုင်စွမ်း မရှိတော့ဘဲ

အကြိမ်ကြိမ် နောက်ပြန်ဆုတ်နေရသည်။

ဤအခိုက်အတန့်တွင် သူက

တစ်ဖက်သတ် ဖိနှိပ်ခံနေရ၏။ ယန်ယဲ့က

အခွင့်အရေးမပေးဘဲ

လုံးလုံးလျားလျားဖိနှိပ်ထားသည်။

ဤအချိန်တွင် ယန်ယဲ့က

သူ၏ဘယ်ဘက်လက်ထဲတွင်

ဓားတစ်ချောင်းကို ဆုပ်ကိုင်ထားသည်။

သို့သော်လည်း ဆွဲမထုတ်ခဲ့ပေ။

သူသည် စပြီး တိုက်ခိုက်ကတည်းက

ညာဘက်လက်တစ်ဖက်ကိုသာ သုံးခဲ့၏။

ဂူဟဲကလည်း အလားတူပင်။

သို့သော်အချိန်ကြာလာသည်နှင့်အမျှ

သူ၏ လက်နှစ်ဖက်စလုံးကို

တစ်ပြိုင်တည်းအသုံးပြုခဲ့သည်။

သို့သော်သူက လုံးလုံးလျားလျား

ဖိနှိပ်ခံနေရတုန်းပင်။ အကြိမ်ကြိမ်

နောက်ပြန်ဆုတ်နေရသည်။

ယခုအချိန်တွင် ဂူဟဲက (၁၀)ကီလိုမီတာ

အကွာသို့ပင် လွင့်ထွက်သွားခဲ့သည်။

ဤမြင်ကွင်းကြောင့် လီကျန်းနှင့် လီတုံတို့

နှစ်ယောက်လုံးလည်း

အံ့သြသွားကြသည်။ ထိုလူသားက

ထိုမျှသန်မာသည်ဟု သူတို့ မမျှော်လင့်

ထားခဲ့ကြပေ။ လီဂူကတော့ မျက်လုံးထဲ၌

အံ့သြမှု အရိပ်အယောင်များ

ရှိနေခဲ့သည်။

ယန်ယဲ့၏ ခန္ဓာကိုယ်က

လူသားတစ်ဦးဖြစ်နေသောကြောင့်

ထိုမျှသန်မာနေသည်က

ထိတ်လန့်စရာပင်ဖြစ်သည်။

အခြားတစ်ဖက်တွင် ဂူဖန်းက

မျက်နှာပေါ်တွင် မှုန်ကုပ်ကုပ်

အမူအရာများရှိနေသည်။

ဤအချိန်တွင်  ယန်ယဲ့က ရုတ်တရက် ရပ်တန့်သွား၏။

“ပြီးသွားပြီ”

ယန်ယဲ့က ဂူဟဲနှင့် ဂူဖန်းကို တစ်ချက်ကြည့်လိုက်ပြီး “ဒါကို ဆက်လုပ်နေရတာ တော်တော်ပျင်းဖို့ ကောင်းတယ်။ ဒါကို

မေ့ထားလိုက်ရအောင်”

ဟုပြောလိုက်သည်။

အမှန်တော့ သူ့ရှေ့ရှိ

လူငယ်နှစ်ယောက်က ရှောင်ချီ၏

မျိုးနွယ်ဝင်များဖြစ်သည်။ ထို့ကြောင့်

သင်ခန်းစာတစ်ခု သင်ပေးရန်က

လုံလောက်နေပါပြီ။

အတည်ရက်စက်ကြမ်းကြုတ်ဖို့အထိမလို

ပေ။

“မေ့ထားလိုက်ရမှာလား...”

ဂူဟဲကပြင်းထန်သော

လေသံဖြင့်ပြောလိုက်သည်။

“လူယုတ်မာ ငါတို့ဒါကို

မေ့နိုင်မယ်ထင်လား...မင်း...”

ဓားအလင်းတန်းတစ်ခု ဖျတ်ခနဲ

တောက်ပလာပြီး

ဓားအလင်းတန်းပေါ်လာသည့်အခိုက်

ဂူဟဲ၏အမူအရာက သိသိသာသာ

ပြောင်းလဲသွားပြီး သူ၏လက်သီးကို

ရှေ့သို့ အလိုလို ဆောင့်ထိုးချလိုက်သည်။

သို့သော် ဤတစ်ကြိမ်တွင်

သူ၏လက်သီးချက်ကလက်သီးကို

ထိုးချလိုက်ခြင်းမဟုတ်ပေ။

ဓားတစ်ချောင်းပါ။

အလွန်ထက်မြနေသော

ဓားတစ်ချောင်းကို ထိမှန်သွားခဲ့သည်။

“ဆူး...”

ဂူဟဲ၏လက်သီးချက်က ချက်ချင်းပင်

နှစ်ခြမ်း ကွဲသွားပြီး သွေးများဖြန်းခနဲ

ပန်းထွက်လာသည်။ သို့သော်

အဆုံးမဟုတ်သေးပေ။ ယန်ယွဲ့၏ဓားက

ရှေ့ဆက်တိုးလာပြီး ဂူဟဲ၏

နဖူးအလယ်သို့ဖိကပ်ထားလိုက်သည်။

ဤအချိန်တွင် ဂူဟဲ၏ ခန္ဓာကိုယ်က

နေရာမှာပင် တောင့်တင်းသွားသည်။

သို့သော်ယန်ယဲ့၏ဓားက နဖူးပေါ်

လက်မဝက်ခန့်သာ

ဖိကပ်ထားသောကြောင့် မသေခဲ့ပေ။

ပတ်ဝန်းကျင်သည်

တိတ်ဆိတ်သွားသည်။ ဂူဟဲက ယန်ယဲ့ကို

စိုက်ကြည့်နေခဲ့သည်။

သူ၏လက်သီးများကို

တင်းတင်းဆုပ်ထားသော်လည်း

မလှုပ်ရဲခဲ့ပေ။

ယန်ယဲ့က သူ့ဓားကို ပြန်ဖယ်လိုက်ပြီး

ဂူဟဲ၏ညာဘက်ပါးကို လက်ဖြင့်

တစ်ချက်ပုတ်ကာ "ဒါကို

ဘယ်လိုဖြေရှင်းရမလဲ မင်းပြောကြည့်"

ဤအချိန်တွင် ဂူဖန်းက ရုတ်တရက်

ပြောခဲ့သည် “မင်းက သန်မာတယ်။

ငါ့ညီက တိုက်ပွဲမှာ ရှုံးတယ် ဒါပေမဲ့ ဒါက

ပြိုင်ပွဲတစ်ခု သက်သက်ပဲ ဒါကြောင့်

သူ့ကို မထိခိုက်စေချင်ဘူး။ မဟုတ်ရင်

မင်းတို့အားလုံး

ဒီသမုဒ္ဒရာထဲကနေထွက်သွားနိုင်မှာ

မဟုတ်ဘူး။ တကယ်တော့ ဒီသမုဒ္ဒရာက

အရမ်းကြီးတယ်မဟုတ်လား…။ ဒါဆို

တစ်စုံတစ်ယောက်
ပျောက်ကွယ်သွားတာက
ပုံမှန်ပဲထင်တယ်။ ယန်ယွဲ့က သူ့ဓားကို
မြှောက်ကာ ဂူဟဲ၏ ပါးကို
ထပ်ပုတ်လိုက်သည်။

ထိုခဏလေးမှာပဲ ဂူဟဲ၏မျက်နှာက
ဓားခြစ်ရာများပေါ်လာကာ
သွေးတစ်စက်စက်စီးကျလာ၏။ သို့သော်
ဂူဟဲက တစ်လက်မမျှပင် မလှုပ်ဝံ့ချေ။

အကယ်၍ သူသာလှုပ်လိုက်သည်နှင့်

ဓားက သူ၏ခေါင်းတစ်ခုလုံးကို

ဖြတ်တောက်သွားနိုင်၏။

ဂူဖန်း၏ မျက်နှာက ချက်ချင်းပင်

မှိုင်းညို့သွားသည်။ ယခင်ရှိနေဖူးသော

အေးဆေးတည်ငြိမ်သောအပြုံးက

ဤအချိန်တွင် ပျောက်ကွယ်သွားပြီး

ဖြစ်သည်။

ယန်ယဲ့က ဂူဖန်းကို ရုတ်တရက်

လှည့်ကြည့်ကာ ပြုံးလိုက်ပြီး “မင်းရဲ့

ဦးနှောက်မဲ့ မောက်မာနေတဲ့

ညီငယ်နဲ့ယှဉ်ရင် ငါကမင်းကို ပိုပြီး

သောက်မြင်ကပ်တယ်။ မင်းက

ဒီနေရာမှာ ရည်ရွယ်ချက်ရှိရှိ

ပြဿနာရှာနေတယ်ဆိုတာ သိတယ်။

ဒါအပြင် မင်းငါ့ကို ဘာကြောင့်

ခြိမ်းခြောက်နေတာလဲ…”

စကားပြောနေရင်း

ဂူဟဲ၏လည်ချောင်းကို ဓားဖြင့်

ဖိလိုက်ရင်း “ထပ်ပြောကြည့်စမ်း ငါ့ကို

ထပ်ပြီး ခြိမ်းခြောက်ကြည့်စမ်း…”

ဂူဖန်းက ယန်ယဲ့ကို

စိုက်ကြည့်လိုက်သော်လည်း

စကားမပြောရဲပေ။

“သူ့ကိုသတ်လိုက်ပါ မင်း
ဒီသမုဒ္ဒရာထဲကနေ ဘယ်တော့မှ
ထွက်သွားနိုင်မှာ မဟုတ်ဘူး”

ဤအခိုက်အတန့်တွင် အသံတစ်သံ
ထွက်ပေါ်လာသည်။ ထိုနောက် ယန်ယွဲ့နှင့်
မနီးမဝေးတွင်
သက်လတ်ပိုင်းအမျိုးသားတစ်ဦး
ပေါ်လာခဲ့သည်။

Translated by NyiNyiSoe

May Be:

၂၂၈၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၈၁ -

စကားပြောလိုက်သူက ဂူနီပင်ဖြစ်သည်။

ဤအချိန်တွင် ယင်ဟောင်က

ယန်ယဲ့အနားမှာ ပြန်ပေါ်လာသည်။

ယန်ယဲ့က သူမကို

လှမ်းကြည့်လိုက်သည်။

ယင်ဟောင်က ခေါင်းယမ်းပြသည်။

ရှင်းရှင်းပြောရလျှင် ယန်ယဲ့အား ဆက်ပြီး

ပြဿနာမဖြစ်အောင်

သတိပေးလိုက်ခြင်းပင်။

ယန်ယဲ့က ပခုံးတွန့်ပြီး ဓားကိုပြန်သိမ်းရန် ပြင်လိုက်သည်။ သို့သော် ဂူဟဲက ရုတ်တရက်ပြင်းထန်စွာ ရယ်မောလိုက်သည်။

“လူသား ငါမင်းကို ကောင်းကောင်းမှတ်မိနေမယ်”

“အို့”

ယန်ယဲ့က ပြုံးပြီး "မင်းဘာလုပ်ဖို့ စီစဉ်နေတာလဲ..."

ဂူဟဲက ပြင်းထန်သော လေသံဖြင့် ပြောလိုက်၏ "မင်းကနိမ့်ကျတဲ့ လူ..."

"ဖြောင်း..."

ပါးရိုက်သံ ကျယ်လောင်စွာ
ထွက်ပေါ်လာ၏။ ယန်ယွဲ့က
ပြန်သိမ်းရန်ပြင်နေသည့် ဓားကို
မြှောက်ကာ ဂူဟဲ၏ပါးပြင်ကို
ဖြတ်ရိုက်ချလိုက်သည်။

ဤမြင်ကွင်းကြောင့် ဤနေရာရှိ လူတိုင်း
အံ့သြသွားကြသည်။

တစ်ချိန်တည်းမှာပဲယန်ယဲ့က ယန်ယဲ့က အေးစက်စက်ပြုံးလိုက်ပြီး “ငါတို့ ဒါကို ဒီအတိုင်း လွှတ်ထားလို့ မရဘူးထင်တယ်”ဟု ပြောပါသည်။

ထိုနောက် ဂူဟဲ၏ ရောင်ရမ်းနေသော မျက်နှာကို သူ့စားဖြင့် အသာအယာပုတ်ကာ “ဒီနေ့က ငါတော်တော်လေး စိတ်ကောင်းဝင်နေတယ်။ ဒါဖြင့်

ဒီလိုလုပ်ရအောင် တောင်ပန်လိုက်။

ဖြစ်ခဲ့တဲ့ကိစ္စတွေကို

ငါမေ့ထားလိုက်မယ်”

“လူသား...”

ဤအချိန်တွင် ဂူနီက သတ်ဖြတ်ချင်စိတ်

လေသံအပြည့်ဖြင့် ပြောလာ၏။

“ငါနောက်တစ်ခေါက် ထပ်ပြောမယ်။
လွှတ်လိုက်။ အခုချက်ချင်း သူ့ကို
လွှတ်လိုက်”

ဂူဟဲက ယန်ယဲ့ကို စိုက်ကြည့်ရင်း
အနည်းငယ် ရှုံ့သွပ်သွားပုံရ၏။

သူကလျှောင်ပြောင်လိုသော လေသံဖြင့်
“ငါ့ကို တောင်ပန်ခိုင်းနေတာလား…။
နိမ့်ကျတဲ့ လူသားကို

တောင်းပန်ရမှာလား…။ မင်း အိမ်မက်ပဲ မက်နေလိုက်”

ယန်ယဲ့၏ မျက်နှာပေါ်ရှိ အပြုံးက တဖြည်းဖြည်း ပျောက်ကွယ်သွားသည်
“ငါအခု ဒေါသထွက်သွားပြီ”

“ငါ့ကို သတ်ချင်နေတာလား…” ဂူဟဲက ဒေါသတကြီးဖြင့် ရယ်မောလိုက်သည်။

"လာပါ မင်းလုပ်ဝံ့သလား...။ မင်း..."

အလင်းတန်းတစ်ခု လင်းလက်သွားပြီး သူ၏ လည်ပင်းကို ထိုးသွင်းလာသဖြင့် ဂူဟဲ၏ အသံက ရုတ်တရက် ရပ်သွားခဲ့သည်။

ထို့နောက်တွင် "ရှူး..." ထိုနောက်တွင် သွေး တစက်စက် စီးကျနေသော

ခေါင်းတစ်လုံးက လေထဲသို့
ပျံတက်သွားသည်။

ဂူဟဲ၏မျက်လုံးများက
ပြူးကျယ်သွားကာ သေသည်အထိ
မယုံကြည်နိုင်ပုံရ၏။ ယန်ယွဲ့က သူ့အား
အမှန်ပင် သတ်ဖြတ်ခဲ့သည်။
သူ့ရှေ့ရှိလူက ချက်ချင်းသတ်ပစ်ဖို့
မမျှော်လင့်ထားခဲ့ပေ။

ဤအခိုက်အတန့်တွင် လီကျန်းနှင့်
အခြားသူတိုင်းလည်း
အံ့သြသွားကြသည်။ ယင်ဟောင်ပင်လျှင်
အံ့အားသင့်သွား၏။

ယန်ယဲ့က ဂူဟဲကို အမှန်တကယ်
သတ်ပစ်မည်ဟု မည်သူမှ
မမျှော်လင့်ထားခဲ့ကြပေ။

“ဒီကောင်က

တကယ်သတ်လိုက်တာလား…”

ယန်ယဲ့က  ပခုံးတွန့်ပြီးပြောလိုက်သည်

“သူသတ်ခိုင်းတာပဲ မင်းတို့ သူပြောတာ

ကြားမှာ သေချာပါတယ်။ ဟူး…

ငါလူတွေသတ်လာတာ နှစ်အတော်ကြာပြီ

ဒါပေမဲ့ တစ်ယောက်ယောက်က သူ့ကို

သတ်ပေးဖို့ တောင်းဆိုတာ

ဒါပထမဆုံးအကြိမ်ပဲ”

“ဘန်း…”

ဤအချိန်တွင် ယန်ယဲ့ ရပ်နေသည့်
နေရာဆီသို့
ပြင်းထန်ကြောက်စရာကောင်းသော
အရှိန်အဝါတစ်ခု ကျရောက်လာသည်။

ဂူနီက တိုက်ခိုက်လိုက်ခြင်းပင်။

သို့သော်လည်း ယင်ဟောင်က ရပ်ကြည့်မနေခဲ့ပေ။ သူမ၏ ညာလက်ကို ဝှေ့ယမ်းလိုက်ရုံဖြင့် အေးစက်စက်အရှိန်အဝါက လွင့်ပြယ်လာပြီး ဂူနီ၏အော်ရာကို ချေဖျက်ပစ်လိုက်သည်။

ဂူနီက ယင်ဟောင်ကိုစိုက်ကြည့်ပြီး "ဘာလဲ မင်းသူ့ကို ကာကွယ်ဖို့ ရည်ရွယ်ထားတာလား…"

ယင်ဟောင်က စကားပြန်ပြောရန်
ပြင်နေစဉ် ယန်ယဲ့က ရုတ်တရက်
ရယ်မောလိုက်သဖြင့် အားလုံးက
စိုက်ကြည့်နေကြသည်။

ယန်ယဲ့က ဂူနီကို စိုက်ကြည့်ရင်း
သူ့မျက်လုံးထဲတွင် ကြောက်ရွံ့မှုမရှိပေ။

သူက “ဘာလဲ မင်းတို့က အရှုံးကို လက်မခံနိုင်ဘူးလား...”

အရှုံးကို လက်မခံနိုင်တာလား...။ ဂီနီ၏မျက်နှာက မနေနိုင်လောက်အောင် ဖြစ်သွားခဲ့သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က ဆက်ပြောလိုက်၏ “ဒါဆို ကောင်းကင်မျိုးနွယ်က

ဒီလိုမျိုးပဲလား...။ ကောင်းကင်မျိုးနွယ်ရဲ့

မျိုးဆက်တွေက အခြားသူတွေနဲ့

ယှဉ်ပြိုင်တဲ့အခါ အားနည်းလွန်းတယ်။

သူတို့အသတ်ခံရခါနီးရင်တော့

အကြီးအကဲတွေက လက်စားချေဖို့

ရောက်လာကြတယ်။

ဟားဟားဟား...ရှက်စရာကောင်းလိုက်

တာ။ ကောင်းကင်မျိုးနွယ်က

ဘယ်လောက်တောင်

ရှက်စရာကောင်းလိုက်သလဲ…”

ဂူနီက မှုန်ကုပ်ကုပ်အမူအရာဖြင့်

ပြန်ပြောလိုက်သည် “မင်းသူ့ကို

အနိုင်ရပြီးနေပြီ ပြီးတော့ မင်းတို့

နှစ်ယောက်က

ယှဉ်ပြိုင်ရုံသက်သက်ပဲမဟုတ်ဘူးလား…

။ မင်းသူ့ကို ဘာလို့ သတ်လိုက်တာလဲ…”

ယန်ယဲ့က ဂူနီကို ပြန်စိုက်ကြည့်ကာ
“တစ်စုံတစ်ယောက်က မင်းကို
သတ်ဖို့ကြံနေရင် မင်းသူ့ကို
ပြန်မသတ်နိုင်ဘူးလား...”

ဂူနီက အေးစက်စက်ပြောလိုက်သည်
“ကောင်းတယ် မင်းသတ်လိုက်တာ
အရမ်းကောင်းတယ်”

ယန်ယဲ့က ကြောက်ရွံ့မှု
အရိပ်အမြွက်မပြဘဲ
ဂူနီကိုစိုက်ကြည့်ရင်း နောက်တစ်ခါ
ထပ်ပြောလိုက်ပြန်သည် “တကယ်တော့
ငါလူသတ်ရတာ ငြီးငွေ့လာပြီ”

ဤနေရာရှိ လေထုသည် ချက်ချင်းပင်
တင်းမာလာတော့သည်။

ဂူနီက လက်သီးများကို
တင်းတင်းဆုပ်ထားပြီး သူ၏ မျက်နှာက
အုံ့မှိုင်းနေခဲ့သည်။
သူဘာတွေးနေလည်းတော့ မသိနိုင်ပေ။

တစ်ချိန်တည်းမှာပင် ယန်ယဲ့က
ရုတ်တရက် ပြောခဲ့သည်
“မင်းရဲ့အဆင့်အတန်းအရ
ငါ့ကိုတိုက်ခိုက်ရင် သေချာပေါက်
အရှက်ကွဲမှာပါ။ ဒါပေမဲ့

မင်းကိုကြည့်ရတာ ကလဲ့စားချေဖို့

လက်လွှတ်မခံချင်တာက သေချာတယ်။

ဒါဆို ငါတို့ ဒါကို ဘယ်လိုလုပ်မလဲ...

ဒီအဆုံးမဲ့ သမုဒ္ဒရာရဲ့

လူငယ်မျိုးဆက်တွေထဲက မည်သူမဆို

ငါနဲ့ မသေမချင်း တိုက်ခိုက်ဖို့

ဖိတ်ခေါ်ပါရစေ”

“အဆင်ပြေလား...”

“တစ်ယောက်ချင်း တိုက်ခိုက်မှာလား…”
ယင်ဟောင်က ယန်ယွဲ့ကို
ငုံ့ကြည့်လိုက်ပြီး ဘာမှပြန်မပြောပေ။

ဂူနီက ယန်ယွဲ့ကို စိုက်ကြည့်နေသည်။

ဤအချိန်တွင် ဂူဖန်းက ရှေ့သို့
တိုးလာသည်။ သို့သော်လည်း ဂူနီက
တစ်ချက် လှမ်းကြည့်လိုက်ရာ သူက

ခဏာမျှတုံ့ဆိုင်းသွားပြီးနောက်
ရှေ့နေရာမှာပင် ရပ်နေလိုက်သည်။

ဂူနီက ယန်ယဲ့ကို လှည့်ကြည့်ကာ “မင်းက
လူသားတစ်ယောက်လား…”

ယန်ယဲ့က “ဘာဖြစ်လို့လဲ…”

ဂူနီက ပြုံးပြီး “ဘာမှမဟုတ်ပါဘူး။
ငါမင်းကိုတိုက်ခိုက်ရင် ငါ့အတွက်

အရှက်ကွဲလိမ့်မယ်လို့ပြောခဲ့တယ်မဟုတ်

လား...။ တကယ်တော့

ငါ့လိုအဆင့်အတန်းနဲ့

လူငယ်မျိုးဆက်တစ်ယောက်ကို

အနိုင်ကျင့်နေတာမျိုးဆိုတာ

ဘယ်လိုလုပ် အဆင်ပြေပါ့မလဲ...။

ဒါပေမဲ့ ငါမင်းကို နည်းနည်းလေး

သဘောကျလာပြီ ဒီတော့

လမ်းညွှန်ချက်ကလေး ဘာလေး

ပေးချင်တယ်။ ဒါတော့

ပြဿနာမဟုတ်ဘူး ဟုတ်တယ်မလား…”

ယင်ဟောင်၏ မျက်နှာက ချက်ချင်းပင်

မှုန်မှိုင်းလာခဲ့သည်။

ဂူနီက တစ်ဖက်လှည့်ဖြင့် ယန်ယဲ့ကို

သတ်ဖြတ်ရန် ကြံစည်နေခြင်းပင်

မဟုတ်ပါလား။

ဤအချိန်တွင် ယန်ယွဲ့သည် ဂူနီကို
မျက်လုံးချင်း
တည့်တည့်ကြည့်လိုက်သည်။

“ဒါဖြင့်မင်းမှာ သား
ဘယ်နှစ်ယောက်ရှိလဲလို့
ငါသိချင်မိတယ်”

“နှစ်ယောက်” ဂူနီကပြုံးပြီး “ဘာလို့လဲ…”

ယန်ယဲ့က သူ့လက်ထဲကဓားဖြင့် ဂူဖန်းကို

ရုတ်တရက် ညွှန်ပြလိုက်ပြီး “ကောင်းပြီ

မင်းငါ့ကို သင်ပြမပေးခင် ငါက

မင်းရဲ့သားကို

တစ်စုံတစ်ခုသင်ပေးလိုက်မယ်။ မှန်တယ်

ကျေးဇူးပြုပြီး တစ်ခုတော့

ကြိုသတိပေးပါရစေ အရင်တုန်းက

ငါလူတော်တော်များများကို

လမ်းညွှန်သင်ပြပေးဖူးတယ်။ ဒါပေမဲ့

အခုအချိန်မှာ သူတို့တွေအကုန်လုံး
မြေသြဇာတွေဖြစ်ကုန်ကြပြီး”

သူကဂူနီကို သင်ပြပေးခိုင်းမည်လား။
ယန်ယဲ့၏ ဦးနှောက်က
အရူးဦးနှောက်မဟုတ်ပေ။ ဂူနီက
သူ့အားသတ်ချင်နေသည်မှာ သိသာ၏။
အဓိက ကတော့
ဂူနီ၏ကျင့်ကြံမှုအဆင့်က
သူ့ထက်အဆင့်ကြီး နှစ်ဆင့်ပင်

မြင့်မားနေသည်ဖြစ်ရာ လက်ရှိ

သူ့ခွန်အားဖြင့် ခုခံနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ယန်ယဲ့က ဂူနီ၏နောက်မှ

ဂူဖန်းကို တိုက်ရိုက်စိန်ခေါ်လိုက်ခြင်းပင်။

ဂူနီက

သူ့အားအနိုင်ကျင့်ချင်နေသောကြောင့်

ဂူဖန်းကို ပြန်ပြီး

အနိုင်ကျင့်ဖို့ရည်ရွယ်လိုက်ခြင်းပင်

မဟုတ်ပေ သူက ဂူဖန်းကို

အမှန်တကယ်အနိုင်ကျင့်လိုသည်တော့

မဟုတ်ခဲ့ပေ။

ယန်ယဲ့၏ စကားကို

ကြားလိုက်သောအခါ ဂိနီ၏မျက်နှာက

မှုန်ကုပ်သွားလေတော့သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့က

ထပ်ပြောပါသည်။ "မင်းရဲ့ သားကို

ငါလမ်းညွှန်သင်ပြပေးလိုက်မယ်။

ဘယ်နှယ့်လဲ

ဒါကိုမင်းခွင့်ပြုပေးနိုင်မလား...။

မင်းလက်ခံရင် ငါမင်းဆီမှာ

လမ်းညွှန်ချက် တောင်းခံမယ်။

မဟုတ်ရင်တော့ ငါတို့ပြောတာကို

မေ့လိုက်တော့”

ဂူနီက ယန်ယဲ့ကို
အချိန်အတော်အကြာကြီး
စိုက်ကြည့်နေသည်။

ထိုနောက် ယင်ဟောင်ကို စိုက်ကြည့်ကာ
“ယင်ဟောင် ငါထင်တာမမှားရင် မင်းဟာ
ငါ့ကောင်းကင်မျိုးနွယ်ရဲ့ နိဘူလ
စစ်သဘော်}တွေကို ဝယ်ဖို့ ဒီကို
ရောက်လာတာမဟုတ်လား…။ ဒါပေမဲ့
ငါကြားထားတဲ့အချက်အလက်တွေအရ

ဆို အခြားကောင်းကင်မျိုးနွယ်မှာ ရှာမန်မျိုးနွယ်ရဲ့ ကုန်သွယ်မှုကို ဆန့်ကျင်နေတဲ့သူတွေအများကြီးရှိတယ် ။

ယင်ဟောင်က “နင်က အဲ့ဒီလူတွေအထဲက တစ်ယောက်ပဲ မဟုတ်လား…”

ဂူနီက ပြုံးပြီး

“ငါချက်ချင်းသဘောတူလိုက်မယ်။

သူ့ကို ငါ့ဆီလွှဲပေးလိုက်တာနဲ့

ကောင်းကင်အင်ပါယာအရှင်ကို {နိဘူလ

စစ်သဘော်}တွေရောင်းဖို့

သဘောတူညီချက်ကို

လက်မှတ်ရေးထိုးဖို့

ထောက်ခံပေးလိုက်မယ်။

အဆင်ပြေလား…”

ယင်ဟောင်က မျက်မှောင်ကြုတ်ကာ

“နင့်လိုအဆင့်အတန်းတစ်ယောက်က

ဘာကြောင့်များ

ဂျူနီယာမျိုးဆက်တစ်ယောက်ကို

ရန်လိုနေရတာလဲ...”

ဂူနီ၏အပြုံးက

အနည်းငယ်အေးစက်လာပြီး

“ဒါငါ့သားပဲ။ သူက အသုံးမကျတဲ့

သားဖြစ်နေရင်တောင်

ငါ့သွေးသားဖြစ်နေတုန်းပဲ။

ဟုတ်တယ်မဟုတ်လား...”

ယင်ဟောင်က ယန်ယဲကို ငုံ့ကြည့်ကာ

ခေါင်းခါယမ်းလိုက်သည်။

“ငါငြင်းတယ်။ အခြားဘာကိစ္စမှ

မရှိတော့ရင် ငါတို့ နှုတ်ဆက်ကြတာပေါ့”

ထိုနောက်သူမ၏ ညာလက်ကို

ဝှေ့ယမ်းကာ ယန်ယဲ့နှင့် အခြားသူများကို

ခေါ်ဆောင်လျက် နေရာမှာပင်
ပျောက်ကွယ်သွားခဲ့သည်။

ဂူဖန်းက “အဖေ သူတို့ကို ဒီအတိုင်း
လွှတ်ထားလိုက်မှာလား…”

ဂူနီက စကားပြန်မပြောပေ။
ယင်ပဟောင်ထွက်သွားသည့်
လမ်းကြောင်းကို အေးစက်စွာ
စိုက်ကြည့်ရင်း တိတ်ဆိတ်နေခဲ့သည်။

ကောင်းကင်အဝေးတစ်နေရာတွင်

ယင်ပေါင်က ရုတ်တရက်

ပြောလိုက်သည်။

“နင်က တကယ်ကို စိတ်မြန်လွန်းတယ်”

ယန်ယွဲ့ က ပြုံပြီး “ငါသိပါတယ်”

ယင်ဟောင်က "နင်သူ့သားကို သတ်လိုက်တာတောင် သိတယ်လို့ပြောနေသေးတာလား…"

ယန်ယဲ့က "မင်းကော အဲ့ဒီလူကို မသတ်ချင်လို့လား…"

"ငါသတ်ချင်တယ်" ယင်ဟောင်က ဆက်ပြောလိုက်သည် "ဒါပေမဲ့ ငါမလုပ်ဘူး"

ယန်ယဲ့က "တကယ်တော့
ငါသိပ်ပြီးမစဉ်းစားလိုက်မိဘူး။
ဘာပဲဖြစ်ဖြစ်ပါ ငါ့အတွေးက
အရမ်းရိုးရှင်းတယ်။ ငါသူ့ကို မသတ်ရင်
ပျော်ရွှင်မှာမဟုတ်ဘူး။ ဒါကြောင့်
သတ်ပစ်လိုက်တာပဲ"

သူသည် ယင်ဟောင်အတွက်
ပြဿနာမဖန်တီးလိုသောကြောင့်

အပေးအယူလုပ်ကာ ပြန်လည်

သင့်မြတ်ဖို့ ရည်ရွယ်ခဲ့သည်။ သို့သော်

ဂူဟဲက တရားလွန်

မောက်မာခဲ့သည်ဖြစ်ရာ အမှန်ပင်

သည်းမခံနိုင်တော့ပေ။

ယင်ဟောင်က ယန်ယဲ့ကို ရုတ်တရက်

စိုက်ကြည့်လိုက်သည်။

ထိုနောက်ခေါင်းကို

အနည်းငယ်ခါယမ်းကာ “ကလေး

သွေးပူပြီး စိတ်မြန်လွန်းတယ်။

ဒါတွေအားလုံးကအဆင်ပြေနိုင်ပေမဲ့

နောင်ကို ဘယ်တော့မှ ဒေါသမထွက်ပါနဲ့။

ဒေါသထွက်ရင် နင်က အဲ့ဒီအတွက်

တစ်ခုခုတော့ ပြန်ပြီးပေးဆပ်ရနိုင်တယ်”

ယန်ယဲ့က မငြင်းဘဲ

ခေါင်းညိတ်လိုက်သည်။ “ငါဒါကို

မှတ်ထားမှာပါ”

တစ်ချိန်တည်းမှာပင် ယင်ဟောင်က

ဆက်ပြောလိုက်သည်။ “ဒါပေမဲ့လို့

ငါနင်ကို ကျေးဇူးတင်ရမယ်

နင့်ကြောင့်သာမဟုတ်ရင်

ငါ့ရှာမန်မျိုးနွယ်က လုံးလုံး

အရှက်ကွဲသွားမှာသေချာတယ်။

ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့လူတွေက
အဲ့ဒီတိုက်ပွဲကို တိတ်တိတ်ကလေး
မှတ်တမ်းတင်နေကြတာ”

ဤအချိန်တွင် သူမက လီကျန်းအား
စိုက်ကြည့်ရင်း
“ဂူဟဲနဲ့လောင်းကြေးထပ်ဖို့
တကယ်သဘောတူလိုက်ရင် နင်ငါတို့ရဲ့
ရှာမန်မျိုးနွယ်အတွက်
မျက်နှာပျက်ရုံတင်မဟုတ်ဘူး

ငါ့တာဝန်ပါ ကျိန်းသေပေါက်

ကျရှုံးလိမ့်မယ်ဆိုတာ နင်သိရဲ့လား…”

လီကျန်း၏ နဖူးမှ

အေးစက်သောချွေးများ

ချက်ချင်းစီးကျလာတော့သည်။

ဤအချိန်တွင် ယင်ဟောင်က

ခေါင်းခါကာ“ဒါပေမဲ့ အဆင်ပြေပါတယ်

အနည်းဆုံးတော့ စော်ကားမော်ကား

ပြောဆိုနေရတဲ့အခါ

ရှေ့ကိုထွက်လာရဲ့တယ်။

ရှာမန်မျိုးနွယ်ကို ကာကွယ်လိုတဲ့ နင့်ရဲ့

ရဲစွမ်းသတ္တိနဲ့ စိတ်ဆန္ဒ တွေက

မဆုံးရှုံးသေးဘူးဘဲ။

ခွန်အားမလုံလောက်တာက

လေ့ကျင့်ရပေမဲ့။ နင့်ရဲ့ ရဲစွမ်းသတ္တိနဲ့

စိတ်ဆန္ဒတွေ ဆုံးရှုံးသွားရင်တော့

အမှိုက်ပဲ ဖြစ်သွားလိမ့်မယ်”

လီကျန်က ခေါင်းညိတ်ကာ
“အကြီးအကဲဟောင် ငါနားလည်ပါပြီ”

ထိုနောက် ယန်ယွဲ့ကို စိုက်ကြည့်ရင်း ခဏ
တုံ့ဆိုင်းနေသည် “အစ်ကို အခုကိစ္စ
အတွက် ငါကျေးဇူးတင်ပါတယ်”

ယန်ယွဲ့ကြောင့်သာ မဟုတ်လျှင် သူက
လွတ်မြောက်ဖို့ လမ်းမရှိပဲ
အကျပ်ရိုက်သွားပေလိမ့်မည်။

ယန်ယဲ့က ခေါင်းညိတ်ပြပြီး

ယင်ဟောင်ကို စူးစိုက်ကြည့်ကာ

“အကြီးအကဲ ဟောင် ဂူနီက ဒီကိစ္စကို

ဒီအတိုင်းထားမှာတော့

မဟုတ်ဘူးထင်တယ်”

ယင်ဟောင်က “ငါသိပါတယ် ဒါပေမဲ့

နင်က ဒါကို သိပ်ပြီး

ဂရုစိုက်နေစရာမလိုဘူး။ ဂူနီက

ကောင်းကင်မျိုးနွယ်မှာ

ဆုံးဖြတ်ချက်တွေ

ချနိုင်တဲ့လူမဟုတ်ဘူး။

တကယ့်နောက်ကွယ်မှာ ရှိနေတာက

ကောင်းကင်အင်ပါယာအရှင်ပဲ ”

ကောင်းကင်အင်ပါယာအရှင်။

ထိုတည်ရှိမှုက ရှောင်ချီ၏

အဖေဖြစ်နိုင်၏။ ဤအခိုက်အတန့်တွင်

သူတို့အဖွဲ့ပ အရှိန်မြင့်လာခဲ့သည်။
နောက်ထပ် (၆) နာရီခန့်အကြာတွင်တော့
သူတို့ရှေ့တွင် မြို့တစ်မြို့ကို
တွေ့လိုက်ရသည်။

မြင်ရသည်မှာ မြို့က အတော်လေး
ထူးဆန်းနေ၏။ အဘယ်ကြောင့်ဆိုသော်
တစ်မြို့လုံးက
အဖြူရောင်ဖြစ်နေသောကြောင့်ပင်။
မြို့ကို အဝေးမှ

တိမ်တိုက်များအကြားတွင်
တည်ဆောက်ထားခဲ့သည်။ ထိုပြင်
အဖြူရောင် နတ်ကြိုးကြာများက
အဆက်မပြတ် ရစ်ဝဲနေခဲ့သည်။

မြို့က အင်မော်တယ်တို့ စံမြန်းရာ
နတ်ဘုရားနယ်မြေကြီးတစ်ခုလိုပင်။

Translated by NyiNyiSoe
May Be:

၂၂၈၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၂၈၂ -

ဒါက... ကောင်းကင်မြို့တော် လား ။

အင်မော်တယ်တို့ စံမြန်းရာ နတ်ဘုံ

နတ်နန်း တစ်ခုလိုပင် ထင်ရလေသည်။

လူတိုင်းက

အင်မော်တယ်တို့စံမြန်းရာနယ်မြေကို တစ်ခါမျှမမြင်ဖူးကြပေ။ သို့သော်လည်း သူတို့အမြင်အရတော့ ထိုမြို့ကဲသို့ပင် ဖြစ်ပေလိမ့်မည်။

ဤအချိန်တွင် ယင်ဟောင်က "အားလုံး အံ့အားသင့်နေကြတာလား..." ဟု မေးပါသည်။

ယန်ယဲ့အပါအဝင် အခြား လူတိုင်းလည်း ခေါင်းညိတ်ကြသည်။

ယင်ဟောင်က ပြောလိုက်သည်
“ကောင်းကင်မြို့တော်။ ဒီမြို့ကို ထူးခြားဆန်းကြယ်တဲ့ သတ္တုတွေနဲ့ တည်ဆောက်ထားတယ်။ ဒါ့အပြင် မြို့ထဲမှာ အရမ်းကြောက်စရာကောင်းတဲ့ အစီအရင်တစ်ခုပါ ရှိနေသေးတယ်။ ဒါကို ပညာရှင်အဆင့် (၅)ပါးက

ပူးပေါင်းတည်ထောင်ခဲ့တယ်။

ဒီတော့ပညာရှင်အဆင့်အောက်

ကျင့်ကြံသူတွေက မြို့အတွက်

ပုရွက်ဆိတ်သာသာပဲလို့ ပြောရမယ်။

အထွတ်အထိပ်

ပညာရှင်အဆင့်ဆိုရင်တောင် မြို့ကို

ဖျက်ဆီးဖို့ မဖြစ်နိုင်ဘူး”

ပညာရှင်အဆင့်အောက်

ကျင့်ကြံသူတွေက

ပုရွက်ဆိတ်တွေအလား။

ဤအချိန်တွင် အဝေးမှ

အဖြူရောင်အလင်းတန်းတစ်ခုပေါ်လာ

သည်။ ခဏအကြာတွင် အလင်းတန်း

ပြန်နုံ့ကျဲသွားသည်နှင့်

သက်လတ်ပိုင်းအမျိုးသားတစ်ဦးပေါ်လာ

ခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက ယင်ဟောင်ကို စိုက်ကြည့်ရင်း “မင်းက ရှာမန်ကေရာဇ်ရဲ့ ကိုယ်စားလှယ် ယင်ဟောင်မဟုတ်လား…”

ယင်ဟောင်က အနည်းငယ်ခေါင်းညိတ်ပြပြီး “ငါပါ ဟုတ်တယ်”

သက်လတ်ပိုင်းအမျိုးသားက

“ကောင်းကင်အင်ပါယာအရှင်က

ဧည့်သည်တွေကို

လက်ခံတွေ့ဆုံမယ်ပြောတယ်။

ဒါကြောင့်မင်းတို့အားလုံးကို

တိမ်ပင်လယ်ခန်းမဆီ

ခေါ်သွားခိုင်းလိုက်တယ်။ ကျေးဇူးပြုပြီး

ငါနဲ့လိုက်ခဲ့ကြ”

ယင်ဟောင်က “ဒီလိုဆို
ကျေးဇူးတင်ပါတယ်”

သက်လတ်ပိုင်းအမျိုးသားက
ခေါင်းညိတ်ပြသည်။
ထိုနောက်အဖြူရောင်အလင်းတန်းအဖြစ်
ပြောင်းလဲကာ အဝေးဆိုသို့
ပျောက်ကွယ်သွားသည်။ ယန်ယဲ့သည်
လမ်းတစ်လျှောက်တွင် ပတ်ဝန်းကျင်ကို
မတ်တတ်လေ့လာခဲ့သည်။

စစ်မှန်သောအင်မော်တယ်နယ်မြေတစ်ခု

အလားပင်။

အင်မော်တယ်များအတွက်ပင်

စစ်မှန်သောနတ်နယ်မြေတစ်ခုဟု

ဆိုနိုင်၏။ အဘယ်ကြောင့်ဆိုသော်

ဤနေရာရှိ ဝိညာဉ်စွမ်းအင်က

အလွန်သိပ်သည်းသည့်အပြင်လုံးဝကိုသ

န့်စင်နေသောကြောင့်ပါ။ ဤနေရာရှိ

ဝိညာဉ်စွမ်းအင်က

သူမြင်ဖူးသမျှအထဲတွင် အသန့်စင်ဆုံး

မူလခရမ်းရောင်စွမ်းအင်မှတပါး

အဆင့်မြင့်ဆုံး ဝိညာဉ်စွမ်းအင်ဖြစ်သည်။

ဤသို့ဖြင့်

အချိန်တော်တော်ကြာပြီးနောက်

တိမ်ပင်လယ်ခန်းမသို့

ရောက်လာကြသည်။

သက်လတ်ပိုင်းအမျိုးသားက သူတို့အဖွဲ့ကို လိုက်ပို့ပြီးနောက် ပြန်ထွက်သွားခဲ့သည်။

ဤအချိန်တွင် ယင်ဟောင်က ယန်ယဲ့ကို စိုက်ကြည့်ရင်း "မင်းရဲ့ မိတ်ဆွေက ဘယ်ရောက်နေလဲ သိလား..."ဟု မေးလိုက်သည်။

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

ယင်ဟောင်က "နင့်ရဲ့ မိတ်ဆွေနာမည်ကို သိလား..."

"ရှောင်ချီ" ယန်ယဲ့က "ဒါက သူမရဲ့ နာမည်ပြောင် ဖြစ်နိုင်တယ်"

ယင်ဟောင်က ခေါင်းညိတ်လိုက်ပြီး "သူမနဲ့ ပတ်သက်တဲ့ အချက်အလက်အချို့ကို

ငါကြိုးစားကြည့်မယ်။ နင်က
ကိုယ်တိုင်ရှာနိုင်ပေမဲ့
ပြဿနာတော့မရှာပါနဲ့ ဒါ့အပြင်
ဒီနေရာမှာ စိတ်ထင်တိုင်း
လျှောက်လုပ်လို့ မရဘူး။
အထူးသဖြင့်တော့ နင်က
လူသားတစ်ယောက်ဖြစ်နေလိုပဲ
နားလည်လား...”

ယန်ယဲ့က “သူတို့က လူသားတွေကို

အထင်အမြင်သေးတက်တာလား…”

ယင်ဟောင်က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

ပြန်ပြောသည် “တကယ်တော့

ဤနေရာမှာ

အပြင်လူတွေရောက်လာတာကို

သိပ်ပြီးမကြိုဆိုဘူး။

တကယ်တော့လူသားတွေတင်မဟုတ်ပါ

ဘူး ထူးခြားတဲ့ မျိုးနွယ်ခြား
အချို့ကလွဲရင် ကောင်းကင်မျိုးနွယ်က
အခြားဘယ်မျိုးနွယ်ကိုမှ
မကြိုဆိုကြဘူး”

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
“စိတ်မပူပါနဲ့ အကြီးအကဲယင်ဟောင်
ငါကပုံမှန်အားဖြင့်
ဒုက္ခမပေးတက်ပါဘူး”

ယင်ဟောင်က

အနည်းငယ်ခေါင်းညိတ်ပြပြီး“နင်တို့အား

လုံး

ကိုယ်ပိုင်အခန်းကိုသွားပြီးအနားယူလို့ရ

တယ်။ နှစ်ရက်အတွင်းပွဲတစ်ခုရှိမယ်။

ဒါပြီးရင် အားလုံး ငါနဲ့အတူ

ကောင်းကင်ကမ္ဘာကနေ ပြန်ကြတာပေါ့”

ထိုစကားပြောပြီးနောက် နေရာမှာပင်

ဖျတ်ခနဲပျောက်သွားခဲ့သည်။

အတန်းထဲတွင် ယန်ယဲ့က

ပတ်ဝန်းကျင်ကို

လှည့်ပတ်ကြည့်နေသည်။

ဤအခိုက်အတန့်တွင အခန်းက

ကျောက်စိမ်းဖြင့် ပြုလုပ်ထားသည်ကို

သတိပြုမိလိုက်၏။

ကျောက်စိမ်းမှအနွေးဓာတ်အပြင်

အေးစိမ့်စိမ့်ခံစားချက်ပါရနေခဲ့သည်။

ထိုကြောင့်အခန်းထဲတွင်
နေထိုင်သူများအတွက်
အလွန်သက်သောင့်သက်သာဖြစ်စေသ
ည်။

“ရှောင်ချီရဲ့ မိသားစုက တကယ်ကို
ကြွယ်ဝတာပဲ” ယန်ယဲ့က
ခေါင်းယမ်းလိုက်သည်။ သူက
ကျင့်ကြံရန်ပြင်လိုက်သည်။

ဤအချိန်တွင် နှင်းပွင့်က

သူ့ပခုံးအပေါ်မှာ

ရုတ်တရက်ပေါ်လာသည်။ ထိုနောက်

တံခါးကို ညွှန်ပြသည်။  ဆိုလိုသည်မှာ

သူမလေးက အပြင်ထွက်ပြီး

ကစားချင်သည်ဟု ပြောနေတာပါ။

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး

ခေါင်းညိတ်လိုက်သည်။

ပေါင်အာ၊ ကျိအာနှင့်

အခြားကလေးများက မူလစေတီထဲတွင်

အချိန်တိုင်းကျင့်ကြံနေသောကြောင့်

နှင်းပွင့်လေးနှင့် ကစားပေးရန်

အချိန်သိပ်မရှိကြတော့ပေ။

နှင်းပွင့်လေးက မူလစေတီထဲမှာ

နေထိုင်ရတာ ငြီးငွေ့လာသည်နှင့်

အပြင်ထွက်လာတက်သည်။

ထိုပြင် နှင်းပွင့်လေး ပျင်းရိလာမည်ကို

ကြောက်နေကြသူ နှစ်ဦးလည်း

ရှိနေသေး၏။

မှန်သည်။ ထိုနှစ်ယောက်က

နတ်ယင်မီးတောက် နှင့်ဟိုချင်တို့ပင်။

အကြောင်းမှာ

နှင်းပွင့်လေးပျင်းသည့်အခါ

သူတို့နှစ်ယောက်အား အမျိုးမျိုး
ဒုက္ခပေးတက်လို့ပင် ဖြစ်သည်။

ဟိုချင်က တစ်ချိန်တုန်းက
နည်းလမ်းတစ်ခုကို တွေးခဲ့ဖူးသည်။
ထိုနည်းလမ်းက နှင်းပွင့်အား
ကျင့်ကြံစေရန်ဖြစ်သည်။
ထိုအတိုင်းဆိုလျှင် လူတိုင်း
စိတ်အေးလက်အေးအနားယူနိုင်၏။
သို့သော် သူ၏အကြံအစည်က

မအောင်မြင်ခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် နှင်းပွင့်က

ကျင့်ကြံဖို့ စိတ်မဝင်စားလို့ပါ။ ယန်ယဲ့က

သူ၏အခန်းထဲမှ ထွက်လာပြီး နှင်းပွင့်ကို

ပွေ့ချီကာ လမ်းမများ အထက်သို့

လျှောက်လာခဲ့သည်။

လမ်းများက အလွန်ကျယ်ပြန့်၏။

နှစ်ဖက်စလုံးတွင်

ကျောက်စိမ်းဖြူအဆောက်အအုံများ

ရှိခဲ့သည်။ အချို့က မြင့်သည်။ အချို့က သေးငယ်သော်လည်း ရှုပ်ထွေးနေခြင်းတော့မရှိပေ။ ထိုပြင် လမ်းမအထက်၌ လူအနည်းငယ်လောက်သာရှိခဲ့သည်။

သန်မာသူများ သို့မဟုတ် အင်အားကြီးသူသာ လေးစားခံရသည့် ဤလောကတွင် လူတိုင်းက ကျင့်ကြံလေ့ရှိကြသည်။ထိုကြောင့်

ဤနေရာတွင် သာမန်လူများ

တစ်ယောက်မှမရှိခဲ့ပေ။ နှင်းပွင့်က

ယန်ယဲ့၏ ပခုံးအထက်မှာ ထိုင်နေရင်း

စူးစမ်းလိုသော အမူအရာအပြည့်ဖြင့်

ပတ်ဝန်းကျင်ကို

လှည့်ပတ်ကြည့်နေခဲ့သည်။

သူမ၏မျက်လုံးလေးများက

ရုတ်တရက်တောက်ပလာပြီး

ညာဘက်သို့ညွှန်ပြလိုက်သည်။ ယန်ယဲ့က

ညာဘက်ကို လှမ်းကြည့်လိုက်ရာ
ဆိုင်တစ်ဆိုင်ကို တွေ့လိုက်ရသည်။

ဆိုင်အမည်က
“အင်မော်တယ်လက်နက်ခန်းမ”
ဟူ၍ပင်။

“အင်မော်တယ်လက်နက်ခန်းမလား…”
ယန်ယွဲ့က ဆိုင်ကို ခဏကြာစိုက်ကြည့်ပြီး

နှင်းပွင့်ကို ပြန်ကြည့်ကာ “အဲ့ဒီမှာ တနာတွေရှိလား...”

နှင်းပွင့်က ကမန်းကတန်းခေါင်းညိတ်ပြသည်။

ယန်ယဲ့က ပြုံးပြီး “ဒါဆို သွားကြည့်ရအောင်။ ဒါပေမဲ့ ကလေးမင်းက ဘယ်အရာကိုမှ ခိုးယူဖို၊ လုယူဖို့ မကြိုးစားနဲ့ ဟုတ်ပြီးလား...”

နှင်းပွင့်က မျက်တောင်ခတ်ပြီး
သူပြောသည့်စကားကို နားမလည်သလို
ပြုနေသည်။ သို့သော် ယန်ယဲ့၏
မျက်နှာက လေးနက်နေသည်ကို
မြင်သောအခါ သူမလေးက ချက်ချင်း
ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က ပြုံးပြီး ဆိုင်ထဲသို့ သူ
ဝင်လာသည်နှင့်တစ်ပြိုင်နက်

အစိမ်းရောင်ဝတ်အမျိုးသမီးတစ်ဦးက
ရှေ့ထွက်လာပြီး “ကြိုဆိုပါတယ်
ညော့်သည်တော် တစ်ခုခုလိုသေးလား…”

ယန်ယဲ့က ပတ်ဝန်းကျင်ကို ခဏ
လှည့်ပတ်ကြည့်နေသည်။
ဆိုင်ခန်းထဲတွင် ဒါဇင်ချီသော
အဖြူရောင်အလင်းတိုင်လုံးများရှိနေ၏။
ထိုအလင်းတိုင်လုံးတစ်ခုစီက ရတနာ
မျိုးစုံကို ဖျတ်ခနဲမြင်နိုင်သည်။

ဤအချိန်တွင် နှင်းပွင့်ကအပေါ်သို့ ညွှန်ပြလိုက်သည်။ ယန်ယဲ့ကို အပေါ်တက်သွားခိုင်းနေတာပါ။

ယန်ယဲ့က ထိုအမျိုးသမီးကို စိုက်ကြည့်ရင်း "အပေါ်ထပ်မှာ ပိုရှိသေးတယ်မဟုတ်လား…"

အစိမ်းရောင်ဝတ်အမျိုးသမီးက နှင်းပွင့်ကို စိုက်ကြည့်ကာ

ခေါင်းညိတ်ပြီး“ဟုတ်တယ် ဒါပေမဲ့ ဒုတိယအထပ်ကို ဝင်ဖို့ဆိုရင် နင်က အင်မော်တယ် သလင်းကျောက် ဆယ်လုံးပေးရမယ်”

ယန်ယဲ့က စကားပြောလုဆဲဆဲပါ ဤအချိန်တွင် နှင်းပွင့်ကလသူမ၏ လက်သည်းလေးနှစ်ဖက်ကို ဝှေ့ယမ်းလိုက်ရာ အမျိုးသမီးအရှေ့တွင် အင်မော်တယ်သလင်းကျောက် (၁၀)

လုံးပေါ်လာသည်။ ယန်ယဲ့သည်
အံ့အားသင့်သွားပြီးဘာပြောရမှန်းမသိ
တော့ပေ။

အမျိုးသမီးက
နှင်းပွင့်အားစိုက်ကြည့်ရင်း
ချစ်စဖွယ်ပြုံးကာ “ဒီကောင်လေးက
ချစ်ဖို့ကောင်းလိုက်တာ ကောင်းပြီး
အခုငါနဲ့အတူလိုက်ခဲ့ကြ”

ယန်ယဲ့က အမျိုးသမီးနောက်ကနေ

ဒုတိယအထပ်သို့ လိုက်သွားခဲ့သည်။

ဒုတိယအထပ်ကိုရောက်လာသည်နှင့်

သူကမေးမြန်းစုံစမ်းကြည့်ရန်

ပြင်လိုက်သည်။ သို့သော် သူ၏

ခန္ဓာကိုယ်ထဲမှ မူလစေတီက

ရုတ်တရက်လျင်မြန်စွာ

လှည့်ပတ်လာခဲ့သည်။

"ဒီအရာက သတိပေးနေပြီလား..."

ထိုအတွက်

အကြောင်းကြားချက်နှစ်ခုသာရှိခဲ့သည်။

အန္တရာယ် သို့မဟုတ် နတ်ရတနာများ။

သေချာပါသည်။ ထိုအချက်ပြမှုက

ဒုတိယဖြစ်နိုင်ချေပါ။ သူက

အန္တရာယ်အအငွေ့အသက်ကို

မခံစားမိသောကြောင့်ပင်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့က
တော်တော်လေး သိချင်နေခဲ့သည်။

မူလစေတီကို ပင် စိတ်လှုပ်ရှားစေသော
ရတနာက မည်သို့သောအဆင့်
ဖြစ်နိုင်သနည်း။ အမှန်တော့ ထိုစေတီက
နှင်းပွင့်ထက်ပင် ပို၍ဇီဇာကြောင်သည်။
နတ်ရတနာအများစုကို
အသိအမှတ်ပြုခဲ့ခြင်းမရှိခဲ့ပေ။
ဒါဆိုဘာဖြစ်နိုင်လည်း။

ယန်ယဲ့က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

ခဏအကြာတွင် သူ့ကနှင်းပွင့်ကို

စိုက်ကြည့်နေသည်။ နှင်းပွင့်က ယန်ယဲ့ကို

စိုက်ကြည့်ရင်း မျက်တောင်ခတ်ပြီး

ညွှန်ပြသည်။

ထပ်တက်သွားခိုင်းနေတာပါ။

ယန်ယဲ့က

အစိမ်းရောင်ဝတ်အမျိုးသမီးကို

လှည့်ကြည့်လိုက်သည်။

အမျိုးသမီးက ခဏမျှ တုံ့ဆိုင်းသွားကာ

“လေးစားရပါသော ညှော့သည်တော်

တတိယအထပ်မှာရှိတဲ့ ရတနာတွေက

ကောရာဇ်အဆင့် ဒါမှမဟုတ်

အထက်အဆင့်တွေကြည့်ပဲ

တတိယအထပ်က

ခရမ်းရောင်ကဒ်အဖွဲ့ဝင်တွေအတွက်သာ

ဖွင့်လှစ်ထားပါတယ်”

“ခရမ်းရောင်ကဒ်အဖွဲ့ဝင်တွေလား...”

ယန်ယဲ့က “အဲ့ဒါက ဘယ်လိုမျိုးလဲ”

အမျိုးသမီးက “ငါတို့

အင်မော်တယ်လက်နက်ခန်းမမှာ

မဟာအင်မော်တယ်နတ်သလင်းကျောက်

ဒါမှမဟုတ်ရင်

အင်မော်တယ်သလင်းကျောက်

(၁၀၀၀)အကျော် သုံးထားတဲ့သူမျိုးပေါ့”

“အင်မော်တယ်သလင်းကျောက်

တစ်ထောင်အကျော်လား…”

ယန်ယဲ့၏ မျက်ခွံများပင်

တဆတ်ဆတ်လှုပ်ယမ်းသွားသည်။

လက်ရှိသူ့တွင်

အင်မော်တယ်သလင်းကျောက်

(၁၀၀)ကျော်သာရှိခဲ့သည်။ သို့သော်

ခရမ်းရောင်ကဒ် အဖွဲ့ဝင်ဖြစ်ရန်အတွက်

အင်မော်တယ်သလင်းကျောက်

(၁၀၀၀)အကျော်ပင် လိုအပ်သည်။

“အင်မော်တယ်သလင်းကျောက် (၁၀၀၀)

အကျော်”

ဤအချိန်တွင် နှင်းပွင့်က

သူမ၏လက်သည်းလေးများကို

မြှောက်လိုက်ရာ

အင်မော်တယ်သလင်းကျောက်တစ်လုံး

ပေါ်လာသည်။

ထိုနောက် အမျိုးသမီးဆီသို့

ပစ်ပေးလိုက်သည်။

အမျိုးသမီးက နှင်းပွင့်ကို ပြုံးပြပြီး ယန်ယဲ့ကို စိုက်ကြည့်လိုက်သည်။

ယန်ယဲ့က နှင်းပွင့်၏ခေါင်းလေးကို ပွတ်သပ်လိုက်ပြီး ချစ်စဖွယ် ပြုံးပြကာ “တစ်ခုနဲ့ မလုံလောက်ဘူး။ သူမက အလုံးတစ်ထောင်လောက် လိုချင်တယ်ပြောတယ်”

“အလုံး (၁၀၀၀) လား”

နှင်းပွင့်က

သူမ၏လက်သည်းလေးများကို

မြှောက်ပြီး စတင်ရေတွက်လိုက်သည်။

အချိန်သိပ်မကြာလိုက်ဘဲ

မျက်လုံးသေးသေးလေးများ

ပြူးကျယ်လာကာ အမျိုးသမီးကို

မော့ကြည့်ပြီး လက်သည်းလေးများကို

ဝှေ့ယမ်းလိုက်ပါတော့သည်။

အမျိုးသမီးက ယန်ယဲ့ကို စိုက်ကြည့်ကာ
“ဒီအကောင်လေးက
တစ်ခုခုပြောနေတာလား…”
ဟုမေးလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

အမျိုးသမီးက “ဘာပြောတာလဲ…” ဟု
ထပ်မေးပါသည်။

ယန်ယဲ့က သူ့နှာခေါင်းကို ပွတ်သပ်ပြီး
“စိတ်မရှိပါနဲ့ သူပြောတာက
(ဓားပြတိုက်ခိုင်းတာ)” ဟုပြန်ဖြေသည်။

ထိုစကားကြောင့် အမျိုးသမီးက
အံ့အားသင့်သွားသည်။

ဤအချိန်တွင် နှင်းပွင့်က ယန်ယဲ့ကို
စိုက်ကြည့်ကာ လက်သည်းကို
မြှောက်ထားလေသည်။ ဆိုလိုသည်မှာ

အင်မော်တယ်သလင်းကျောက်များမရှိ

သောကြောင့် မည်သို့

ဆက်လုပ်မည်နည်းဟု မေးနေတာပါ။

“နောက်ထပ် ငါတို့ ဘာလုပ်နိုင်မှာလဲ…”

ယန်ယဲ့က အကူအညီမဲ့လေသံဖြင့်

“ငါတို့ထွက်သွားလို့ရတယ်”

နှင်းပွင့်က လက်ညှိုးထိုးပြပြီး

လက်သည်းလေးများကို

ငှေ့ယမ်းလိုက်ပါတော့သည်။

ထိုနေရာထွင် ထူးခြားဆန်းကြယ်သော

နတ်ရတနာတစ်ခုရှိနေ၏။ နှင်းပွင့်က

သူ့ကို ယူခိုင်းနေတာပါ။

ယန်ယဲ့က "ဒါဆို ငါတို့ ဘာလုပ်သင့်လဲ...။

ငွေကြေးအများကြီးမရှိတာ

ငါတို့အပြစ်လား..."

နှင်းပွင့်က မျက်တောင်ခတ်ပြီး

အမျိုးသမီးကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

ယန်ယွဲ့ထံ ပြေးသွားကာ

လက်သည်းလေးများကို

ညင်သာစွာဝှေ့ယမ်းလိုက်ပြန်သည်။

အတင်းအကျပ်ယူခိုင်းနေတာပါ။

နှင်းပွင့်က ယန်ယွဲ့ကို

ဓားပြတိုက်ခိုင်းနေတာဖြစ်သည်။

ယန်ယဲ့က

အတော်လေးခေါင်းကိုက်သွားသည်။

ဤချစ်စဖွယ်အကောင်လေးက

စားပြတိုက်ချင်နေသည်မဟုတ်ပါလား…။

သူကနှင်းပွင့်၏ ခေါင်းလေးကို

ပွတ်သပ်ပြီး “ငါတို့မလုပ်နိုင်ဘူး

နားလည်လား…”

ဤအတောအတွင်း နှင်းပွင့်က သူမ၏

လက်သည်းလေးများကို

အနည်းငယ်ရွှေ့ပြသည်။ သူမက

လုယက်မည့်အစား

ခိုးယူပါဟုပြောလိုက်ခြင်းပင်။ ယန်ယဲ့က

ဘာပြောရမှန်းမသိတော့ပေ။ နှင်းပွင့်က

သူမ၏ လက်သည်းလေးနှစ်ဖက်ကို

ဆုပ်ကာ ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ယန်ယဲ့ ဆုံးဖြတ်ချက်ချဖို့

စောင့်ဆိုင်းနေခြင်းပင်။ ယန်ယဲ့က နှင်းပွင့်၏ဖောင်းကားနေသောပါးလေးနှစ်ဖက်ကို ညင်သာစွာ ဖိညှစ်လိုက်ကာ “ကလေး ငါတို့ ဒါမျိုးလုပ်ဖို့ မလိုအပ်ဘူး။ နာလည်းလား…”

နှင်းပွင့်က တစ်ခုခုထပ်ပြောချင်နေသည်။ သို့သော် ယန်ယဲ့က သူမကို ရင်ခွင်ထဲ ပွေ့ချီကာ ထွက်သွားခဲ့သည်။ သူက နှင်းပွင့်ကို တက်နိုင်သမျှအမြန်ဆုံး

ခေါ်သွားရမည်ဖြစ်သည်။ နှင်းပွင့်က

ရတနာအများအပြားကို

ဆွဲဆောင်နိုင်စွမ်းရှိကြောင်းကို

သိထားလို့ပါ။ အကယ်၍

ထိုအင်မော်တယ်လက်နက်ခန်းမမှ

ရတနာများကို မူလစေတီထဲသို့

ဆွဲယူလာခဲ့လျှင် သူ့အတွက်

သေချာပေါက်

ပြဿနာတက်မည်ဖြစ်သည်။

Translated by NyiNyiSo